www.burmeseclassic.com

# မြည့်စိုးမှုံးပါ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၇၇၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၆၇၀၅၁၂

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | အာကာ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ် (ညာ)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးထွန်းလင်း (ဖိုးဝံ့နိုင်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၁၄၀)၊ (၄၅)လမ်း။ |
| | | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ်၊ မေလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၈၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## ၁

နင်ပေးတဲ့
'လက်ရာပျောက်' ဒဏ်ရာက
'ချုပ်ရိုးပျောက်' ချုပ်ထားတာမို့
ကြည့်ပျော် ရှုပျော် ရှိရဲ့လားကွဲ။

သူမကတော့ သူမနေတတ်သလို သူမဖာသာ သူမနေခြင်းဖြစ်သည်။ ဒီကကောင်ကတော့ ထိုခံစားမှုကို 'လက်ဖက်နှပ်' ဟု နာမည်ပေးထားသည်။ အစွမ်းသတ္တိကတော့ မျက်လုံးကို ပြူးကြောင်ကြောင် ဖြစ်စေသည်။ အိပ်ရေးပျက်စေတတ်သည်။ ချိုသလိုလို ခါးသလိုလိုနှင့် မစားဘဲလည်း မနေနိုင်သော အရသာကိုလည်း ပိုင်သည်။

သူမက ထို'လက်ဖက်နှပ်' ဟု ကျွန်တော် နာမည်ပေးထားသော 'တစ်ဖက်သတ်' ကို ကျွန်တော့်အား ကျွေးမှန်းမသိ ကျွေးခဲ့သည်။ သေချာတာက တော့ မျက်လုံးပြူးတိပြူးကြောင်ဖြင့် အိပ်ရေးပျက်သောညတွေ များမှန်းမသိများ လာခဲ့သည်။ 'လက်ဖက်နှပ်' ၏ အစွမ်းကား မသေးလှပါတကား။



www.burmeseclassic.com

www.burmeseclassic.com



'ဟား တစ်လောကလုံးကို မှောင်မည်းသွားတာပဲ'

'ဘာဖြစ်လို့လဲကွ'

'ဟိုမှာ ကိုကိုမှောင်လာနေပြီ'

ကျွန်တော်အခန်းထဲ ဝင်လိုက်သည်နှင့် သော်တာ့အသံပြကြီးက ဆီးနိုးထွက်ကာလာသည်။ ဘေးမှ 'ငထက်'က ထောက်ပေးသမား။ ကောင်မလေး တချို့က ကျွန်တော့်ကို ပြုံးစိစိဖြင့် ကြည့်သည်။

'အဖြူရောင်လေးနဲ့ ဟပ်နေတာပဲ'

ခုံတစ်လုံးရှေ့မှ မကြားတကြားပြောသော စကားကြောင့် ကျွန်တော့် နှုတ်ခမ်းတို့မှား ချင်ချင်ဖြစ်သည်။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း အဖြူသိပ်ကြိုက်သည်။ အဖြူကြိုက်သော ကျွန်တော့်၏အသားက ငထက်ပြောနေကျ 'အနက်နုရောင်' အသားမှာ ပိုမိုပေါ်လွင်ကာ ပန်ရသွားလေသည်။ (တကယ်ဆို မှန်းကျ ကျွန်တော့်အသားက ခပ်ညိုညို အသားညိုသော်လည်း ကျွန်တော်က အပြစ်အားကြီးဖြောင့်သည်။)

'လာလာ ဖိုးတရုတ် ဒီဘက်ကိုလာ'

'ဟကောင် ကိုဖြူဖွေး ငါ့ဘက်လာ'

www.burmeseclassic.com



သော်တာက သွဘေးမှ လွတ်နေသော ခုံကိုဝင်ထိုင်ရန်ခေါ်သည်။ ထို့နည်းတူ ငထက်ကလည်း သူ့ဘေးမှ လွတ်နေသော ခုံမှာထိုင်ရန်ခေါ်သည်။ အလုအယက် ခေါ်ကြတာက အရေးမကြီး။ တစ်ယောက်တစ်ပေါက် ကျွန်တော့်နာမည်ကို ဖျက်ကာခေါ်သဖြင့် ကောင်မလေးတချို့က 'ခွိး' ခနဲ ရယ်ကြသည်။

'မင်း. . . . . မင်းဘာလဲကွ ဖိုးတရုတ်ကို ဘာ. . . ဖိုးဖြူဖွေးလဲ'

'အောင်မာ. . မာ မင်းလေမင်း ကိုဖြူဖွေးကို ဖိုးတရုတ်ခေါ်တာ'

'ဟ ငါက ဖိုးတရုတ် ခေါ်နေကျလေ'

'အေးငါကလည်း ကိုဖြူဖွေး ခေါ်နေကျလေ'

'ဟကောင်တွေ တော်ကြ. . . . .'

ဗိုက်ရွှဲသော်တာနှင့် ငထက်ပုက ကျွန်တော့်ကို ကြည့်ပြီး စပ်ဖြီးဖြီးဖြင့် သူတို့၏ ငြင်းခုန်မှုကို မရပ်ချင်ရပ်ချင်ဖြင့် ရပ်သည်။ မရပ်ရင်လည်း မကောင်းတော့ ကျွန်တော့်ကိုကြည့်ပြီး ကောင်မလေးများ တခွိးခွိး ရယ်နေကြသည်မို့ ကျွန်တော့်မျက်နှာ ဆီးရှက်သာသာ ကျန်တော့သည်။ ရှက်မိသည်ကိုး။ ရှက်ရှက်နှင့်ထွက်သော ဒေါသကြောင့် ကျွန်တော့်မျက်နှာက ပိုမိုမည်းသွားသည်။ (အသားဖြူသူသာဆို ဒီလိုနေရာမှာ မျက်နှာနီမြန်းသွားလိမ့်မည်)။ ကြည့်ဦးလေ နှစ်ကောင်သားကျွန်တော့်ကို နှိပ်ကွပ်နေကြပုံများ၊ ရစရာကို မရှိ။

တစ်ယောက်က အသားမည်းသည်ဟု ဆို၍ရသော ကျွန်တော့်ကို ရွဲ့တဲ့တဲ့နှင့် ခေါ်လိုက်သည်က 'ဖိုးတရုတ်'တဲ့။

နောက်တစ်ကောင်က ခေါ်လိုက်ပုံကလည်း 'ကိုဖြူဖွေး'ဟူ၏။ ခေါ်သံတွေကလည်း တိုးတိုးလေးမဟုတ်။ ခုနစ်အိမ်ကြား ရှစ်အိမ်ကြားဆိုသော အသံမျိုးဖြစ်သည်။ ဒီတော့ Vocal power အားကောင်းလှသော သကောင့်သားနှစ်ယောက်၏ ငြင်းခုန်မှုက တစ်ခန်းလုံးကို 'mic' မပါဘဲ ကြည်လင်ပြတ်သားစွာ ကြားနေကြသည်ကိုး။

အသံကြားရာဆီ အာရုံစိုက်လာကြတော့ သကောင့်သားနှစ်ကောင် ဝိုင်းညှပ်ကာ ပြောနေသော ကျွန်တော့်ကို တွေ့ကြလိမ့်မည်။ ကျွန်တော့်လို အသားမည်းမည်းကောင်ကို 'ဖိုးတရုတ်' ဟု တစ်မျိုး 'ကိုဖြူဖွေး' ဟု တစ်ဖုံခေါ်ခေါ်နေကြမှန်း သိသောအခါ လူရွှင်တော်တစ်ယောက်၏ 'ပြက်လုံး'တစ်ခုလို အားရပါးရ 'တခွိးခွိး' ဖြင့်ဝိုင်းရယ်ကြသည်။ တခွိးခွိးဟူသောရယ်သံက ရယ်သံ


www.burmeseclassic.com

www.burmeseclassic.com



များထဲတွင် အတော်နားကလောသော ရယ်သံအမျိုးအစား ဖြစ်သည်။ မျက်လုံးကိုမှိတ်ပြီး ထိုရယ်သံ သက်သက်ကိုသာ နားထောင်ပါမူ 'တခွီးခွီး' ဖြင့် ငှက်ပျောသီးတောင်းနေသော တိရစ္ဆာန်ရုံက မျောက်များကို မြင်မိတတ်သေးသည်။

ထို့ကြောင့် ကျွန်တော်က မျောက်ရယ်သံဖြင့် ရယ်နေကြကုန်သော မျောက်မအပေါင်းတို့ကို ဒေါသအလျောက် မကြည်ကြည့်ဖြင့် ပတ်ကြည့်ပစ်လိုက်သည်။ လူရှိန်အောင်ဟု။

'ဟဲ့ ဟဲ့ ကြည့်ကြ ကြည့်ကြ လှည့်လာပြီ အံမယ် အသားလေးက ဒီလောက်ကြီးလည်း မမည်းပါဘူးဟာ သပိတ်နုရောင်လေးပါ'

'အေးဟဲ့ သပိတ်နုရောင်လေး အဟေးဟေး ဟေး'

'ဟီးဟီး ဟီး'

'ခွီးခွီး'

ရယ်သံများကို သုတေသနပြုသူ တစ်ဦးဦးသာ ဤအခန်းထဲကို ရောက်လာလျှင် ဤမျှလောက် စုံလင်လှသော ရယ်သံများကြားဝယ် သွက်သွက်ခါမျှ ရူးသွားနိုင်သည်။ တော်တော်ဆိုးသော ကောင်မလေးများပါပေ။ ကြည့်ဦး။ သူတို့ကို ဟန့်နိုင်လေမလားဟု ဘုကြည့်ဖြင့် ပတ်ကြည့်မိတော့မှ မျက်နှာကို အမိအရ ဝိုင်းကြည့်ကာ နှိပ်ကွပ်ဖြစ်အောင် နှိပ်ကွပ်လိုက်ကြသေးသည်။ လူကို ထူးဆန်းသော သတ္တဝါများ အောက်မေ့နေသည်လားမသိ။ တစ်ယောက်နှင့်တစ်ယောက် အသိပေးလိုက်ပုံက 'ကြည့်ကြ ကြည့်ကြ'တဲ့။ 'ဒီ Section မှာတက်မိတာ မှားပြီလား? 'ဟု ပထမဆုံးအကြိမ် နောင်တရသည်။ မျက်ထောင့်နီဖြင့် ကျွန်တော်ကြည့်မှန်းသိတော့ သကောင့်သားနှစ်ကောင်က သွားကိုယ်စီဖြဲပြသည်။ တကယ်တမ်းကျ သော်တာက အနည်းငယ်ဝကာ ဗိုက်ရွှဲပြီး ငထက်က အရပ်ပုသည်။ (သူတို့လည်း စင်းလုံးချောမဟုတ်)

'အဟဲ မင်းဒီနေ့ နောက်ကျတယ်နော်'

'ဘာလဲ မီးပွိုင့်မိနေလို့လား'

သကောင့်သားနှစ်ကောင် မေးသော တစ်ယောက်တစ်ပေါက် မေးခွန်းတို့ကို ကျွန်တော် မကြားချင်ယောင်ဆောင်ကာ ပြန်မဖြေလိုက်။ ဖြေလည်း ဖြေချင် စိတ်မရှိ။ တစ်နေ့တစ်နေ့ ဒီအသားမည်းသော ကိစ္စနှင့် ပတ်သက်၍ စိတ်ညစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမဝင်လာသည်။ အင်္ဂလိပ် စကားပြောသင်တန်း ဆရာမပီပီ ဝင်လာသည်နှင့်တစ်ပြိုင်နက် အင်္ဂလိပ်လို စပြောသည်။ ပြီးအတော်ကြာ တစ်ချိန်လုံးနီးပါး အင်္ဂလိပ်လို သင်ကြားပြီး သကာလ စာသင်ချိန် ပြီးဆုံးလေသည်။

ဆရာမထွက်သွားသည်နှင့် ကျွန်တော်တို့လည်းထွက်ရန်တာ ဆူကြ၏။

သုံးထပ်မြောက်မှ အောက်ကိုဆင်းရာ လမ်းတစ်လျှောက် ငထက်နှင့် သော်တာ ကတစ်ယောက်တစ်ပေါက် ကျွန်တော့်ကိုနှိပ်ကွပ်လာကြသည်။

'ဟကောင် . . . မင်းကိုငါ အထက်တန်းကျောင်းမှာကတည်းက ဖိုးတရုတ်လို့ ခေါ်လာတာနော် အခုမှ ခေါ်တာမဟုတ်ဘူး'

'ငါလည်း မင်းကို အလယ်တန်းကတည်းက ကိုဖြူဖွေးလို့ ခေါ်လာတယ်ဆိုတာ ပြောပြလိုက်စမ်းပါ ဒီကောင့်ကို'

'မပြီးသေးဘူးလား မင်းတို့ရဲ့ 'တရုတ် . . ဖြူဖွေး' ပြဿနာက ငါတော်တော် တင်းလာပြီနော် မင်းတို့ကောင်တွေ တဖြည်းဖြည်း လွန်လာပြီ'

ကျွန်တော်တမင် ဖြခြောက်လိုက်သည်။ မဟုတ်လျှင်တော်တော်နှင့် ပြီးဆုံးမည်မဟုတ်။ ပေရှည်နေကြဦးမည်။

'စိတ်မဆိုးပါနဲ့ကွာ မင်းစိတ်တိုရင် မင်းပျက်သွားတဲ့မျက်နှာက ပိုပိုမည်းသွားတယ်ကွ'

'ဟကောင် . . . . . . ငထက် သူများအားနည်းချက်ကို သွားမပြောနဲ့လေကွာ သူ့ဖာသာသူအသားမည်းတာ ဘာဖြစ်လဲ မင်းစီးပွားရေးကို တုတ်နေ့တလိ နေလို့လား'

တစ်ယောက်နှင့် တစ်ယောက်ငြင်းချင်ယောင်ဆောင်ကာ နင်ပဲ ငဆပြောကြရင်း ကျွန်တော့်ကိုမျက်စပစ်ပြနေကြမှန်းကျွန်တော်သိပါသည်။ သို့သော် ထုံးစံအတိုင်း မသိချင်ယောင်ဆောင်ကာနေလိုက်သည်။

'ဟကောင် ငြိမ်းချမ်းနိုင် ဘယ်သွားဖို့ အစီအစဉ် ရှိလဲ'

သော်တာက ကျွန်တော့်ကို နှိပ်ကွပ်လို့ဝပြီမို့ 'နာမည်မှန်'ကို ခေါ်ရင်း ဘယ်သွားမည်နည်းဟု မေးသည်။

'ငါ့ဖာသာ ငါ ဘယ်သွားသွားပေါ့ မင်းကိုသံတော်ဦးတင်ရဦးမှာလား'

'အေးလေ ငါနဲ့ ငြိမ်းချမ်းနိုင် ဘယ်သွားသွားမင်းအပူလား'



www.burmeseclassic.com

www.burmeseclassic.com



ထက်ဆိုသော ထက်မောင်က ထိုသို့ လှစ်နေအောင်ပါးသောကောင် ဖြစ်သည်။ လျှပ်တစ်ပြက် သော်တာ့ကို နှိပ်ကွပ်ပြီးကျွန်တော့်ကို ပူးပေါင်းသည်။

'မင်းတို့ကလည်းကွာ ဒီနေ့ ငါ ကားမပါဘူးကွ'

'ဘယ်တုန်းက မင်းကားယူလာဖူးလို့လဲ'

'အေးလေ လိုင်းကား ၂၀/-ပေးစီးနေကျကောင်က'

ကျွန်တော်နှင့်ထက်က နှိပ်ကွပ်သည်မို့ သော်တာ'အဟီး' ဟု ရှက်ရယ်ရယ်သည်။ တကယ်လည်းသော်တာဆိုတဲ့ကောင်က ကြောင်ဖြစ်သည်။ ကိုယ်ပိုင်ကားရှိသော်လည်း တော်တန်ရုံမသုံး။ လိုင်းကားကိုသာ အစီးများသည်။ သူ့ကားကို တော်တော်ကြီးအရေးကြီးမှ သုံးလေ့ရှိသည်။ ဥပမာ- ကောင်မလေး တစ်ယောက်ယောက်ကို လိုက်စတော့မည့် အခါမျိုး။

'နေပါဦး ထက် ငါ့ကျတော့ ပြောပြီး မင်းကရော ကားပါလို့လား'

'ဟင့်ငါ့ကားကဝပ်ရှော့ပို့ ထားတယ်လေ'

'သော်တာကလည်းကွာ ဒီကောင့်ကားက တစ်လလေးခါလောက်မှ ဝပ်ရှော့မသွားရရင် ချောင်းဆိုးနှာစေး ဖြစ်နေတာ မင်းလည်းသိရဲ့သားနဲ့'

ကျွန်တော်ကပါ ရောယောင်ကာ နှိပ်ကွပ်သည်မို့ ဆရာသမားထက်မောင်၏ မျက်နှာက ရှုံ့မဲ့သွားသည်။ တကယ်လည်း ထက်မောင်၏ကားက ရှူနာ ရှိုက်ကုန်းဖြစ်သည်။ ဝပ်ရှော့နှင့် အိမ်ဦးကြမ်းပြင်သွားနေကျ။

'အေးပါ မင်းတို့ ငါ့ကို နှိပ်ကွပ်ထားကြ၊ ထိပေါက်မှ သဘော်ကျကို ဝယ်စီးပစ်လိုက်ဦးမယ် ဟင်း'

ထက်မောင်က မကျေမနပ် ရေရွတ်သည်။ ကျွန်တော်တို့ နှိပ်ကွပ်တိုင်း ဒီကောင်ပြောနေကျစကားပဲ ဖြစ်သည်။

'အေးပါဒီတစ်ပတ် မင်းထိပေါက်မှာ သော်တာရေ ဒီကောင် ဘယ်လောက်ဆုပေါက်မှာပါလိမ့်'

'ကျပ်တစ်သောင်းဆု'

'ခွေးကောင်တွေ'

ကျွန်တော်နှင့် သော်တာ အတိုင်အဖောက်ညီညီပြောသော စကားကြောင့် ထက်မောင်က ရယ်ရင်းခွေးကောင်တွေ ဟု ရေရွတ်သည်။

'ကဲကဲ အဲ့တာတွေ အသာထား ငါ Sliver star ကိုသွားမလို့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြမှာလား'

'Yes'

'လိုက်ဦးမှာ'

ကျွန်တော့်အမေးကို ငထက်နှင့် သော်တာက တစ်ယောက်တစ်ပေါက် ပြန်ဖြေသည်။ လသာဘက်သို့ ကားကို ဦးတည်မောင်းခဲ့သည်။ သကောင်သား နှစ်ကောင်က သီချင်းနားထောင်ရင်း လိုက်ပါလာသည်။

'ငါ့ကားလည်း Air con ပြင်ဦးမှပဲ'

ငထက်ကယောင်ပြီး စကားကျွံထွက်လာသည်။ ဤသည်မှာသူ့အမှား ဖြစ်သည်။

'ပြင်မနေနဲ့ မင်းကားကို ပြတိုက်ထဲ ပို့လိုက်တော့'

'Saloon တွေထဲမှာ အစုတ်ဆုံးလို့ခေါင်းစဉ်တပ်ပြီး တော့'

ကျွန်တော်နှင့်သော်တာက ချက်ချင်းနှိပ်ကွပ်သည်မို့ 'ပြောမိတာကိုတ ငါ့အမှားဟုမကျေမချမ်း ရေရွတ်သည်။ Sliver Star ဆိုင်ခွဲရှေ့မှ ကားပတ် တင်ကို သေသေချာချာ ထိုးရင်း 'ရှူးရှူး' ဟုဟိုကောင်တွေဘက်လှည့်ရင်း ခွေးမောင်းချသလိုလုပ်တော့ သကောင့်သားများက ကျွန်တော့်ကို ဘုကြည့် ကြည့်သည်။

'အကျင့်ကို မကောင်းဘူး နောက်ဒီဘဝထက် မည်းဦးမယ်'

'အာဖရိက လူမည်းထက်ကို မည်းဦးမှာ'

ငထက်နှင့်သော်တာက ထိုသို့တစ်ယောက်တစ်ပေါက်စီ အားရပါးရ ဝိုင်း၍ နှိပ်ကွပ်ကြသည်။ ဒုက္ခအမျိုးမျိုးထဲမှာ အသားမည်းရခြင်းသည်လည်း ဒုက္ခဟု ကျွန်တော်တွေးဖြစ်သည်။

'အဝတ်အစား မက်သလား မမေးနဲ့'

'အသားက မည်းသလောက်'

'ဟကောက်တွေ မဆိုင်တဲ့အပေါက် ဝလိုင်နဲ့ခေါက် မလုပ်နဲ့လေ ငါ့အသားဝါ. အသားမည်းတော့မင်းတို့ ခွေး ဖြစ်သွားမှာမို့လို့လား'

ကျွန်တော်က ထိုသို့ ပက်ပက်စက်စက်ကြီးဆိုတော့မှ သကောင်သား များက ပါးစပ်ပိတ်သည်။ ပါးစပ်ပိတ်တာတောင် သော်တာဆိုတဲ့ကောင်က 'ခွတ် ဝုတ်' ဟုအော်ပြီးမှ ပိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲဝင်ပြီး အကျီတွေ လျှောက်ကြည့်ကြသည်။ သကောင့်သားများ ပြ ကျွန်တော့်နည်းတူ လိုက်ကြည့်ကြသည်။

'တတောင် ဖိုးတရုတ် လက်ရှည်လေးဝယ်နော် လက်မောင်းသားတွေ ပြောကုန်ဦးမယ် သီလား'

သော်တာက ကျွန်တော့်နားကပ်ပြောသည်။ သို့သော် သူ့လေသံက သောမှ စာရေးမ ကြားရအောင် လုံလောက်သည်ဖြစ်ရာ စာရေးမက ကျွန်တော့် တိုကြည့်ရင်း ခိုးရယ်သည်။ တော်တော်ခံရခက်သည် ဖြစ်သော်လည်း သော် တာ့တို ဘာမှခွန်း တုံ့မပြောဖြစ်။ ပေကနေရင်းထိုင်ရင်း ရှည်နေဦးမည်လေ။

'ဟား. . ဒီအရောင်လေးက စိုနေတာပဲ ဟကောင်ဖြူဖွေး ဒီမှာကြည့် ဒီဇိုင်းတလည်း သန့်သလား မမေးနဲ့ မင်းနဲ့ တော်တော်လိုက်မှာ'

နောက်မှနေ လှမ်းပြောသော ငထက်၏ အသံကြောင့် ကျွန်တော်ရော သော်တာပါ လှည့်ကြည့်ဖြစ်ကြသည်။ သော်တာကတော့ ငထက်၏ လက်ထဲမှ အကျီတ အဝါရောင်ကို တောက်ဖဲ့ဆိုသော အစားမျိုးထဲကဖြစ်သည်။ ဖဲစလို ခပ်တောက်တောက်။ အဝါကလည်း နနွင်းမှုန့် ဝါသလိုကို ဝါသည်။ ငထက် မျက်နှာက ပြုံးဖြီးဖြီး ရယ်ချင်စိတ်ကို ဇွတ်အတင်း အောင့်ကာထား သံဖြင့် ပါးစပ်ကိုဇွတ်ပိတ်ထားသည်။ အကျီကိုကိုင်ထားသည်ကလည်း လက်ဖျား လေးနှင့် ကတော်ကိုင် ကိုင်ထားခြင်း ဖြစ်သည်။

ရှက်စိတ်ကြောင့် ကျွန်တော့်မျက်နှာ ရဲသထက်ရဲ (အဲလေ) မည်းသ ထက် မည်းသွားမည်ကားအံမှန်။ သို့သော် ကျွန်တော် ဆတ်ခနဲ ငထက်ကို ကျောခိုင်းပစ်လိုက်သည်။ ဘာမှလည်း ငြင်းခုန်မနေတော့ဟု တစ်ဖက်သို့လှည့် တော့မှ စာရေးမတွေက ကျွန်တော့်ကိုကြည့်ရင်း ရယ်ချင်ပက်ကျိဖြင့် ပါးစပ်ကို လက်ဖြင့် အုပ်ကာ' တအုအု' ဖြင့် အောင့်ထားကြသည်။ မအောင့်နိုင်ရှာသော ဈေးဝယ် ကောင်မလေး တစ်ယောက်က ပါးစပ်ကို လက်တစ်ဖက်ဖြင့်အုပ်ရင်း ကျန်လက် တစ်ဖက်က ဗိုက်ကို နှိပ်ရင်း ရယ်ကာ၊ နောက် ထိုင်ချသည်။ ဗိုက်ကလေးကို လက်ကလေးဖြင့် နှိပ်လို့။

'အို. . .' ဟဲ့ ရယ်ချင်တာကို အောင့်မထားနဲ့လေ'

ကျွန်တော့်ဘေးမှ သော်တာက ဝါရင့် ကတော် တစ်ယောက် ဈေး သီးဆေးပြားရောင်းရင်း လှမ်းပြောသလိုမျိုး ကတော်ဟန် ကတော်သံဖြင့် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသောအခါ ထိုကောင်မလေးခမျာ လုံးလုံးမအော်နိုင်တော့ အားရပါးရကြီး ကို ရယ်တော့သည်။ သူမဘေးက သူငယ်ချင်းတစ်ယောက်ကတော့ အားနာဟန်ဖြင့် ကျွန်တော့်ကိုလှမ်းကြည့်သည်။

ထိုလှမ်းကြည့်သော အကြည့်နှင့် ဆုံသောခဏ ကျွန်တော် ရှိန်းရှိန်း ဖိန်းဖိန်းကြီး ဖြစ်လို့သွားသည်။ အားပါးပါး။ လှလိုက်သည့်ကောင်မလေး။ ကမ္ဘာပေါ်မှာ ဒီလောက်လှသော ကောင်မလေး ရှိနေပါလားဟု ကျွန်တော်အံ့ အားသင့်သွားရသည်။ ထိုကောင်မလေးက သူမ၏ သူငယ်ချင်း အရယ်သန် သော ကောင်မလေးကို စကားတိုးတိုးလေးပြောရင်း ဆွဲခေါ်သွားသည်။ ထိုနှစ် ယောက်အနက် ကျန်တစ်ယောက်ကို ကျွန်တော်မမြင်တော့။

ကျွန်တော် မြင်သည်က ပက်ပက်စက်စက် (သွက်သွက်ခါအောင်) လှနေပါသော ကောင်မလေး။ နှစ်ဆယ်နှင့် တစ်နှစ်လုံးလုံး အိပ်ငိုက်နေခဲ့ သော ကျွန်တော် မောင်ငြိမ်းချမ်းနိုင်၏ နှလုံးက တဒိန်းဒိန်းဖြင့် ရထားမောင်း သံလို. . . . . . . . .။

'ငါ့ကောင် စိတ်ထိန်း စိတ်ထိန်း'

'တောက် ငါ့မျက်နှာကို ဓါးနဲ့ လှီးပစ်ချင်တယ်၊ ရှက်စရာကြီး ဒီလောက်ထိတောင် လိုက်ငမ်းနေတယ်'

တစ်ယောက်တစ်ပေါက်ဖြင့် သကောင့်သားနှစ်ကောင် ကျွန်တော့်ကို ခပ်တိုးတိုး နှိပ်ကွပ်နေချိန်မှာ ကောင်မလေးနှစ်ယောက်က Model အတော် မြင့်သော MARK II ကားပေါ်သို့ တက်နေကြပြီလေ။

'ကိုတရုတ်'

'ကိုဖြူဖွေး စိတ်ထိန်း စိတ်ကိုထိန်းထားစမ်းပါ'

ငထက်နှင့်သော်တာက တစ်ဖက် တစ်ချက်မှ နေရင်း ကျွန်တော့်ကို လှုပ်ကာလှုပ်ကာ စနေကြသည်။ ဇာရေးမလေးများကလည်း ပြုံးစိစိဖြင့် ကြည့် နေကြသည်မို့ ကျွန်တော်ရှက်ရှက်ဖြင့် သကောင့်သားနှစ်ကောင်ကို 'ဖယ်ဖယ်' ဟု တွန်းဖယ်ရင်း အင်္ကျီဘောင်းဘီများဆီ အာရုံရော အကြည့်ပါပို့လိုက်သည်။

ထိုနေ့က အချစ်ကြောင့်ခုန်သော ရင်ခုန်မှုတစ်ခုကို ကျွန်တော့်ဘဝ မှာ ပထမဆုံးသော အကြိမ်အဖြစ်တွေ့ရှိခဲ့လေသည်။

ကျွန်တော့်ရင်ခုန်မှုက အင်မတန်လှပသော ကောင်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



သောတ်ဖြစ်သည်။

ကျွန်တော်ထိုရင်ခုန်မှုကို ကံကောင်းမှု တစ်ခုဟု သတ်မှတ်သည်။

ကံဆိုးမှုကတော့ သူမဘယ်သူဘယ်ဝါမှန်းမသိခြင်းနှင့် ဘယ်မှာနေမှန်းမသိခြင်းပင်။ နေရပ်လိပ်စာမသိသော ထိုအချစ်ကို တစ်ကြိမ်တစ်ခါတည်းနှင့် ရင်ဘတ်ထဲစွဲနေအောင် ကျွန်တော်မှတ်မိသွားသည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့က တစ်နေကုန် ကျွန်တော် (ဘာကြောင့်မှန်းမသိ) ရွှင်မြူးနေခဲ့သည်ကား အမှန်။

အချစ်သည် ထိုသို့ ရွှင်မြူးစေတတ်သည့်ဘာန်ခိုး ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်း၏ တတိယမြောက်ရက်မှာ သင်တန်းအခန်းထဲဝင်လာသော ပုံရိပ်ကြောင့် ကြိုရောက်နေကြသောသူအချို့ တိတ်ဆိတ်သွားသည်။ ထိုတိတ် ဆိတ်မှုကြောင့် ကျွန်တော်တို့သုံးကောင်လည်း အပေါက်ဝဆီ ကြည့်ဖြစ်သည်။

'ဒိန်း' ခနဲ အေးသွားသော ကျွန်တော်၏ရင်ဘတ်။ အားနာတတ်သော ကောင်မလေး။ တစ်လှမ်းချင်းဝင်လာသော သူမ၏ ဘေးမှ အရယ်သန်သော ဟိုတစ်နေ့က ကောင်မလေး။

'ဟား. . . . . ငါ့ကောင်တော့ ကံကောင်းပြန်ပြီ'

သော်တာက ကျွန်တော့်ကို တံတောင်ဖြင့် တွက်ရင်း ပြောသည်။ သူမက သတိလက်လွတ်ကြီးငေးနေသော ကျွန်တော့်ကို ဖျပ်ခနဲ ကြည့်သည်။ သူမ၏ထို ဖျပ်ခနဲ အကြည့်တစ်ချက်မှာ ကျွန်တော်၏ရှိရှိသမျှ ကိုယ်တွင်းအာ စိတ်အပိုင်းတို့ ရပ်တန့်သွားသလား အောက်မေ့ရလောက်အောင် ကျွန်တော် မင်သက်သွားရသည်။ ပြန်လည်ကာ တွေ့ရှိရန်အတွက် ထင်မှတ်မထားသော ကျွန်တော်၏ရင်ခုန်မှု။ ကံကောင်းစွာပင် ကျွန်တော့်ရှေ့မှ ကောင်မလေးတ



www.burmeseclassic.com

www.burmeseclassic.com



သူမကို လထ်လှမ်းပြသည်။ သူမကလက်ပြန်ပြသည်။

'ဖြူစံပယ်ရယ် နင်တို့နှစ်ယောက်ကတော့လေ အစားနောက်ကျ အသွားနောက်ကျ'

'နှစ်ရက်တည်းပါဟဲ့'

ရှေ့ခုံမှာဝင်ထိုင်သော သူမတို့ကို ထိုခုံရှေ့မှ ကောင်မလေးက ဆီးကြို တာရန်တွေ့သည်။ အရယ်သန်သောကောင်မလေး၏ အမည်ကို ဖြူစံပယ်ဟု သိလိုက်ရသည်။ သူမကရော၊ ကျွန်တော်၏ သိချင်စိတ်က ကြီးလွန်းလှသည်။

'မိုးဟောမာန် နင်ဖြူစံပယ့်ကို စောင့်နေရတာ မဟုတ်လား'

'သိတဲ့အတိုင်းပဲ ထွေးမာရေ'

အသားကုန်နားစွင့်နေသော ကျွန်တော်၏နားက သူမကိုဦးတည်ခေါ် လိုက်သော 'မိုးဟောမာန်' ဆိုသည့်နာမည်ကိုကြားသည့်ခဏ ရင်၌အတိုင်းအဆ မရှိ နွေးထွေးသွားရသည်၊ 'မိုးဟောမာန်' တဲ့။ လှပသောနာမည်။ 'သိတဲ့အတိုင်း ပဲ ထွေးမာရေ' ဟု တုံ့ပြန်လိုက်သော သူမ၏ အသံကလေးကလည်း ကရဝိက် ၏အသံလေလားဟု ထင်မှတ်မှားရအောင် နားဝင်ချိုလေသည်။

'ငါ့ကောင်ကြီးတော့ ဒီကရှေ့သင်တန်းရက်ပျက်မှာ မပူရတော့ဘူး'

'အေး နေ့တိုင်းအစောကြီးရောက်ရောက်နေမှာမြင်ယောင်သေးတော့'

ထေက်နှင့် သော်တာတို့၏ အသံကို မကြားချင်ယောင်ဆောင်ကာ နေလိုက်၏။ ဤမျှတန်ဖိုးကြီးလှသော အဖိုးတန်လှသော အချိန်တို့ကို ကျက်သ ရေ တုံးကောင်များနှင့် ငြင်းခုန်ရင်း အကုန်ဆုံးမခံနိုင်ပါ။

'ဘဲဥ. . . . . . . ကို တဲ့ ကျီးကန်းချီ ဖြစ်တော့မှာပဲ'

'ဟကောင် သော်တာ မင်းသူ့တစ်ဖက်သားစိတ်ဓါတ်ကျအောင် ဘွာ. . ဒီကောင့်အသားက အဲသလောက်ထိ မမည်းပါဘူးကွ အသားစတော စတနဲ့ အများသဘောကျမဲ့ကောင်'

သော်တာနှင့် ထေက်တို့ပြောသောစကားကို ကျွန်တော်မကြား တစ်ချက် ကြားတစ်ချက်။ ကျွန်တော့်နားဝယ် ကြားနေသည်က 'မိုးဟောမာန်' လေး၏ အသံ။

'ဒါဆို ဒီသင်တန်းပြီးရင် ဒဂုံစင်တာသွားရအောင်'

'It's Great idea!'



www.burmeseclassic.com

www.burmeseclassic.com



'Very Good'

အင်္ဂလိပ်စာသင်တန်းချိန်မို့ တတ်သမျှ မှတ်သမျှလေးတွေနှင့် သူမ၏ ဘော်ဒါများက ထောက်ခံကြသည်။ သူမက လက်မကိုထောင်က သူမ၏ ဘော်ဒါများကို ကျေနပ်သွားဟန်ပြသည်။ သူမ၏ လက်မမှာ ပလက်တီနမ် (ဟုယူဆရသော) လက်စွပ် မောင်းကွင်းလေး ဝတ်ထားသည်။ သူမ၏ လက်မ တလုံးနှင့်အလိုက်အလွန်လှပါသည်။ ဖယောင်းသားလိုနူးညံ့ပုံလည်းရပါသည်။

(ဘာကြောင့်မှန်းမသိ သူမကသာခွင့်ပြုသည်ဆိုပါစို့ သူမ၏လက်မကိုခပ်ဖွဖွလေးကိုက်ကြည့်ချင်ပါသည်။ အဲ. . ထိုထက်ပို၍ခွင့်ပြုမည်ဆိုပါလျှင် သူမ၏နှုတ်ခမ်းဖူးဖူးရွှရွှလေးကို လည်းခပ်ဖွဖွ. . . . )

သူမသည် ဝသောပိန်သော ပြစ်ချက်တို့မှလွတ်ကင်းသော ကိုယ်ခန္ဓာ အမျိုးအစားကို ပိုင်ဆိုင်ပါသည်။ (သူမကသာ စိတ်ကူးပေါက်ပြီး ခွင့်ပြုမည် ဆိုလျှင် ထိုကိုယ်လုံးကိုလည်း ခပ်ဖွဖွ ဖက်ထားချင်ပါသေးသည်။)

ထို့ပြင်သူမကဖြူလွန်း မည်းလွန်းသောပြစ်ချက် ပုလွန်းရှည်လွန်း သော ပြစ်ချက်စသော ပြစ်ချက်တို့မှလည်း ကွင်းလုံးကျွတ်လွတ်ကင်းသည် ဖြစ်ရာ ကျွန်တော်၏ အမြင်တွင် သူမသည် (သွက်သွက်ခါအောင်) လှလေ သည်။ အကယ်၍ မိုနာလီဇာသာအရှင်လတ်လတ်ကြီး (ပန်းချီကားအတိုင်း) နေထိုင်စွာရှိနေဦးမည်ဆိုလျှင်တောင်မှ သူမကိုမြင်သည်နှင့်ငါ့ထက်လှသူ ၍ဇမ္ဗူ ဝယ်ရှိနေသေးတော့ သကိုးဟု မြန်မာလိုပီပီသသကြီး ရွတ်ပြီးရင်ဘတ် Drum တီးကာ ကြုံကြုံပါအောင်ငိုသွားပေလိမ့်မည်။ ကိုးရိုးယားမင်းသမီးများသာ သူမကိုတွေ့လျှင် ကျွန်တော့်၏ ဒု-တ-စ. . . . ကြင်ယာများဖြစ်ချင်လောက် အောင် စိတ်ညစ်သွားနိုင်သည်။ သူမသည် အထက်ကဆိုခဲ့သည်များထက်ပင် ပို၍လှပါသည် ထိုသွက်သွက်ခါအောင်လှသောသူမကို ကြည့်ရင်းမှ ကျွန်တော် ၏ ရင်ဘတ်တို့သည် သွက်သွက်ခါအောင်ခုန်ခဲ့ပါသည်။

ထိုသင်တန်းပြီးသည်အထိ ကျွန်တော်လုပ်သော အလုပ်မှာ သူမအား မှတ်တောင်မခတ် ခိုးကြည့်ခြင်းဖြစ်သည်။ လောကနီတိထဲက အဆိုအတိုင်း ကျွန်တော်၏ မျက်လုံးတို့ကို ချစ်သောသူကို ကြည့်ခြင်း၌ တင်းတိမ်ရောင့်ရဲ နိုင်ခြင်းအလျဉ်းမရှိသည်ဖြစ်၍ ကြည့်မဝ ရှုမဝ ဖြစ်လာပါသည်။

သင်တန်း ပြီးလျှင် ပြီးလျှင် သူမတို့ ဒဂုံစင်တာကို သွားမည်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



Spy နားနှင့် တူသော ကျွန်တော့်နားက မမေ့မလျော့ မပေါ့သော သတိဖြင့် ကျွန်တော် တောင်းတောင်းကြီး မှတ်မိနေပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဒဂုံစင်တာသို့ သွားရန် လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

'ဟကောင် ဟကောင် ကိုယ်နဲ့စိတ် ကင်းနေပြီလား'

'ရှာသာကြီးကိုများ မျက်စောင်းထိုးနေသလားမသိဘူး'

'ရှူး'

တစ်ယောက်တစ်ပေါက် ပြောနေကြ နှိပ်ကွပ်နေကြသော သာလိကာမသားများကို ကျွန်တော်က 'ရှူး' ဟု နှုတ်ခမ်းပေါ် လက်ညှိုးတင်ရင်း ဟန့်သည်။

'ဟကောင်တွေ ငါ ဒဂုံစင်တာကို သွားမလို့ လိုက်မယ်ဆိုရင် မင်းတို့ပါးစပ်တွေ ပိတ်၊ အသိတရားရှိရှိ၊ အလိုက်သိသိနဲ့ တိတ်တိတ်လေး လိုက်ခဲ့ကြ'

ကျွန်တော် ထိုသို့ ခပ်တည်တည် ဆိုသောအခါ သကော်င့်သားများကလည်း ရိုသေချင်ယောင် ဆောင်ကာ ကျွန်တော့် နောက်မှနေ၍ ခပ်ကုပ်ကုပ်လေး လိုက်ခဲ့ကြသည်။

ထုံးစံအတိုင်း နှစ်ကောင်လုံး ကားပါမလာကြသည်မို့ ကျွန်တော့်ကားနှင့်လိုက်ကြမှာပဲဖြစ်သည်။ ကျွန်တော်ရင်ခုန်နေဆဲ စိတ်ကလည်း လှုပ်ရှားနေဆဲဖြစ်သည်။

သူမက ကားကို ကျင်လည်စွာ ပတ်ကင်ထိုးထားရာမှ မောင်းထွက်သွားသည်။ ကျွန်တော်က မသိမသာ နောက်မှ ကပ်လိုက်သည်။ သူမကတော့ ထိုအချင်းအရာတို့ကို သိမည်မထင်။ ကျွန်တော်၏ မာစီးဒီးကို သကောင့်သားများက အမျိုးမျိုး ချီးမွမ်းခန်းဖွင့်ကာ လိုက်ပါလာကြသည်။ နားငြီးသော်လည်း ဘာမှပြောခွင့်မရှိသည်မို့ ဘာမှမပြောဘဲနေလိုက်သည်။

'ဖိုးတရုတ် မင်းကောင်မလေးဇ္ဘားက စံပယ်လေးက စားတယ်ကွ'

'ဟုတ်တယ် တစ်နေ့တစ်နေ့ စားလွန်းလို့ ပြောပြောနေရတယ်'

'ဟ မင်းက လိုင်းမပူးနဲ့လေ၊ မင်းကောင်မလေးကိုပဲ မင်းအာရုံစိုက်လေ၊ အာရုံတွေ မများစမ်းပါနဲ့'

သော်တာပြောသော 'မင်းကောင်မလေး' ဆိုသော စကားလုံးက ရင်ကို ချိုမြိန်စွာ ထိရှစေသည်။ တော်တော်ကြီးကို နားဝင်ချိုသည်။



www.burmeseclassic.com

www.burmeseclassic.com


'ငါက အာရုံ မများပါဘူး၊ ဒါပေမယ့် စံပယ်က အာရုံ လာနှောက်မယ် ဆိုရင်တောင် ငါက 'မျိုး' မှ 'မျိုး'ပဲ ငါက ငါ့အချစ်ကို အဲသလိုတန်ဖိုးထားတာကွ'

ခပ်ကြွားကြွားပြောသော ကျွန်တော့်စကားကြောင့် သော်တာက မျက်နှာရှုံ့တွသွားသည်။ 'အသားမည်းသလောက်၊ လေက မလျှော့ဘူး' ဟု မဆီမဆိုင် ထေက်က နှိပ်ကွပ်သည်။

'အဟဲ မင်းတို့က ကိုယ်စီ ကိုယ်စီ ရင်ဖွင့်နေကြတော့ ငါကလည်း ဖွင့်ရသေးတာပေါ့'

'ဟကောင် Air con ဖွင့်ထားတယ်လေ၊ တံခါးဖွင့်စရာ မလိုဘူးကွ၊ ရွှာသားရ'

ကျွန်တော်၏ နှိပ်ကွပ်မှုကြောင့် ထေက်က သော်တာ့ကို 'ဘယ်လိုလဲ' ဟု စစ်ကူတောင်းရင်း လှမ်းကြည့်သည်။

'အေး ဘာတဲ့ ထွေးမာ ဟုတ်လား၊ သူ့ကို ပြောထားလိုက်၊ ငါ့ရင်ထဲမှာ စံပယ်ရှိပြီးသားလို့၊ အဲဒါ ဟိုကွာ ငါ့ကို မျှော်လင့်လို့ မရတော့ပေမယ့် ဘေးမှာ မင်းက ပခုံးကောင်းကောင်းနဲ့'

'ခွေးကောင် . . . တော်တော့'

သော်တာ၏ စကားကို ထေက်က မျက်နှာ ခပ်ထန်ထန်ဖြင့် ခပ်ဆောင့်ဆောင့်တားသည်။

'မင်းလည်း ဟို ဖြူဖွေးဆိုတဲ့ကောင်နဲ့ တစ်ကြောတည်းပဲ၊ လေကို ကြီးတယ်'

ထေက်က သော်တာ့ကို မကျေနပ်ရာမှ ကျွန်တော့်ကိုပါ ဆွဲထည့်ရင်း ဝါးလုံးရှည်နှင့် သိမ်းရိုက်သည်။ သော်တာက ကိုးရိုးယား ကားထဲမှ ဗီလိန်လို 'ဟက်' ခနဲ ရယ်သည်။

'မှန်လွန်းတော့ နာ' ဆိုလားဘာဆိုလား၊ စိတ်ချပါကွာ၊ ငါပြော ထားပြီးသားပဲ၊ သူက ဇွတ်ဆိုရင်တောင်မှ ငါက'

'တော်ပါတော့ ဆိုကွာ ဒီစကားကို သွားရည်ကျလုမတတ် ပြောနေလိုက်တာ၊ ရှိုးထဲမှာပဲ'

ထေက်က စိတ်တိုတိုဖြင့် ဆိုသည်။ သော်တာက တဟားဟားဖြင့်


www.burmeseclassic.com

ရယ်သည်၊ ကျွန်တော်ကတော့ ကားကို မောင်းရင်းပြုံးရုံသာ ပြုံးဖြစ်သည်။

ဒဂုံစင်တာသို့ ကျွန်တော်ရောက်ချိန်မှာ သူမတို့က ကားပတ်ကင်ကို ထိုးမြစ်သည်၊ မလှမ်းကမ်းမှာ ပါကင်ထိုးသော ကျွန်တော့်ကို မြင်သော စံပယ်မြူက သူမကို တံတောင်ဖြင့် တွက်ရင်း တစ်ခုခု ပြောနေတာကို မြင်လိုက်ရသည်၊ သူမက 'လှစ်'ခနဲ တစ်ချက်ကြည့်သည်။ ကျွန်တော့်အကြည့်နှင့် သူမအကြည့်တို့ဆုံသည်။ ကျွန်တော့် ရင်ဘတ်တွေကတော့ ဝုန်းဒိုင်း ကျဲလျက်။ သူမကတော့ ခပ်အေးအေးပင် တစ်ချက်ကြည့်ပြီး ဘာမှ မဖြစ်လိုက်သလိုမျိုး၊ အကြည့်ကို (သက်သောင့် သက်သာပင်) လွှဲသွားသည်။ ကျွန်တော့်ရင်မှာ တျင်ခနဲ၊ တကယ်တော့ ရှက်ကိုး ရှက်ကန်း ပုံစံလေးပဲဖြစ်ဖြစ်၊ မကျေနပ် သည့် အမူအရာလေးပဲ ဖြစ်ဖြစ် ရှိနေသင့်သည်။ ယခုတော့ ကျွန်တော့်အပေါ် ဝယ် ဘယ်လိုမှ မနေသော ဘာမှ မခံစားရသော အကြည့်ကိုသာ တုံ့ပြန်သွားခဲ့သည်၊ ဒါကို ကြည့်ခြင်းအားဖြင့် သူမအား ကျွန်တော်သည် နည်းနည်းလေးသော်မှ လှုပ်ရှားလာအောင် (သို့ ) သတိထားမိလာအောင် လုပ်နိုင်စွမ်း မရှိမှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်ရသည်။

ကားပေါ်မှ မဆင်းသေးသော ကျွန်တော့်ကို ဆင်းနှင့်ပြီးဖြစ်သော ငထက်နှင့် သော်တာက မျက်မှောင် ကုပ်ကာ ကြည့်သည်။

'ဟကောင် မဆင်းတော့ဘူးလား'

သော်တာ့အသံကြားရပြီး ကျွန်တော် ကားပေါ်မှ မဆင်းချင် ဆင်းချင်နှင့် ဆင်းသည်။

'စိတ်မပျက်ပါနှင့် စိတ်ပျက်လျှင်လည်း စိတ်ပျက်ပျက်ဖြင့် ဆက်လုပ်ပါ' ဟူသော ဆိုရိုးစကားတစ်ခုကို ကျွန်တော် ကြားဖူးသည်။ သူမနှင့် ပတ်သတ်၍ ဤမျှသော ဘာမှ မဟုတ်သည့် အဖြစ်အပျက်လေးကိုပင် အသည်းအသန် ခံစားနေရသော ကျွန်တော့်အဖို့ စိတ်ပျက်သွားခဲ့သည်ကား အမှန်။ သို့သော် စိတ်ပျက်ပျက်နှင့် ပဲ ဆက်လှုပ်ရှားမည်' ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းလိုက် သည်။

အရေးကြီးသော 'အလုပ်တစ်ခုအတွက် အချိန်ကြာကြာပေးနိုင် မည်၊ သူမ၏အချစ်ကိုရနိုင်ဖို့ဆိုတာ သိပ်လွယ်လွန်းနေပြန်လျှင်လည်း မကောင်း။ ကြီးကြီးမားမား လိုချင်ပါက များများစားစား ပေးဆပ်ရမည်ဆိုတာ

www.burmeseclassic.com



ကျွန်တော် ကောင်းကောင်း သိထားသည်။

သူမတို့က ပထမထပ်ကို စက်လှေကားဖြင့် တက်သွားတာ သူ လှမ်းမြင်လိုက်ရသည်။ သော်တာနှင့် ငထက်က ကျွန်တော့်ကို ကြည့်သည်။

'ဘယ်လိုလဲ လိုက်မှာလား' ဆိုသည့်သဘော။ ကျွန်တော် ဘာမှမတုံ့ပြန်။ အရှေ့သို့သာ ဦးတည်ရင်း လှမ်းသည်။ စက်လှေကားဖြင့် တက်ခဲ့ပြီး သူမတို့ သွားရာဘက်ကြည့်တော့ အဝတ်အစားဆိုင် တစ်ဆိုင်ထဲ တောင်ငေးမြောက်ငေးဖြင့် ဝင်သွားသည်။ 'မ' သဘာဝ အဝတ်အစား အသစ်အဆန်းများ ဝယ်လိုကြဟန်တူသည်။

'ငါတို့ J' Donuts ထဲ တစ်ခုခု ဝင်သောက်ရအောင်'

'အေး လိုက်သွားလို့ မကောင်းဘူး၊ သူတို့က ဘာဝယ်နေမှန်းမသိ၊ ဘာမသိနဲ့'

မြန်မြန်တော့ သူမတို့ ထွက်မသွားလောက်သေးဟု တွက်ဆရင်း J' Donuts ထဲ ကျွန်တော်တို့ ဝင်ခဲ့ကြသည်။ ဆိုင်ထဲမှ ရောင်စုံ ကောင်မကလေးများကို သကောင့်သား နှစ်ယောက်က မျက်စိစားပွဲ ထိုင်နေသည်။ ကျွန်တော်ကတော့ ဒဏ်ပေးခံရသူတစ်ယောက်လို သူမတို့ကိုသာ စောင့်ကြည့်ရင်း။

'ဟော ထွက်လာပြီ'

ကျွန်တော့်အသံကြောင့် ငထက်နှင့် သော်တာက သူမတို့လာရာဘက်ကို လှမ်းကြည့်သည်။ သူမတို့ လက်ထဲ၌ တစ်ယောက်လျှင် တစ်အိတ်တျှနှုန်းဖြင့် အိတ်ကလေးတွေ ကိုယ်စီဆွဲရင်း J' Donuts ထဲဆီ ဦးတည်ရင်း လာနေကြသည်။

'ဒီကို လာနေတာကွ'

ငထက်က ဟန်တစ်လုံး ပန်တစ်လုံးဖြင့် ထိန်းရင်း ခပ်တိုးတိုးဆိုသည်။ ကျွန်တော်ရော သော်တာပါ မသိမသာ ခေါင်းညိတ်လိုက်ရင်း Ice Coffee ကို တစ်ငုံသောက်ဖြစ်သည်။ ရင်ကလည်း အလိုက်ကန်းဆိုးမသိ ဗူနေခဲ့သည် ကိုး။

ကျွန်တော်တို့ကို ထွေးမာက မြင်သွားသည်။ သူမက ဘေးတစ်ချက် တစ်ချက်မှ ဖြူစံပယ်နှင့် ကျွန်တော်၏ မျိုးဟေမာန်တို့ကို တံတောင်ဖြင့် တွတ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း ဝါးစပ်လှုပ်တာ သတင်းပေးသည်။ ကျွန်တော်တို့ ရှိတယ်ဟူသော စကား လုံးမျိုး ဖြစ်မည်မှန်း မှန်းဆသိသည်။

သူမတို့က မုန့်ကောင့်တာမှ မုန့်တို့ကို လက်ညှိုးထိုးနေတာ မြင်နေရသည် ဝန်ထမ်းက မုန့်တွေကို စီစဉ်ပေးနေတာကိုလည်း မြင်နေရသည်။ သူမက တစ်တောင်လောက်ရှိသော ဘေးလွတ်အိတ်ကို ဖွင့်ကာ ငွေရှင်းပေးသည်။ စံပယ်နှင့် ထွေးမာကတော့ လွတ်စားပွဲသာရှိတော့သော ကျွန်တော်တို့နှင့် ကျောချင်းကပ် စားပွဲကို ဗန်းလေးတွေကိုင်ကာ လာနှင့်သည်။

ထွေးမာကတော့ အနည်းငယ် မျက်မှန်းတန်းမိနေပြီမို့ ကျွန်တော်တို့ အားလုံးကို ဝေ့ကြည့်ရင်း ပြုံးပြသွားသည်။ ကျွန်တော်တို့အားလုံးကလည်း ပြန်ပြုံးပြကြသည်။ ထိုအထဲမှ ငထက်၏ အပြုံးကား အပေါ်လွင်ဆုံး။ ပေါ်လွင်ဆို သူ့အနေနှင့်ကလည်း အင်မတန် အင်မတန် ကျေနပ်စရာ ကောင်းသည် တိုး။ တမ္ဘာဦးအစကတည်းက ယောကျ်ားတိုင်း ကိုယ်ချစ်ရသူ၏ အသိအမှတ်ပြု အပြုံးလေးတစ်ပွင့်ကို အံတိုင်းထက်အလွန် ကျေကျေနပ်နပ် လိုချင်ကြသည် ချည်းသာ။

ကျွန်တော်က စိတ်ထဲမှာ မျိုးဟုခေါ်ထားသော 'မျိုးဟေမာန်' ကတော့ တောင်တာမှ ပြန်အမ်းငွေကို သူမ၏ တစ်တောင်လောက်ရှိသော အိတ်ထဲ ထည့်ရင်း ထွေးမာတို့ စံပယ်တို့ ခုံရှိရာကိုလျှောက်သည်။ ကျွန်တော့်ဘေးမှ ဖြတ်သွားသော်လည်း ယောင်လို့မှပင် မကြည့်ခဲ့။ သူမဘေးက ဖြတ်သွားချိန် ရသော အမျိုးအမည်မသိ ရေမွှေးနံ့က ရင်ထဲထိ စွဲကျန်သည်။ ကျွန်တော်နှင့် သော်တာက သူမတို့ဝိုင်းကို ကျောအပေးလိုက်။ ငထက်ကတော့ မျက်နှာချင်း ဆိုင်၊ လှည့်ကြည့်လျှင် မကောင်းတတ်သည်မို့ လှည့်မကြည့်သော်လည်း ငထက် နှင့် မျက်နှာချင်းဆိုင်မှာ ထွေးမာ ရှိမည်ဟု တွက်ဆ၍ ရသည်။

အဘယ်ကြောင့်ဆိုသော် သကောင့်သားက ချစ်သူ (ချစ်ရသည့်သူ) နှင့်တွေ့လျှင် ဖြစ်လေ့ဖြစ်ထရှိသော ယောကျ်ားတို့၏ ဂုဏ်မောက်မှု (ဝါ) ခပ်ရှိန်းရှိန်းဖြင့် ခိုးခိုးကြည့်နေမှုကြောင့် ဖြစ်သည်။ ကြည့်ရင်းနှင့်မှ ဒီကောင်ကို အဖြစ်သည်းလွန်းနေ၍ နှိပ်ကွပ်ချင်လေသည်။

'သော်တာနော် မင်းတော်တော် အပြောရခက်တဲ့ကောင် Ice Caf- fee သောက်ရင် ဘယ်တော့မှ မကုန်ဘူး၊ ငုံငုံလာပြီး အပြင်ရောက်မှ ထွေးပစ်



www.burmeseclassic.com

www.burmeseclassic.com



တာ ဘာအကျင့်လဲ မသိဘူး၊ ဒီတစ်ခါ အဲ့ဒီလို ငုံလာပြီး အပြင်ရောက်မှ မထွေးနဲ့'

ကျွန်တော့်အသံ သူမတို့ ကြားရလောက်အောင် လုံလောက်စွာ ကျယ်သည်မို့ သူမတို့ ကြားမည်ထင်သည်။ ဘုမသိ ဘမသိ အပြောခံလိုက်ရသော သော်တာက ပထမတော့ ကြောင်သွားသည်။ သို့သော် အကြာကြီးတော့ မကြောင်၊ ချက်ချင်းဆိုသလို မျက်နှာက လင်းခနဲ ဖြစ်သည်။ သူဘာကို ပြောရမည် ဆိုတာကို ကောင်းကောင်းသိသည်လေ။

'ထွေးမာ ထွေးတော့ ဘာဖြစ်လဲ'

'ထွေးမာ' ဆိုသော အသံက သာမန် ပြောရိုး ပြောစဉ် 'ထွေးမာ'နှင့် သိပ်မကွာလှ။ တမင် ဟထိုးအသံကို ဖျောက်ထားသည်ကိုး။ ငထက်ကတော့ 'ပြဿနာရှာကြပြီ' ဟု ကျွန်တော်တို့နှစ်ယောက်ကို အသနားခံကြည့်ဖြင့် ကြည့်သည်။

'မထွေးနဲ့လို့ ငါပြောနေတယ်နော်'

'ထွေးမာ ထွေးမာ ဆိုမှ ထွေးမာ ထွေးဦးမှာ'

'အဲဒီ ထွေးမာဆိုတာကြီးကို ငါမကြားချင်ဘူးနော် ဟကောင်'

'ထွေးမာပဲ ထွေးမှာပဲ'

ငထက် မျက်နှာသေးငယ်သွားလေလေ၊ ကျွန်တော်နှင့် သော်တာက သွက်လေလေ။

'ထွေးမာပဲ ထွေးမာလို့ဆို'

'ငါအဲဒီ ထွေးမာဆိုတာကို မလိုချင်ဘူး 'ဟူး ဟူး ဟူး''

'ဒီမှာ'

ကျောမှ ကပ်ကာ အော်လိုက်သံကြောင့် ကျွန်တော်၏ ဘူးက ဟူးဟူး သံပါ ပါသွားသည်။ လန့်သွားသည်ကိုး။ ကျွန်တော်ရော သော်တာပါ ခုံတို လှည့်လိုက်ရင်း ကြည့်ဖြစ်သည်။ စံပယ် မျက်နှာ ဇွတ်ကြီး တင်းထားသည်။ သော်တာက အဟဲ ဟု ရယ်ပြသည်။ သို့သော် စံပယ်က အဟီး ဟု ပြန်ရယ်မပြ။ စောစောက တင်းထားပြီးသား မျက်နှာကို နှစ်ဆခန့် ပိုတင်းကာ နှုတ်ခမ်းကို တစ်ချက်ကိုက်သည်။

'နင်တို့ မိကောင်းဖခင် သားသမီးတွေ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းရင့်သီးသည်ဟု ဆိုနိုင်သော်လည်း တကယ်တမ်းကျ ပြောသင့်ပြောထိုက်သော စကားဖြစ်သည်။

'သိချင်လား၊ သိချင်ရင် ဝယ်ဖတ် တစ်အုပ်မှ တစ်မတ်'

သော်တာ ပြောင်ချော်ချော်ဖြင့် လက်ညှိုးလေးတစ်ချောင်းထောင်ရင်း ဆိုသည်။ ကျွန်တော်ကတော့ မိန်းကလေးတစ်ယောက် အပြောကို ဤသို့မခံ ဖူးသည်မို့ ရှက်သွားမိသည်။ ထိုအချိန်မှာ ကျွန်တော့်မျက်နှာ မည်းခနဲဖြစ်သွား ပေလိမ့်မည်။ ခြားဝိုင်းက လူအချို့ကလည်း ကွက်ကြည့် ကွက်ကြည့်။

'ရုပ်ကိုက ဒဿဂီရိ ခတ်လိုက်နေတဲ့ ရုပ်နဲ့'

'အလို ကိုယ့်ဖာသာကိုယ် ဒီလောက် သားနားမှန်း မသိခဲ့ဘူး Thank'

'မရှိနဲ့နော်'

'ပြောမနေပါနဲ့ စံပယ်ရယ်'

'လာ သွားရအောင် စံပယ်'

ထွေးမာက မျက်နှာငယ်လေးဖြင့် ပြောအပြီး သိပ်ရှုပ်ရှုပ် ယှက်ယှက်ကြိုက်ဟန် မတူသော သူမက လာ သွားရအောင်ဟု ဆိုကာ သူမ၏ ဘေးလွယ်အိတ်ကို ဆတ်ခနဲ လွယ်သည်။ စံပယ်ဆိုသူက အခဲကျေသေးဟန်မတူ။ ရှော့ဖြစ်နေသူလို အတောင့်လိုက်ထိုင်ကာ သော်တာကို အခုမဲ ဆွဲအုပ် (အဲလေ) ဆွဲကုပ်တော့မည့် အတိုင်းကြည့်နေသည်။ ပြီးမှ 'ဝှန်း' ခနဲ ရပ်ကာ 'အရှက်တို့ မရှိဘူး' ဟု ဆောင့်ပြောရင်း သော်တာ့ ခြေဖျားကို တမင်နင်းသွားသည်။

'အမလေး သောက်ခွေး'

'ဘာ'

သော်တာကလည်း နာနာဖြင့် ယောင်ကာ ထ,အော်သည်။ စံပယ်တချာခနဲ လှည့်ကြည့်သည်။ သူမမျက်လုံးမှာ ဒေါသမီးတို့ကို ထွန်းညှိထားသည်။ အမှတ်တမဲ့ အော်မိသော သော်တာက မျက်လုံးလေး ပေကလပ် ပေကလပ်။

'လာပါ စံပယ်ရယ် ရှက်စရာကြီး'

အရယ်လည်းသန်၊ ဒေါသကလည်းမြန် စွာတာတေလန်သော စံပယ်ကို သူမက ဆွဲခေါ်သည်။ ဂျစ်ကန်ကန်ဖြင့် အခဲမကျေကြည့်ရင်း စံပယ်တ ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'တောက် ရှက်စရာကြီးကွာ'

အရန်ခုံမှာထိုင်နေခဲ့သော ငထက်က အခုမှ သွေးရူးသွေးတန်းဖြင့် တက်ခေါက်ရင်း ကျွန်တော်နှင့် သော်တာကို မရဲတရဲ ဘုကြည့်ကြည့်သည်။

'အဲဒါပြောတာပေါ့ ငထက်က မင်းတော်တော်ကြီး တုံးသေးတာပဲ'

'ဘာကွ'

'ဒီလို မိန်းကလေးဆိုတာမျိုးက ဘယ်တော့မှ သူတို့အကြိုက် မလိုက်ရဘူး၊ ဒီလို စစချင်းကိုငေ ာက်နဲ့ ထွင်းမှ တော်ကာကျတယ်၊ အဲ မနက်ဖြန်ကျတော့မှ မနေ့က ကျွန်တော်တို့ ခင်မင်လို့ တမင်စတာ လွန်သွားတာပါဗျာ ဘာညာ ပေါ ဝင်ရောလိုက်ရော သူတို့ဘက်ကလည်း ရပါတယ်၊ စိတ်မဆိုးပါဘူး ဘာညာ ပေါ အဆင်ပြေမသွားဘူးလား'

'ပြေပါလိမ့်မယ်'

သော်တာ၏ တပေါပေါဖြင့် ဆိုသော စကားကို ငထက်က 'ဘု' ပြန် တောသည်။ ကျွန်တော်ကတော့ သူမတို့နောက်ကို ( ဘာပဲ ပြောပြော) လိုက်ချင်သည်။ သို့သော် လိုက်ရဲသော သတ္တိက မရှိ။ မျက်နှာကြီး နီမြန်းကာ ရှက်နေသော သူမကို ပြန်ပြန်မြင်ယောင်နေမိသည်ကိုး။ လိုက်လည်း မလိုက်သင့်တော့။

'ကဲ . . . ကဲ ဆရာသမားတို့ ပြန်ကြရအောင်'

ကျွန်ခော့် စကားကြောင့် သော်တာနှင့် ငထက်က ဆက်လက်ပြီး ငြင်းခုံရန်အနေအထားမှနေ ကသောကမျောဖြင့် အမြန်သွားသော ကျွန်တော့်နောက်ကိုလိုက်သည်။

ကျွန်တော်တို့ကားထဲ ထိုင်မိချိန်မှာ သူမတို့ Mark II လေးက ဝေါခနဲ မောင်းထွက်သွားသည်။

ကျွန်တော် ကားပါးကင်မှ ထွက်ချိန် လမ်းမပေါ် ရောက်ရန် မလွယ်လောက်အောင် ကားတွေက ကျပ်သိပ်နေခဲ့လေသည်။ ဖွတ်ဖြတ်ဝင်လျှင်တောင်လည်း အဲဒါမျိုး ကျွန်တော် မလုပ်ချင်။

ကားက လမ်းမပေါ် ရောက်ပြီး မြေနီကုန်း မီးပွိုင့်၏ အနီရောင်အောက်မှာ ဘယ်ရောက်သွားပြီ မသိသော သူမတို့၏ ကားကို ရှာရင်း ကျွန်တော်တို့ သုံးယောက်သား ငြိမ်သက်နေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုးစိမ်းသည်နှင့်ကားကို လိုမ့်ထွက်ရင်း သူမ၏ ရှက်မျက်နှာ နီမြန်းမြန်းတို့ မြတ်နိုးစွာ ပြန်မြင်ယောင်လာသည်။

ကျွန်တော်တို့ စ,နောက်မှုသည် ဤမျှတာ သွားခဲ့လိမ့်မည်ဟု မထင်မှတ်ခဲ့။ မနက်ဖြန် သော်တာ ပြောသလို တောင်းပန်ရင်း အဆင်ပြေသွားခဲ့ရင်တော့ကောင်းမည်။

မဟုတ်လျှင်တော့ စလုံးရေးစမှာပဲ ပွဲဦးထွက် မကောင်းဘဲရှိတော့မည်။

'ဘယ်မှာနေပါလိမ့်'ဟု ကျွန်တော်တွေးမိသည်။ ဖုန်းနံပါတ်လေး သိရင် ကောင်းမည်ဟုလည်း တွေးမိသည်။

'ငါ ထွေးမာကို တကယ် ချစ်နေတာကွ'

ငထက်က ရင်ထဲမှ လာသော အမျိုးအမည် ခွဲရခက်သည့် လေသံဖြင့် ကျွန်တော့်တို့နှစ်ယောက်ကြားအောင် ဆိုသည်။

'ငါလည်း Silver Star မှာကတည်းက ဖြူစံပယ်ကို တွေ့တွေ့ချင်း ချစ်သွားတာကွ၊ ဒါပေမယ့် မမျှော်လင့်ဘဲ သူက ငါ့ကို ကောင်းကောင်း တင်းသွားပြီ'

သော်တာကလည်း အခုမှသံဝေဂရသံဖြင့် လည်လိမ်ရင်းကဆိုသည်။

'အဲဒီ ပြဿနာကို ငဖြူဖွေးက စတာ'

ငထက်က ကျွန်တော့်ကို လှမ်းအပြစ်တင်သည်။ ကျွန်တော်ကတော့ အရင်စလို ဖြေရှင်းခြင်း၊ ငြင်းခုန်ခြင်း တစ်ခုမှ မလုပ်ဘဲ နေလိုက်သည်။ ကျွန်တော် သူမအကြောင်းကိုသာ တွေးနေခဲ့သည်ကိုး။

သူမသည် အဝတ်အစား ခန့်မင်သူဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပထမဆုံး တွေ့စဉ်အခါကလည်း အဝတ်အစားဆိုင်မှာ၊ ဒီနေ့ ဒဂုံစင်တာသွားပြန်တော့လည်း အဝတ်အစားဝယ်။

'ခေတ်ရဲ့ သမီးပျိုကိုး၊ အဝတ်အစားမက်မှာပေါ့'ဟု တွေးဖြစ်သည်။ ရည်းစားဖြစ်လျှင်ဟု တွေးလိုက်ရင်း သူမကို အဝတ်အစားများ စိတ်ကူးဖြင့် ဝယ်ပေးကြည့်နေမိသည်။ စ,လိုက် နောက်လိုက်နှင့် တော်တော်ကို ပျော်ဖို့ကောင်းမည်။

'ဖျတ်' ဆို ရှက်မျက်နှာနီရဲရဲကို မြင်ယောင်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကို ခပ်ပြင်းပြင်းချဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ၂

တကယ်ဆို
စလုံးရေ စကတည်းက (ငါတို့ကြားမှာ)
ရန့်စုံတဲ့ ပန်းတွေနဲ့ပဲ ခင်းကျင်းထားသင့်တာ

အခုတော့
ထူထဲ စေးပျစ်တဲ့
အလွဲတွေနဲ့ပဲ လတ်လတ်ဆတ်ဆတ်ကြီးကို
ခင်းကျင်းမိလျက်သား . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းကို အစောကြီးရောက်နေသော်လည်း ကျွန်တော်တို့သုံးကောင်စလုံး တိုက်ခန်းပေါ် မတက်ကြသေး။ ကားထဲတွင်ထိုင်ကာ သူမတို့အလာကို လည်တဆန့်ဆန့်ဖြင့် မျှော်မိနေကြသည်။

'တောက်- ဘာတွေများလုပ်နေတယ်မသိဘူး'

စိတ်သိပ်မရှည်တတ်သော သော်တာကတောက်ခေါက်ရင်း ရေရွတ်သည်။

'လှည်းတန်းမီးပွိုင့်မှာ မိနေလားမှမသိတာ'

ဘယ်ဆီကလာမယ်မှန်းပင်မသိဘဲ မှန်းကာရမ်းကာဖြင့် ငထက်တခပ်တိုးတိုးဆိုသည်။ ကျွန်တော့်ရင်ထဲမှာတော့ အမျိုးအမည်သိပ်မခွဲတတ်သောစိုးရိမ်မှု မျိုးစုံတို့က ဝင်ရောက်ကာ မွှေနှောက်နေသည်။

သူတို့ ငါတို့ကောင်တွေနဲ့ မဆုံချင်၊ မကြုံချင်လို့ သင်တန်းမတက်တော့ တာတော့ မဟုတ်လောက်ပါဘူးနော်'ပဲ

ကျွန်တော်တွေးတွေးဆဆဖြင့် ပြောသောစကားကြောင့် သကောင့်သား နှစ်ကောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်လုံးတွေဝင့်တုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာတွေ၊ ဒီခေတ်ကြီးမှာ- ဒီလိုပဲ စနေနောက်နေ၊ သူတို့အနေနဲ့ဆို နိုးတောင်နေလောက်ပြီ'

'လာမှာပါကွာ၊ မင်းတို့ကလည်း'

ထေက်တတော့ လက်မှနာရီလေးကို ပင့်ကြည့်ရင်းက အားမပါ (စိတ်မပါ လတ်မပါ) ခပ်တိုးတိုးဆိုသည်။ သင်တန်းစချိန်က တစ်စထက်တစ်စ တော့်လွန်လို့လာသည်။ သူမတို့ သုံးယောက်စလုံး ရောက်မလာသေး။

'အခန်းထဲများရောက်နေသလားလို့ သွားကြည့်ဦးမှပါ'

ကျွန်တော်တို့ သုံးရောက်စလုံး အခန်းဘဲ မရောက်ဖြစ်ကြသေးသည်မို့ သော်တာက ပြောပြောဆိုဆို တံခါးဖွင့်ရင်းဆင်းသည့်နောက် ကျွန်တော်ရော ထေက်ပါ လိုက်ကြသည်။ သုံးထပ်မြောက်ထိတက်ရသော လှေကားသုံးစင်းသည် ယနေ့ အဖို့ ရှည်လျားများပြားလွန်းသည်ဟု ကျွန်တော် ထင်သည်။

အခန်းထဲတိတ်တိတ်ခိုးကြည့်တော့ စာပင်သင်နေလေပြီ။ သူမတို့သုံးယောက်စလုံးတော့ အခန်းထဲမှာမရှိ။ ကျွန်တော် ထေက်နှင့် သော်တာတို့ကို ကြည့်တော့ သကောင်သားနှစ်ကောင်က ပခုံးပင့်ပြရင်း ခပ်ဆောင့်ဆောင့် ထိုင်ချသည်။ အခုမှ လှေကားထစ်များကို အသည်းအသန်ပြေးတက်ခဲ့ရသောကြောင့် မောပန်းကာလာသည်။

သော်တာက ရှတ်တရက်'ဟုတ်ပြီ' ဟုဆိုရင်း လက်ဖျောက် ထတီးသည်။

'ဘာဟုတ်တာလဲကွ'

'လာ ငါနောက်လိုက်ခဲ့'

သော်တာက သင်တန်းနှင့်ပက်သတ်၍ စုံစမ်းစရာများကိုစုံစမ်းနိုင်သော ငွေသွင်းရာ ရုံးခန်းဆီဦးတည့်ရင်းခပ်သွက်သွက်လျှောက်သည်၊ ကျွန်တော်နှင့် ထေက်က ဘုံမသိ ဘမသိ ကြောင်တက်တက် တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း သော်တာနောက်ကို အမီလိုက်ရသည်။

ရုံးခန်း၌ ကျွန်တော်တို့နှင့် အသက်မတိမ်းမယိမ်း ကောင်မလေး တစ်ယောက်ထိုင်နေသည်။ ကျွန်တော်တို့သုံးယောက်ကို သူမက မျက်မှန်းတန်းမိသည်မို့ မပွင့်တပွင့်ပြုံးပြသည်။ သော်တာက အနည်းငယ် ရှက်တက်တက် အမူအရာဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



'ဟိုလေ- လိပ်စာသိချင်လို့ '

'ရှင် '

စာရေးမလေးက သော်တာ၏ အမေးကြောင့် ကျွန်တော်တို့သုံးယောက်စလုံးကို ဝေ့ကြည့်ပြီး ရှက်ရှက်ဖြင့် ခေါင်းကို ငုံ့သည်။ ခေါင်းငုံ့လျက်နှင့် အဖုံးပိတ်ထားသော ဘောပင်ဖြင့် ဖိုင်တွဲ အဖုံးတစ်ခုကိုခြစ်နေသည်။

သော်တာဘာကိုဆိုလိုမှန်း ကျွန်တော်နှင့် ငထက်ကျော်နပ်စွာ သိလိုက်ရသော်လည်း ထိုစာရေးမလေးခမျာ သိဟန်မတူ။ သုံးယောက်ထဲက တစ်ယောက်ယောက်သူမကို လာရှိတ်နေသည်ဟု ထင်နေပုံရသည်။ ဒါကို ရိပ်မိသော သော်တာက ခေါင်းကို ကမန်းကတမ်း ကုတ်သည်။

'အခုသင်နေတဲ့ English section ကလေ၊ ဟို- ဖြူစံပယ်ရယ်၊ ထွေးမာရယ်- နောက်မျိုးဟေမာန်ရယ်-အဲဒီသုံးယောက် ရဲ့ လိပ်စာလေး သိချင်လို့ပါ'

ရှက်ဝဲဝဲ၊ ရှက်တက်တက်ဖြစ်ကာ ခေါင်းငုံ့နေသော စာရေးမက ဆတ်ခနဲ ကျွန်တော်တို့ကို မော့ကြည့်သည်။ ရှက်တက်တက်ဖြစ်အမူအရာများ ပျောက်ကာ ရှက်ရမ်းရမ်းတော့မည့် အမူအရာများ ပေါ်လာသည်။ နှုတ်ခမ်းကို ခလုံမပမဲ့သည်။

'သင်တန်းသူ၊ သင်တန်းသားတွေရဲ့ Address ကို အဲသလို လွယ်လွယ်နဲ့ လူတကာ လျှောက်ပေးလို့ ဘယ်ရမလဲ ဟွန်း'

မဆီမဆိုင် ဒေါ်ထနေသော စာရေးမကို ကြည့်ရင်းက နားရင်းကို ရိုက်ချင်စိတ်များပင် ပေါ်လာခဲ့သည်။ သို့သော် ဤသို့ ကျပ်မပြည့်တပြည့်ပုံစံမျိုးကို သွားကြမ်းလို့မရ၊ လျှပ်တစ်ပြက် ဉာဏ်အင်မတန်ရွှင်သော ကျွန်တော်၊ ချက်တရက် ဖြီးရန် အကြံကို ဖျပ်ခနဲ ရလိုက်သည်။

'ဒီလိုပါ . . . ဒီက 'မ' သိတဲ့အတိုင်းပဲလေ၊ ကျွန်တော်တို့လည်း ဒီသင်တန်းရဲ့ English Section မှာပဲ သင်နေတဲ့ သင်တန်းသားတွေ၊ မနက်ဖြန် ကျွန်တော့် မွေးနေ့ကို ဖိတ်မလို့၊ သူတို့ကို ပြောထားပြီးသား၊ အဲဒါ မနေ့က ဖိတ်စာ အိမ်မှာ မေ့ကျန်ခဲ့လို့ ဒီနေ့ကျပြန်တော့လည်း သူတို့က မလာ သူး အဲဒါကြောင့်'

ကျွန်တော့် ရှီးကြောမှာ ထိုစာရေးမ မျှော့နေသည်။ တကယ်တမ်းကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ ဖြီးနေမှန်း အသိသိကြီးနှင့် ငထက်နှင့် သော်တာပါ အလိုတူ အလိုပါ ခေါင်းညိတ်ရင်း ဝင်ထောက်ပေးကြသည်။ 'မ'ဟု ခပ်ချွဲချွဲ ခေါ်လိုက်သဖြင့် စာရေးမ နှုတ်ခမ်းတွဲ ကော့တက်လာသည်အထိ ပြုံးသွားသည်။ ဘာတွေ ခြယ်ထားမှန်း-မသိသော (တရုတ်သရဲကားမှ သရဲမ၏ မျက်လုံးကဲ့သို့ မျက်လုံးတစ်ဝိုက် မည်းမှောင်နေသည့်) မျက်လုံးကြီးကို ပြူးလာပြီး ကျွန်တော့်ကို ကြာကြာ ကြည့်သည်။ ပြီး မျက်တောင်ကို ကြာခတ်ဖြင့် နှစ်ချက် သုံးချက် ပေတာလပ် ပေကာလပ်ဖြင့် ခတ်သည်။ ကျွန်တော့်ကို ကြည့်သောအကြည့်က ကျော့ကျိန်း စရာ၊ ကျွန်တော်ဆိုသည့်ကောင်ကလည်း အသားညိုတာကလွဲပြီး အားကြီး ဖြောင့်တဲ့ကောင်ကိုး။

'ဟယ် မွေးနေ့လုပ်တာ သူများကိုတော့ မဖိတ်ဘူးလား'

နှုတ်ခမ်းကို စူကာ မျက်လုံးကို စွေကာဖြင့် ခပ်ချွဲချွဲဆိုသည်။ မလှဝါ။ သူမ နှုတ်ခမ်းစူပုံက မသတီစရာ ကောင်းသည်။ မျက်လုံး စွေလိုက်ပုံကလည်း ဘယ်လိုထောင့်ကပဲ ကြည့်ကြည့် မလှ။ သေခါနီး လူမမာ မျက်ဖြူ ဆိုက်နေတာနှင့်ပင် တူသေးတော့သည်။ အရင်လို ရွတ်နောက်နောက် အချိန်မျိုးမှာသာ ဆို လက်ညှိုးထိုးပြီး ဟားမိပေမည်။

အခုတော့ ထိုသို့ လုပ်၍ မဖြစ်သေး။ အကူအညီတောင်းထားတာ ကြီးက ရှိနေသေးသည်။ ကျွန်တော် 'မချစ်သော်လည်း အောင့်ကာနမ်း' ဆိုတာမျိုး သိပ်သတိလှသည် မဟုတ်သော်လည်း တစ်ကိုယ်လုံးမှာ အဖြူဆုံး ဖြစ်သော သွားတို့ကို ဖြဲကာ ရယ်ပြလိုက်သည်။

'ဖိတ်မလို့ဘဲ၊ ဖိတ်စာက အိမ်မှာ ကျန်ခဲ့တာ'

'ဟုတ်တယ် ဒီကောင်က 'မ'ကို ဖိတ်ဖို့ချည်းပဲ တစ်ချိန်လုံး ပြောပြော နေတာ'

အရေးထဲ 'ရေနစ်ရာ ဝါးကူထိုး'ဆိုသလို ငထက်က ဝင်ပြီးအရောက် ပို့နေသေးသည်။ သူမက ရှက်သွေးစို့သွားဟန်ဖြင့် 'အိုး'ဟု မသဲမကွဲ ရေရွတ်ပြီး ခေါင်းကို ဆတ်ခနဲ ငုံ့သည်။ ကျွန်တော့်အမြင်မှာတော့ ရုပ်ရှင်ထဲက သေခါနီးလူ ဇက်ကျိုးကျသွားတာမျိုး မြင်သည်။

တော်တော်လည်း တတ်နိုင်ဒသော ချဉ်ပေါင်ရိုးမ၊ တုတ်ထိုးမ၊ စောစောကတော့ မျက်ဖြူဆိုက်သည်။ ဟော . . . ခု ဇက်ကျိုးကျပြန်သည်။ နမိတ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



နာမမရှိ ဒီကကောင်တွေက မင်္ဂလာယူမလို့။ အဲ . . . လိပ်စာယူမလို့ လုပ်တဲ့ဟာကို။

'ဟို လာတော့ လာနိုင်ပါကယ်နော်၊ မအားလို့ မလာနိုင်ရင်လည်း'

'လှာမာ လှာမာ'

သူမက အံမြန်လာချင်ဇောဖြင့် ပြောသည်။ ချွဲကလည်း ချွဲချင်သည်မို့ 'လှာမာ လှာမာ'ဖြစ်သည်။ နှာသံက အသားကုန်ပါသည်။

'လှာပေါ့ လှာပေါ့'

အရေးထဲ သော်တာက ကတော်သံကြီးဖြင့် ဝင်နှောက်နေသေးသည်။

'ဟို လက်ဖွဲ့ခြင်း သည်းခံပါနော်၊ ကျွန်တော့် မွေးနေ့ လက်ဖွဲ့ယူမလာရဘူး'

'တကယ်'

သူမက ဝမ်းသာအားရ ရေရွတ်ရင်း စားပွဲခုံကို လက်ဖြင့် 'ဖြန်း' ခနဲရိုက်သည်။

'တကယ်ပြောတာ'

'ဟို . . . ဘယ်မှာ လုပ်တာလဲဟင်'

'ထိန်ပင်မှာ'

'အောင်မလေး'

ခပ်တည်တည်ဖြေသော ကျွန်တော့်အဖြေကြောင့် အနီ စာရေးမ လန့်သည်။ သူလန့်ပုံက မလှပါ။ သို့သော် အောင့်ကားနမ်းအဲလေ၊ ရေလိုက်ငါးလိုက် မရယ်ချင် ရယ်ချင် ခြောက်ကပ်ကပ်ကြီး ရယ်ပေးရသေးသည်။

သူမက သူမ၏ ရွှေရင်သိမ်းသစ်ကို လက်နှစ်ဖက်ဖြင့် ခပ်ကြဲကြဲ အုပ်ရင်း လန့်ဟန်ပြုထားဆဲ၊ လန့်ဟန်ဖြင့် မျက်လုံးကြီး ပြူးထည့်လိုက်သော အခါ မျက်လုံးဝန်းကျင် တစ်ခွင်လုံး အိုးမည်းသုတ်ထားသလို မည်းနေသော မျက်ဝန်း တို့၏အလယ် ပြူးကျယ်သောမျက်ဆန်မှာ မလေးရှား စုန်းကားထဲမှ စုန်းသရဲမနှယ် တင့်တယ်နေလေတော့သည်။ သူမက လက်သည်းများကလည်း ရှည်လျား လှသည်ကိုး။

မလှပါ။ သို့သော် Address က ရှိသေးသည်။

'မလန့်ပါနဲ့ 'မ'ရာ နောက်တာပါ၊ Sedona မှာလေ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ခပ်ချွဲချွဲအပြောကြောင့် သူမက စောစောက ရှေ့ရင်ဘတ်ပေါ် ဖြန့်တူတ်ကာ တင်ထားခဲ့သော စုန်းမနှယ် တင့်တယ်နေသည့် လတ်သည်းရှည်များကို တော်တော်ကြီး ခေါတောတော ဖြစ်နေသော သွားဖြင့်လိုက်ကာ မျက်စောင်းကို 'စွင်'ခနဲ ထိုးသည်။ ထိုမျက်စောင်း၏ ဦးတည်ရာက ကျွန်တော် ဖြစ်သည်မို့ ကျွန်တော့်မှာ 'နင့်'ခနဲ ဖြစ်သွားရသည်။

'ဟွန့် . . . အချိန်လည်း မပြောသေးဘူး'

'ဩော် . . . အချိန်လား မိုးလင်းက မိုးချုပ် ကြိုက်တဲ့အချိန်လာခဲ့ စောင့်နေမှာ'

'တကယ်'

'တကယ်ပေါ့၊ စောင့်နေဦးမှာ'

'ဟယ် . . . သူများတော့ ကြုံဖူးသွားပြီ'

'ဘာကိုလဲ'

'ဩော် . . . မိုးလင်းက မိုးချုပ် ကျင်းပတဲ့ လက်ဖွဲ့ခြင်း သည်းခံပါ ဆိုတဲ့ မွေးနေ့ကိုပေါ့လို့'

သူမက ခပ်ချွဲချွဲဆိုလေ ကျွန်တော် ညစ်လေ။ သို့သော် မတတ်နိုင်။ အစိတ လိုရင်းက Address မဟုတ်လား။

'ဩော် 'မ'နဲ့ စကား ကောင်းနေတာနဲ့၊ ဟို 'ချဉ်ပေါင်ရိုးမ' တွေရဲ့ လိပ်စာ တောင်းတာကို မေ့တော့မယ်'

'ရမယ် မောင့်လေး ပေး မှာယ် . . . ပေး မှာယ်'

တော်တော် ချွဲသော သူမပါပေ။ စားပွဲပေါ်ရှိ ကွန်ပျူတာ Key-board ကို တဂျောက်ဂျောက်၊ တဖြောင်းဖြောင်း။ သူမ ကွန်ပျူတာ ရိုက်နေပုံက ကြောက်စရာကြီး တော်တော်လေးကြမ်းသည်။ ခဏကြာတော့မှ . . .

'မောင်လေး လိပ်စာတော့ မပါဘူးတဲ့ Hand Phone နံပါတ်ပဲပါ တယ်။ ယူမှာလား'

'ယူမှယ် ယူမှယ်'

သူမနှင့်သာ ကြာကြာ စကားပြောရသည်ရှိသော ကျွန်တော်တို့ သုံးယောက်စလုံး 'နွားခေါင်းတို' မျိုးတို့၏ ဆွေတော် မျိုးတော်များထဲဝင်သွက် သွက်ခါမှ တင့်တယ်ကာ လူဝင်ဆန့်သွားနိုင်သည်။ သူမက ထိုနွားခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မပါသော အသံမျိုးဖြင့် Phone No. တို့ကို ရွတ်ပြသည်။

ကျွန်တော်က မျိုး၏ Phone No. ၊ သော်တာက စံပယ်၏ Phone No.၊ ထက်မောင်က ထွေးမာ၏ Phone No.တို့ကို အသီးသီး အသည်းအသန် မှတ်လိုက်ကြသည်။

'ကျေးဇူးပဲနော် 'မ' သွားလိုက်ပါဦးမယ်'

'နေဦးလေ'

'ဗျာ'

'ဘာကျွေးမယ်ဆိုတာ ပြောသွားဦး'

'ဩော် . . . ဒါလား'

သူမက မျက်စိကို မှိတ်ကာ ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။ ထို အချိန်က ကျွန်တော့် ခေါင်းထဲဝယ် ကလိန်ကကျစ် အဖြေတစ်ခုမှ ထွက်မလာ။

'ဘာကျွေးမှာလဲလို့'

'မုန့်လုံးရေပေါ်'

'ဘာ'

'ဩော် . . . 'မ' ကလည်း ထင်ထင်ပေါ်ပေါ် ဖြစ်အောင်လို့ မုန့်လုံး ရေပေါ်ကျွေးမှာ'

' Sedona မှာကို'

'ဟုတ်ပါ့ဗျာ၊ မနက်ကနေ ညနေခင်းအထိ။ ဘယ်မွေးနေ့မှာမှ မလုပ်တဲ့ စတိုင်နဲ့ အပြန်ကို ပါဆယ်ထုပ်ပေးဦးမှာ'

'ဟွန့်'

'ဘာလဲ 'မ' က မလှူချင်ဘူးလား၊ စိတ်ဆိုးမှာနော်'

'လှူမှာပေါ့ လှူမှာပေါ့'

'ဒါဆိုလည်း လှူပေါ့၊ လှူပေါ့'

ကျွန်တော်က ပါးစပ်ပိတ်ထားနေခဲ့သည်။ သူမနှင့် One by one ပြောနေသည်က ထက်မောင်၊ ကျွန်တော်က ထက်မောင်ကို မသိမသာ လတ် ဘုပ်ရင်း သွားကြရန် သတိပေးသည်။

'သွားတော့မယ်နော် 'မ''

'OK မောင်လေး'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သုံးယောက်စလုံးကို သူမက Fly Kiss ပင် ပေးလိုက်ပေးအပ်သည်၊ ကျွန်တော့်ရင်ဝယ် ပို့ဗ်အိသွားခဲ့သလို၊ သူမကို ကျောပေး (ကျောခိုင်း) လိုက်သော ငထက်နှင့် သော်တာတို့ကလည်း မျက်နှာကြီးတွေ ရှုံ့တွသွားကြသည်၊

လှေကားပေါ်မှ ဝုန်းဒိုင်းပြေးဆင်းရင်း ကားပေါ်မှာ အမောဖြေသည်။ ကားပေါ်ရောက်တော့မှ မြိုင်တူ သက်ပြင်းချမိကြသည်။

ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ရယ်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းက မြည်နေသော်လည်း ဖုန်းမကိုင်။

'တကောင် ဖိုးတရုတ် ဖုန်းမကိုင်ဘူး မဟုတ်လား?'

'အေးကွ'

'ဆက်မနေနဲ့ ကိုင်မှာ မဟုတ်ဘူး'

'ဘာကွ ဘာကိစ္စ မကိုင်ရမှာလဲ'

'မင်းက အသားမည်းတယ်လေ'

'ခွေးကောင် .............'

ကျွန်တော့်နှုတ်မှ ဖရုဿဝါစာတွေ အပြွတ်လိုက် အသွတ်လိုက် လျှော့ပျံ ထွက်ကျလာသည်။ သော်တာက သူ့ကို ဆဲနေမှုန်း အသိသိကြီးနှင့် တဟီးဟီး ပင် သဘောတကျ ရယ်နေလိုက်သေးသည်။

'ပေး . . . ပေး ကိုဖြူဖွေး၊ မင်း ခဏ နားလိုက်ဦး'

ထက်က ပြောလည်းပြော၊ 'ဆတ်'ခနဲလည်း လက်ထဲမှ Hand Phone ကို လုယူသည်။ ပြီး သူမှတ်ထားသော 'ထွေးမာ'၏ ဖုန်းကိုခေါ် သည်။ အတောင့်သားမျက်နှာ သကြားခဲ ခွေးလျက်ထားသည့်နှယ် ပြောင်ပေါ်သွားပုံ ကြည့်ကာ တစ်ဖက်ကို ဖုန်းလွတ်လွတ်ကျွတ်ကျွတ်ကြီး ဆင်သွားမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိထိုက်ကြသည်။

'ဟဲလို ထွေးမာလား'

တွန်တော်နှင့် သော်တာကတော့ ဘာမှမကြားရ သကောင့်သား၏ မျက်နှာအပြောင်းအလဲကို ကြည့်ကာ အခြေအနေတို့ကို မှန်းဆရလေသည်။ ထေက်ကတော့ သူတို့နှစ်ယောက်ကို ရှိသည်ဟုပင် ထင်ဟန်မတူ၊ ဖုန်းကို နားထဲ နစ်ဝင်သွားလုမတတ် ကပ်ထားရင်း တံတွေးကို တဂွတ်ဂွတ် မျိုချရင်း ဖြင့် နောက်ပိုင်း ထေက်၏ ပြန်ပြောချက်အရ သူတို့ပြောဖြစ်ကြသည်မှာ ဤသို့ ဟူ၏။

'ဟဲလို . . . ထွေးမာ သေချာတယ်နော်'

'ဟုတ်ပါတယ် ဘယ်သူလဲ မသိဘူး'

'ကိုယ်ပါ'

'ရှင်'

'ဟို ထွေးမာဆိုတာတော့ သေချာပါတယ်နော်'

'သေချာပါတယ်၊ ဘာဖြစ်လို့လဲ မသိဘူး'

'ဪ . . . ခပ်တည်တည်နဲ့ သူများ ဖုန်းနံပါတ်ကိုများ ကောက် ပေးထားသလားလို့'

'ဘာရှင့် လူပါးဝမလာနဲ့နော်၊ ရှင်ဘယ်သူလဲ'

'ကိုယ်ပါ'

'ဒီမှာ . . . . အူကြောင်ကြောင် လာမလုပ်နဲ့၊ ရှင်နဲ့ စကားပြောဖို့ အချိန်မရဘူး'

'ဘာ . . . လုပ်နေတာလဲ ဟင်'

'အိမ်သာ တက်နေတယ်'

'အို'

တစ်ဖက်မှ ဖုန်းက 'ဂွပ်'ခနဲ နေအောင် ပိတ် (ချ)သွားသည်။ ထေက် ကတော့ လက်တစ်ဖက်က ဖုန်းကိုင်ရင်း ကျန်တစ်ဖက်က နှာခေါင်းကို ပိတ် ထားသည်။

'ဟကောင် ဘာဖြစ်တာလဲ'

'ဒီလိုကွ . . . .'



www.burmeseclassic.com

www.burmeseclassic.com



ငထက်က အထက်ပါအတိုင်း ကျွန်တော်တို့ကိုရှင်းပြသည်။ ငထက်၏စကားအဆုံး ကျွန်တော်နှင့် သော်တာကို ကြည့်ရင်း အားရပါးရ အော်ရယ်ဖြစ်ကြသည်။

'မင်းက သူတစ်ဖက်သား အလုပ်ကြီး အကိုင်ကြီး လုပ်နေတာကို ဖုန်းသွားဆက်တာကိုး'

'တော်သေးတာပေါ့'

'ဘာဖြစ်လို့လဲ'

'သူ့ အသံလေး ကြားလိုက်ရလို့လေ၊ မဟုတ်ရင် ဒီည ငါ အိပ်ပျော်မှာ မဟုတ်ဘူး'

'ရူပ်ကြမ်းကြီးနဲ့ နွဲ့နေပြန်ပြီ'

ကျွန်တော်နှင့် သော်တာက နှိပ်ကွပ်နေသလောက် ငထက်က ဂရုမစိုက်၊ ဖုန်းလေးကို ရင်ဘတ်နှင့် ကပ်ကာ ကိုင်ထားရင်း မျက်လုံးများပင် မှေးထားလိုက်သေးသည်။ သဘောက ဖီးလ် ပြန်ယူနေသည့်သဘော။

'ဟကောင် ငါ့ဖုန်း ပြန်ပေး'

ကျွန်တော်ပြောပြောဆိုဆိုဖြင့် ငထက်လက်ထဲမှ ဖုန်းကို ဆွဲယူသည်။ ကျွန်တော့် လက်ထရောက်လာသော ဖုန်းကို သော်တာက ဆတ်ခနဲ ဆွဲယူပြန်သည်။

'မင်းကဲ့ နောက်မှ ဆက် ငါ ခဏလေး ဆက်လိုက်ဦးမယ်'

သော်တာက ခပ်တည်တည်ဖြင့် ဆိုရင်း 'စံပယ်' ၏ ဖုန်းနံပါတ်ကို နှိပ်သည်။ ဖုန်းက ဝင်သေးဟန်မတူ၊ သကောင့်သားက မျက်မှောင်ကြီး ကုပ်ကာ ထားသည်။ ပြီး မျက်နှာက လိုင်းကားစီးရင်း ရတောင့်ရခဲ ထိုင်ခုံရလိုက်သူလို ဖြီးဖြီးဖြီးကြီး ဖြစ်လို့လာသည်။ ဖုန်းက ကွင်းလုံးကျွတ် ဝင်သွားပြီထင်သည်။

'ဟဲလို'

ဝမ်းမြောက် ဝမ်းသာကြီး 'ဟဲလို' နေပုံက နားရင်းရိုက်ချင်စရာ ကောင်းအောင် ပိုလွန်းနေသည်။ မျက်နှာကြီးက ချို. . . လို့၊ (နောက်ပိုင်းမှ သော်တာ ပြောပြပုံအရ ဖုန်းပြောခဲ့ကြသည်မှာ ဤသို့ ပြောင်မြောက်လေသည်)

'ဟဲလို စံပယ်ပါရှင် ဘယ်သူလဲ မသိဘူး'

'သော် သော်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘော်ဒါ ဟုတ်တဲ့ ဘယ်သူလဲ'

'မဟုတ်ဘူး ဘော်ဒါမဟုတ်ဘူး၊ သော်တာ'

'ဪ ဘော်ဒါလား၊ ကိတ်မုန့် ဘော်ဒါပေးချင်ရင် အလုပ်ကိုပဲ ဆက်ပေးပါနော်၊ ကျေးဇူးပဲ ဖုန်းချ'

'မဟုတ်ဘူး၊ ဘော်ဒါမဟုတ်ဘူး သော်တာလေ 'သ' 'သ''

'ဪ . . . သိပြီ သော်တာ ဟုတ်လား'

'ဟုတ်တယ်လေ၊ ဟုတ်တယ် အဟီး'

'ဒါနဲ့ ရှင် ဖုန်းများ မှားနေလား မသိဘူး'

'အင်'

သော်တာ နင်ခနဲ ဖြစ်သွားရသည်။ ဟုတ်ပေသားပဲ၊ သူက ဖုန်းဆက်ချင် ဇောဖြင့် စိတ်စောနေမိသည်ကိုး။

'ဖုန်း မမှားဘူး စံပယ်၊ ကိုယ်က စံပယ်နဲ့ . . . မှာ English Section ကို အတူတူတက်နေတဲ့သူပါ'

'ဪ . . . ဟုတ်လား၊ Sorry နော်'

'ရပါတယ်၊ ကိုယ်က စံပယ်ရဲ့ နောက်ခုံမှာ အမြဲတမ်း ထိုင်နေကျလေ၊ ဟို ဖိုးတရုတ်နဲ့ အတူတူလေ'

'ဪ . . . သိပြီ သိပြီ၊ ဒါနဲ့ ဟို ဘာကိစ္စလဲ မသိဘူးနော်'

'ခင်ဗျာ'

'ဪ သိပြီ သိပြီ ဒီနေ့မလာလို့ ဆရာမက ဆက်ခိုင်းတာလား . . .'

'မဟုတ်ဘူး'

'ရပါတယ်။ အားမနာပါနဲ့၊ ဟုတ်တယ် ဒီနေ့က မလာဖြစ်ဘူး၊ မနက်ဖြန်ကျမှ'

'မဟုတ်ပါဘူး၊ ကျွန်တော် ဒဂုံစင်တာမှာ ဖြစ်ခဲ့တာတွေအတွက် တောင်းပန်ချင်လို့ပါ'

' '

. . . . . . . . . .

စံပယ်ဘက်မှ တိတ်ဆိတ်သွားသည်မို့ သော်တာ ရင်ထိတ်သွားရသည်။ အနာကို ပြန်ဆွသလို ဖြစ်သွားလေပြီလားဟု

'စံပယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'ဒီနေ့ မလာတာ အဲဒီဟာကြောင့်တော့ မဟုတ်ပါဘူးနော်၊ ကျွန်တော် တကယ်ကို တောင်းပန်ပါတယ်'

'ဟာ မဟုတ်တာ၊ ရပါတယ်။ ဘယ်လို ပြောမလဲ ဟို . . . ရပါတယ်'

'ကျေးဇူးပဲဗျာ၊ ကျွန်တော်တို့က အရမ်းကို အားနာနေတာ၊ ထွေးမာနဲ့ မျိုးဟေမန်ကိုလည်း တောင်းပန်တဲ့အကြောင်း'

'ရပါတယ် ကျွန်မလည်း အခုပဲ ဖုန်းဆက်ပြီး ပြောလိုက်ပါ့မယ်၊ ဒါပဲ နော် ဖုန်းချလိုက်တော့မယ်'

တားချိန် မရလိုက်မီမှာပင် စံပယ်က ဖုန်းချလိုက်သည်။ ဘာပဲ ဖြစ်ဖြစ် အခြေအနေကမဆိုးဟု သူတွေးသည်။ သူပြန်ပြောချက်အရ ကျွန်တော် နဲ့ ထေက်လည်း အားတက်ရသည်။ စံပယ်က တကယ်တမ်းကျ တင်းမာမလိုလို နဲ့ ပျော့ပြောင်းသည်ကိုး။

'ရော့မင်းအလှည့် နောက်ဆုံးပိတ် အိဟ်နဲ့ လွယ်ပေတော့'

သော်တာက ကျွန်တော့်လက်ထဲ ဖုန်းထည့်ပေးသည်။ ကျွန်တော့်ရင် မှာ သူမနှင့်ပတ်သက်သမျှ လှုပ်ရှားနေပြီမို့ အလွတ်ရနေပြီဖြစ်သော ဖုန်းနံပါတ် ကို နှိပ်နေချိန်မှာပင် ရင်၌ တဒိန်းဒိန်း ခုန်နေမှုက ကြမ်းကြမ်းလာသည်။

ဖုန်းက ဝင်သည်။ သို့သော် မကိုင်၊ မအားသည်လား၊ သို့မဟုတ် အိပ်များ ပျော်နေသည်လား။ သို့တည်းမဟုတ်၊ ရေများချိုးနေသလား . . .

ကျွန်တော် 'လား'ပေါင်းများစွာကို လက်လှမ်းမီသလောက် 'လား' ကြည့်ရင်း ချွေးစေးများပင် ပြန်လာသည်။ တကယ်ဆို ဤမျှ ကျွန်တော့်အနေ နှင့် ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်နေစရာ မကောင်း။

ဖုန်းကို မကိုင်မှန်း သိသိကြီးနှင့် ကျွန်တော် ပေပြီး အခါခါ ဆက်ခေါ် နေမိသည်။

'ဘယ်လိုလဲ ကိုဖြူဖွေး'

ထေက်က ကျွန်တော့်ကို မေးသည်မို့ ကျွန်တော် ခေါင်းကို ဘယ်ညာ နှစ်ခါရမ်းပြလိုက်သည်။ ကျွန်တော်က တကယ်တမ်း ခံစားနေရမှန်း သိသည် မို့ သကောင့်သားများ မနောက်ကြတော့ပေ။ သို့သော် ကျွန်တော်ကလည်း ဖုန်းကို မရသော်လည်း ဆက်ခေါ်နေဆဲ။ တစ်ဖက်ဖုန်းမှ တုံ့ပြန်မှုကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ဘွန်တော် လိုလိုလားလား နားထောင်နေမိသည်။ သူမ၏ ဖုန်းမှ တုံ့ပြန်မှုလေး ဝါလားဟု၊ ကြည်နူးစွာ။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကိုလဲ သား'

သား သင်တန်းသွားတော့မလို့ မေမေ'

'နေ့လယ်စာစားဖို့ 'ရတီ'လေးကို ဖိတ်ထားတယ်နော်'

'အာ မေမေကလည်း မေမေတို့ဖာသာ ဖိတ်ထားတာပဲ၊ မေမေတို့ ဘာသာပဲကျွေးလိုက်ပေါ့ မေမေရာ နော်'

'မရဘူး သား၊ 'ရတီ'ကို ဘာကြောင့် နေ့လယ်စာ ဖိတ်ကျွေးရတယ် ဆိုတာ သား သိရဲ့သားနဲ့ သားသိချင်တဲ့ နေရာကိုသွား၊ အဲ . . . ပြီးတာနဲ့ နေ့လယ် ၁၁ နာရီခွဲ သားအိမ်ကို ပြန်လာခဲ့ရမယ်'

'မေမေ သားက . . .'

'နေ့လယ် ၁၁ နာရီခွဲအရောက်နော်သား၊ မေမေ ဘာဖြေရှင်းမှုကိုမှ မကြားချင်ဘူး၊ မေမေ့အကြောင်းကို သားသိပါတယ်။ မေမေက တိကျမှုကြိုက် သော'

မေမေကို ဘယ်လိုမှ လိမ်လို့ မရဆိုတာ ကျွန်တော်သိသည်။ စိတ်ပျက်သောစွာဖြင့် ခေါင်းညိတ်ပြရင်း မေမေ့ရှေ့မှ ထွက်ခဲ့သည်။

ယနေ့အဖို့တော့ သူမတို့ ဒဂုံစင်တာပဲသွားသွား၊ ဗိုလ်ချုပ်ဈေးကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သွားလည်လည် ယူဇနမလာဇာပဲ *Go Go* ကျွန်တော်ကတော့ အိမ်ကိုပဲ တန်းတန်းမတ်မတ် ပြန်လာရမည်ဖြစ်သည်။ ပြီး 'ရတီ' ဆိုသော ဘဝင်ရှူးနှင့် နေ့လယ်စာကို အောင့်အည်းသည်းခံရင်း စားရလိမ့်ဦးမည်။

သက်ပြင်းကိုသာ အခါခါချရင်း သင်တန်းရှိရာကို ဦးတည်ရသည်။ တကယ်တမ်းကျ သင်တန်းက ၁၀ နာရီမှ စသော်လည်း အစောကြီး ထွက်လာခြစ်သည်။

သင်တန်းရှေ့မှ ကားပတ်ကင်မှာ လှမ်းကြည့်တော့ သူမ၏ ကားကို မမြင်သေး၊ 'ဒီနေ့ကော လာမှ လာပါ့မလား' ဟု ရင်ဒိ္ဓ တွေးရင်း ထိတ်သည်။ ဘာကြောင့်မှန်းမသိ၊ မတွေ့ရသော မနေ့က တစ်ရက်သည် ရှည်ကြာလွန်းလှသည်၊

သီချင်းသံ ခပ်တိုးတိုးလေးတစ်ပုဒ်ကို ဖွင့်ထားရင်း လိုက်ညည်းနေမိသည်။ သကောင့်သား နှစ်ကောင်ကလည်း အခုထိ ရောက်မလာသေး။ မျက်လုံးကိုမှိတ်ထားလိုက်ရင်းက သူမကို ပြင်းပြစွာ သတိရနေမိပြန်သည်။

'ဒေါက် ဒေါက်'

တံခါးကို ခေါက်သည်မို့ မျက်လုံးကို အသာဖွင့်ကြည့်လိုက်သည်။

ငထက်၊

ကျွန်တော် တံခါး Lo꠶k ကို ဖွင့်ပေးလိုက်သည်။ သကောင့်သားတကားထဲ စွင့်ခနဲ ဝင်ထိုင်ပြီးစမှာပင် ဆံပင်ကျော့နေအောင် ဖီးထားသောသော်တာ ရောက်ချလာသည်။ ကျွန်တော့်ကားကို မြင်တော့ လက်ကို ဟန်ပါပါပြရင်း လမ်းကို ဟန်ပါပါ လျှောက်ချလာသည်။ ဘယ်လိုကြည့်ကြည့် ထောင့်မကျိုး။

'ယွက် . . ထွက် ဟကောင်တွေ လာ ဝရန်တာကနေ သွားကြည့်တာပိုကောင်းတယ်'

ရောက်ရောက်ချင်းပင် ဆရာလုပ်သည်၊ သို့သော် တကယ်လည်း ဝရန်တာမှ စောင့်ကြည့်ချင်းက ပိုမို အဆင်ပြေမည့်အနေအထားမို့ ကျွန်တော်ရော ငထက်ပါ ကားထဲမှ ထွက်ကြသည်။

'ဒီနေ့တော့ သေချာပေါက်လာမှာပါ၊ မိန်းကလေးဆိုတဲ့ သတ္တဝါတွေက သင်တန်းပျက်မှာလောက် ကြောက်တာမရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



လှေကားပေါ်တက်ရင်းပြောသော သော်တာ့စကားက ဆရာကြီး ဆန်နေသည်။ သူကိုယ်သူပဲ 'မ'ကျမ်းကျေနေသယောင်ယောင်။ ကျွန်တော် နာရီကို ပင့်ရင်းကြည့်တော့ ၁၀ နာရီမတ်တင်း၊ ကျွန်တော်တို့ သင်တန်းရှိရာ တတိယထပ်သို့အရောက် ရှေ့ဆုံးမှ ဦးဆောင်ရင်း တက်နေသော ဆရာကြီး သော်တာက လှေကား နှစ်ထစ်ခန့် ပြန်ဆင်းရင်း ကျွန်တော်နှင့် ထေက် နောက် မှာနေသည်။ လက်ရှိအနေအထားအရ ကျွန်တော်က ရှေ့ဆုံး။ သော်တာတ လှေကားထစ်ပေါ် ဆက်မတက်ဘဲ ဆင်းရသည့်အကြောင်းကို သိလို၍ မော့ အကြည့် . . .

'ဟင်'

မြင်လိုက်ရသော မြင်ကွင်းက ရင်ကို 'ထိတ်'ခနဲ ဖြစ်စေသည်။ ပြဿနာဟု အတပ်သိလိုက်ရသည်၊ ကျွန်တော်တို့၏ ဉာဏ်ပါတေးဖြင့် ဖိတ် သော မွေးနေ့ပွဲကို ရောက်ခဲ့ဟန်တူသော မနေ့က စာရေးမ၊ ကျွန်တော် နောက်ကိုဆုတ်ရမလား၊ ရှေ့ကို တိုးရမလားမသိ။ နောက်မှ ထေက်က ကျွန်တော့်ကို တွန်းထားသည်။

လွန်လွန်ကဲကဲကြီး ပြင်ဆင်ထားသော စာရေးမက ကျွန်တော့်တို မြင်သည်နှင့် 'အင့်'ခနဲ ရှုံ့ကိုကာ တဖုတ်ဖုတ်ဖြင့် ဆင်းလာသည်။ သူမ ဆင်း လာမှန်းသိသော ထေက်နှင့် သော်တာက ကျွန်တော့်ကို နောက်မှနေ (ရုပ်ပျတ် ဆင်းပျက်ဖြစ်အောင်) တွန်းကာထားသည်။

သူမက အဆင်း၊ ကျွန်တော်တို့က အတက် (လုံးလုံး) မျက်နှာချင်း ဆိုင်ကြီး၊ ကျွန်တော် ရှက်လည်းရှက်၊ မျက်နှာလည်းပြောင်စွာ ရှောင်ကွင်း၍ တက်ရန်ဟန်ပြင်သည်။ သူမက ထပ်ဆီးတိုးသလိုရှေ့က ပိတ်ကာရပ်သည်။

'အဟဲ'

မထူးတော့ပြီမို့ ကြံရာမရစွာ 'အဟဲ' ဟု ရယ်ပြဖြစ်သည်။ သူမက အားနာပါးနာပင် ပြန်မရယ်ပြ၊ သူမဘက်ကလည်း အလိမ်ခံထားရသည်မို့ ခံစားချက်က ပြင်းနေမည်ကိုး။ သူမက ခေါ်တော်တော ဖြစ်နေသော အပေါ် သွားဖြင့် အောက်နှုတ်ခမ်းကို ကိုက်သည်။ ပြီး ကျွန်တော့်ကို 'ဂျိ' ကြည့် ကြည့်သည်။

'အဟဲ ဘယ်သွားမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'နှင့်ဆီတို'

သူမက အားရပါးရ ဆောင့်ကာ ပြောထည့်လိုက်သောကြောင့် ကျွန်တော်မှာ သော်တာတို့ဝါ နောက်ကို လန်ကျလုမတတ် ယိုင်ထွက်သွားသည်။

'ဘယ်မှာလဲ နှင့် SEDONA မှာ စောင့်နေတဲ့ မွေးနေ့ ဟင်'

သူမအသံက လော်စပီကာထဲက ထွက်လာသလိုမျိုး၊ အကျယ်ကြီး ထိန်းတာ ထိန်းတာဖြင့် ထွက်လာသည်။ ခါးကိုလည်း လက်ကောက်ဝတ်ဖြင့် ထောက်ထားလိုက်သေးသည်။ ပုံစံကြည့်ရတာ တော်တော်လေး ဒေါသထွက်နေတန်တူသည်။ မျက်လုံးကြီးကလည်း နီလို့၊ နှာခေါင်းကြီးကလည်း နီလို့ သွားများကလည်း လည်ပင်းကိုပင် 'လာခဲ' တော့မည့်အလား ငွားငွားစွင့်စွင့်။

'ငါ့ကို ဘာကောင်မ အောက်မေ့လို့လဲ၊ မိအေးတဲ့ တစ်အေး တည်းရှိတယ်၊ ငါ တစ်ယောက်တည်း ဘာမွေးနေ့မှ မရှိတဲ့ နှင့် Sedona အစောကြီး ဟိ[illegible]ဟီး ရောက်ခဲ့ပြီးပြီ ဟီး ဟီး'

'စိတ်မရှိပါနဲ့ မိအေး၊ အဲ မမအေးရယ် . . ကျွန် . . တော် . . က . .'

'ဘာ မှ လာ့ရှင်းပြမနေနဲ့၊ ငါ့ဘဝမှာ တစ်သက်လုံး ထိန်းသိမ်းလာခဲ့တဲ့ သိက္ခာတွေ နှင့်ကြောင့် တဖုတ်ဖုတ် ကျကုန်ပြီ ဟီဟီ၊ ဟင့်ဟင့် ရွှတ်'

ဆောင့်ကာ အောင့်ကာ ပြောရင်းဆိုရင်း ရန်တွေနေသော သူမ တန်းလန်းကြီး ကျလာသော နှာရည်ကို 'ရွှတ်'ခနဲ နေအောင် ပြန်ရှုသွင်းလိုက်သည်၊ 'နှင့်ဒကြောင့်' ဟုဆိုရင်းထိုးလိုက်သော လက်ညှိုးက ရှေ့တစ်လက်မခန့် တိုးလိုက်လျှင် ကျွန်တော့် မျက်နှာထဲ 'စွပ်'ခနဲ 'စွပ်' ခနဲ ဝင်သွားလောက်သည်၊ လက်သည်းကလည်း အရှည်ကြီးကိုး။

နောက်က ငထက်လား၊ သော်တာလား မသိ။ လက်ကုတ်သဖြင့် နောက်ကို ကမန်းကတမ်း လှည့်ကြည့်တော့ အပေါ်ကိုတက်ရန် ပိတ်ဆို့နေသဖြင့် စောင့်ဆိုင်းနေသော သင်တန်းသူအချို့၊ တိတိကျကျဆိုရသော် မျိုးဟေမာန်၊ ဖြူစံပယ်၊ ထွေးမာနှင့် အမည်မသိ နှစ်ယောက်။ ကျွန်တော်လှည့်အကြည့်မှာ သူမနှင့် မျက်လုံးချင်းဆုံသည်။ သူမ၏ အကြည့်မှာ မနှစ်မြို့မှု၊ အထင်သေးမှုနှင့် အခြားအမည်မတပ်တတ်သော မနှစ်ခြိုက်မှုများ ပျော်ဝင်ကာ နေသည်။

'ဒီမှာ လမ်းပိတ်နေတယ် လာခဲ့ အပေါ်ရောက်မှ ဆက်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



မယ် . . . ရွှတ်'

သူမက ကျွန်တော်တို့ သုံးယောက်စလုံးအား လက်ညှိုးငေါ့တာ ထိုးရင်း လက်မဖြင့် အပေါ်ကို ပြသည်။ ကျွန်တော် ခေါင်းညိတ်ပြမိသည် ထင်သည်။ သူမက ငေါက်ခနဲ၊ ငေါက်ခနဲ ဆတ်တတ် ဆတ်တတ်ဖြင့် လှေကားထစ်အတိုင်း တက်သည်။ ကျွန်တော်က တွန့်ဆုတ်တွန့်ဆုတ်ဖြင့် သူမ (မိအေး) နောက်ကလိုက်သည်။ သကောင့်သားများကလည်း နောက်တ ထပ်ကြပ်မခွာ လိုက်သည်။ နောက်က သူမတို့လည်း လိုက်ပါလာကြမည် ထင်သည်။ ကျွန်တော်ကတော့ လှည့်မကြည့်ရဲ။ နောက်က 'မျိုး' တို့ရှိသည်။ ရှက်ရလွန်း သဖြင့် မျက်နှာတွေကို ထူပူလို့။

'လာ'

မိအေးက ဆောင့်ဆောင့်အောင့်အောင့်ခေါ်ရာ ထောင့်ကို ကျွန်တော် တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ရောက်သွားသည်။ နောက်က ဘာခြေသံမှ မကြား သဖြင့် လှည့်ကြည့်တော့ ခွေးကောင် နှစ်ကောင် ပါမလာတော့။

'ဟင် ဟကောင်တွေ'

ကျွန်တော် သွေးရူး သွေးတန်းဖြင့် အော်ကြည့်သေးသော်လည်း သင်တန်းခန်းထဲမှာ နှစ်ကောင်လုံး လုံခြုံစွာ ရောက်နေနှင့်လောက်ပြီ။ ကျွန်တော့်မှာ တစ်ယောက်တည်း။ မိအေးကို ကြည့်တော့ (ကျွန်တော်သင်တန်း အပေါက်ဝဘက် ကြည့်နေတုန်း သူမအိတ်ထဲမှာ ဖွင့်ယူထားဟန်တူသော) မှန် သေးသေးလေးကို ခိုးကြည့်နေရာမှ 'ဖျတ်'ခနဲ ပိတ်ကာ သူမ၏ အရိုးငေါ ငေါထွက်နေသော လက်ထဲဝယ် ဖျောက်ပစ်သည်။ ဩော် မိန်းမ. . . မိန်းမ။ အဲလေ မိအေး. . . မိအေး. . . ငိုတာတောင် အရေးထဲ မှန်က ခိုးကြည့်နေ သေးသည်။

ကျွန်တော် ပြန်လှည့်အကြည့်မှာ သူမက စောစောကနှင့် တခြားစီ ရှက်ရှက်ဟန်ဖြင့် ခေါင်းကို မသိမသာငုံ့သည်။

'ပြော ဘာဖြစ်လို့ သူများကို အဲသလို လိမ်ရတာလဲ'

လေသံက မယုံချင်စရာ ကောင်းလောက်အောင် ညင်သာနေသည်။ စောစောကလို အာဖြဲကြီး မဟုတ်။ တကယ့်ကို လေပြည်လေး၊ ကျောအေးစရာ ပင် ကောင်းနေသေးတော့။



www.burmeseclassic.com

www.burmeseclassic.com



ဘိုခင်း ဘိုနှစ်တောင်သေ၊ သိတယ်ဟုတ် ဟိုနှစ်ကောင် ပေဒင်ဆရာ က ယကြားချော်ခိုင်းတယ်ဆိုပြီး ဟို အကူအညီတောင်းလို့ အဲဒီနှစ်ကောင် ကြေား

'အို တင့်တင့် ဒါဆို သူများက အညာမိသွားတာပေါ့၊ သွားပါပြီ တစ်သက်လုံး ခပ်တည်တည် ခပ်တင်းတင်း နေလာသမျှ ဒီသေနာလေးတွေကို မှတ်နှာသာပေးမိတာနဲ့ ဘာသိက္ခာမှ မရှိတော့ဘူး ရှတ်'

မျက်ရည်လည်း တစ်စက်မှ မထွက်ပါဘဲ သူမ ငိုသည်။ ကျွန်တော်က တော့ မျက်ရည် တစ်စက်မှ မထွက်ပါဘဲ ရင်ထဲမှာ ငိုနေသည်။ သူမငိုသလို ကျွန်တော်လည်း ခြေပစ်လက်ပစ် ငိုလိုက်ချင်ပါသည်။ ကျွန်တော့်ကို မေးငေါ့ပြီး ပြောလိုက်ပုံက 'သေနာ'တဲ့။

'တို့ကလေ တစ်သက်လုံး ခပ်တည်တည် ခပ်တင်းတင်းနဲ့ နေလာတာ၊ ဘယ်ယောကျ်ားလေးကိုမှ အရောတဝင် မနေဖူးဘူး'

'ယုံတယ်၊ ယုံတယ်'

ကျွန်တော် အမြင်ကပ်ကပ်ဖြင့် ခပ်ဆောင့်ဆောင့် ထောက်ခံလိုက် သည်။ ရွဲ့နေမှန်းသိသော်လည်း သူမက မသိချင်ယောင် ဆောင်သည်။ မျက်နှာ တို ချိသည်။

'ပြီးတော့လေ တို့ကလေ ဒီလို ရှယ်ပေါ့နော် ပြင်ဆင်ပြီးတော့လည်း ဘယ် သေချင်းဆိုးကိုမှ တို့ရဲ့ အလှနဲ့ မဖျားယောင်း ဟောင်း ဟောင်းတတ်ဘူး'

'ဟုတ်ကဲ့'

ဖြစ်နိုင်လျှင် ကျွန်တော် သူမကို ကျောပေးပြီး ထွက်ပြေးပစ်လိုက်ချင် သည်၊ ကြည့်ပါဦး ရှယ်ပြင်ထားသော သူမ၏အလှ၊ ငိုချင်အောင်ကို လှပါ သည်။ ရူးလောက်အောင်ကို လှပါသည်။ သွက်သွက်ခါသွားလောက်အောင်ကို လှပါသည်။

'တို့က အားနာလို့ သည်းခံလိုက်တာကို အ,တယ် ထင်မှာစိုးလို့ ခေါ်ပြောတာ၊ တို့က ဘယ်ကာလနာ မွေ့ပွေးကိုက်နဲ့မှ နှစ်ယောက်တည်း စကား မပြောဖူးဘူး၊ ဒီတစ်ခါ တို့ကိုလာပြီး ပတ်သက်တာ နောက်ဆုံးဖြစ်ပါစေ၊ ဒါပဲ'

သူမက အထက်စီးမှနေ၍ စကားလုံးတို့ဖြင့် ကျွန်တော့်ကို အားပါး တရ ရိုက်ချိုးပြီး သကာလ ဒေါက်မြင့်ကို တခွပ်ခွပ်နေအောင် စီးကာ မှေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပါပါ ခြံရင်းထွက်သွားသည်။ ကျွန်တော် အခန်းထဲ ဝင်ရမလား၊ ပြန်ရ မလား မသိတော့လောက်အောင်ကို ခေါင်းထဲ ထွေထွေကြီး ဖြစ်သွားရသည်။ 'သူမက လာပြီး ပတ်သက်တာ နောက်ဆုံး ဖြစ်ပါစေ' တဲ့။ ဒါပဲ 'တဲ့' ရင်၌ ခွေးကောင် နှစ်ကောင်ကို ဒေါသထွက်လာခဲ့သည်။

'တောက်!'

တက်ကို ပြင်းစွာ ခေါက်ရင်း အခန်းထဲလှမ်းအဝင် ဆရာမ လာသည် အထင်နှင့် အားလုံး အပေါက်ဝကို ဝိုင်းကြည့်ကြသည်။

'ကိုကိုမှောင်လာပြီ'

ကောင်မလေးတစ်ယောက် မကြားတကြားဖြင့် ကျွန်တော်၏ အထူး ထူး အပြောပြောသော ဝိသေသများထဲက တစ်ခုဖြင့် ဆီးကာ ဂုဏ်ပြုသည်။

'သွားမပြောနဲ့ အခုမှ လေဒီအေးနဲ့ အကြည်ဆိုက်ပြီးမှ ရောက်လာ တာ'

ကောင်မလေးတစ်ယောက်၏ အပြောက ရင်ကို လာမှန်သည်။ လေဒီအေးနှင့်တဲ့။ ငိုချင်သွားမိသည်။ သကောင့်သား နှစ်ကောင်က ကျွန်တော့်ကို မြင်မြင်ချင်း မျက်နှာချိုသွေးကာ သွားကုန်ဖြဲလျက် ရယ်ပြကြ သည်။ ကျွန်တော့် စိတ်ထဲမှာတော့ ဆီးကြိုကာ လှောင်နေသည်ဟု မြင်သည်။

သူတို့၏ ရှေ့ခုံမှ သူမတို့ကို မကြည့်ဖြစ်အောင် ကျွန်တော် သတိထား တာလာခဲ့သည်။ မနေ့က 'ထွေးမာ'ကို နောက်လိုက်သောကိစ္စနှင့် ယနေ့ လေဒီအေးနှင့် သိက္ခာပိုင်းဆိုင်ရာ ပဋိပက္ခ ရယ်ပေါင်းပြီး ကျွန်တော့်ကို သူမ တောင်းကောင်းကြီး အထင်သေးနေလောက်သည်။

မကြည့်ဘူးဟု တင်းထားသည့်ကြားက 'ဖျတ်'ခနဲ သူမကို လှမ်းကြည့် ဖြစ်သည်။ သူမက ကျွန်တော့်ကို အထင်သေး ရှုတ်ချဟန်ဖြင့် မျက်ဝန်းတို့ကို မေးကာ ကြည့်နေသည်။

'အဟဲ ကိုဖြူဖွေး၊ အခြေအနေ'

'ကိုဖိုးတရုတ် အနေအထား'

ဝထက်နှင့် သော်တာက အပိုးမကျိုးသော မျက်နှာထားတွေနှင့် ဆီးမေးကြသည်။

'မင်းတို့နှစ်ကောင်ကို မှာလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အလို'

'ထူးထူးဆန်းဆန်း ဘာတဲ့လဲ'

သကောင့်သား နှစ်ကောင်စလုံး သူနဲ့ လာပတ်သက်တာ နောက်ဆုံးဖြစ်ပါစေတဲ့၊ နောက်နောင် ဘယ်တော့မှ လာမပတ်သက်နဲ့တဲ့'

'အောင်မာမာ သူ့ရုပ်ကြီးနဲ့များ'

'တောက် . . . ရင်နာတာ'

'ပြီးတော့ ပြောလိုက်သေးတယ်၊ တစ်သက်လုံး ယောကျ်ားလေးတွေနဲ့ ခပ်တည်တည် ခပ်တင်းတင်း နေလာသမျှ မင်းတို့လို သေချင်းဆိုးတွေကို မျက်နှာသာ ပေးမိလို့ သူ့သိက္ခာတွေ ဒေါင်း (Down) သွားပြီတဲ့'

'အောင်မာမာ သူ့သိက္ခာတဲ့၊ သိပ်ပြီး ခါနေတာကများ'

'တောက် ဟုတ်ပါ့ကွာ'

'သကောင့်သားနှစ်ယောက်က ထွန့်ထွန့်လူးအောင် နာနေကြရှာသည်၊ ဒါတောင် ကျွန်တော် အကုန်ပြောမပြသေး။ စကြီးကအစ အ,အဆုံးသာ ကြားလိုက်ရလို့ကတော့ ကျွမ်းထိုးချင်သွားမည်။

'အဲဒါ မင်းကြောင့် တရုတ်'

' ဟုတ်တယ် ဖြူဖွေး'

'ဘာကွ . . . ဘာဆိုင်လို့လဲ'

' သိဘူးလေ၊ အဟီး ဆိုင်များ ဆိုင်နေသလားလို့'

' ဆိုင်လို့ နှစ်ယောက်တည်း စကားဖောင်ဖွဲ့နေကြတာလေ စောစောက'

' . . . . . . . . . . . . . . '

ကျွန်တော် သူတို့ နှစ်ကောင်ထဲ ကြားရဲ့ ပျစ်ပျစ်နှစ်နှစ်တွေချည်း ဆဲပစ် လိုက်သည်။ ဒါတောင် ဒီကောင်တွေက မခန့်လေးစားဖြင့် တဟီးဟီး ရယ်နေ ကြတုန်း။

'ဖူးစာဆိုတာ ရှောင်လွှဲလို့မရဘူးကွ ဖိုးတရုတ်ရ'

'ဟုတ်တယ် မင်းမရှောင်နဲ့တော့'

'အေး မင်းတို့နှစ်ကောင်နဲ့ ညားမှာ သေချာတယ်၊ သူက မှာလိုက်သေးတယ်၊ မင်းတို့လို အသားဖြူမှ ကြိုက်တာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကွ'

'အောင် မာမာ '

'မယုံရင် သွားမေးလေ ရုံးခန်းမှာ ရှိတယ်'

'အေးလေ'

'ဆရာမလာပြီ'

ရှေ့ခုံမှ ထွေးမာက အသံကျယ်ဖြင့် အော်သည်။ ကျွန်တော်တို့ ဆူ၍ နားငြီးနေဟန်တူသည်။ ထွေးမာ၏ အသံဖြစ်နေ၍ ငထက်က ကြဲကြဲဖန်ဖန် ဖွန်ကြောင်လိုက်ပုံက 'ကျေးဇူးနော်' တဲ့။ လုပ်ပုံ၊ အဲဒီအချိန်က သူမဘာကိုမှန်း မသိဘဲ ပြုံးနေခဲ့သည်။ ပြီး သူမ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



The world loved man when he smiled,
the world became a fraid of him when he laughed.

*Tagore*

ကမ္ဘာကြီးက ရယ်မောနေခဲ့တဲ့သူ့ကို ကြောက်လန့်နေခဲ့တယ်။
သူပြုံးနေတုန်းကတော့ ကမ္ဘာကြီးက ချစ်ခဲ့တာပဲလေ။

တဂိုး



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အပြုံးက ကျွန်တော့်ရင်ဘတ်၏ အငြိမ်းအေးဆုံး အနေအထားကို ရောက်ရှိသွားစေသည်။ သူမမှာ ပါးချိုင့်၊ သွားတက် စသော သဘာဝအထောက် အကူများ မပါပါဘဲနှင့် သူမ၏အပြုံးက ညို့ယူ ဖမ်းစားနိုင်လွန်းသည်။

သူမ၏အပြုံးကို ကျွန်တော်ကလည်း အလှပဆုံးဖြစ်အောင် ပြန်ပြုံးပြလိုက်သည်။ မျက်စိများပင် မှိတ်သွားသည်အထိကို ချိုမြမြကြီး ကျွန်တော် ပြုံးပစ်လိုက်သည်။ တစ်ကိုယ်လုံးမှာ အဖြူစင်ဆုံးနှင့် အလှပဆုံး ကျွန်တော်၏ သွားများကို ကျွန်တော် ယုံကြည်လေသည်။

စူးခနဲ နာကျင်မှု ပြီး သူမရဲ့ ရယ်သံကြီး။

ဝမ်းဗိုက်၊ ပြီးတော့ ရင်ဘတ်။

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်ငုံ့ကြည့်တော့ ရင်ဘတ်နှင့် ဝမ်းဗိုက်တစ်ခုလုံး ပွစိတက်ကာ သွေးများရွှဲရွဲစိုလို့။

'အား. . .'

ကျွန်တော်၏ ကြောက်လန့်တကြား ဟစ်အော်မှု သူမကိုကြည့်ရင်းအလန့်တကြားအော်နေခဲ့သော ကျွန်တော့်ကို သူမက မျက်လုံးများ မှေးစင်း



www.burmeseclassic.com

www.burmeseclassic.com


တာ ကြည့်ရင်း သဘောတကျဖြင့် အားပါးတရ သူမက ရယ်မောနေသေးတော့သည်။

သူမ၏ လက်ထဲမှ သွေးစက်လက် ကျနေဆဲဖြစ်သော သွေးစွန်းဓားကို သူမက ကျင်လည်စွာ ဓားအိမ်ထဲ 'စွပ်'ခနဲ ပြန်သွင်းသည်။

ပြီး ကျွန်တော့်ကို ကျောခိုင်း စွန့်ခွာ။

'မျိုး'

'မျိုး . . ရေ'

အော်သံများက ကျွန်တော့် လည်ချောင်းထဲမှ တက်မလာ။ လည်ချောင်းဝမှာ တစ်ဆို့ မွန်းကြပ်။

အိပ်မက်က နိုးချိန် ကျွန်တော့် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေခဲ့သည်။ ဖတ်လက်စမှ အိပ်ပျော်သွားခဲ့သဖြင့် တဂိုး၏ စာအုပ်က မှောက်လျက်သားမှာရှိနေတုန်း။

'တဂိုး'၏ 'သူ'ဆိုသော နေရာမှာ 'သူမ'ကို အစားထိုးကြည့်ဖြစ်သည်။

သူမ။

သူမပြုံးနေစဉ်အခါကတော့ ကျွန်တော်သည် အတိုင်းအဆ မရှိ သူမကိုချစ်နေခဲ့သည်။ သို့သော် သူမ အားပါးတရကြီး ရယ်မောလိုက်သော အခါ (ရယ်မောနေသည်ဆိုက ) ကျွန်တော်. . . ကျွန်တော့် ရင်ဘတ်က ဘာကြောင့်မှန်းမသိ နာကျင်လာခဲ့သည်။

အိပ်မက်က ပြီးဆုံးသွားသော်လည်း ကျွန်တော် ရင်နာနေတုန်း။


www.burmeseclassic.com

www.burmeseclassic.com



သူမ၏ဖုန်းက အမြဲတစေများ ပိတ်ထားလေရော့သလား ဟု တွေးဖြစ်သည်။ ဘယ်အချိန် ခေါ်လိုက်ခေါ်လိုက် အဆင်မပြေ။

'ဟဲလို'

အလို၊ ကျွန်တော့်ရင် တဆတ်ဆတ် ပင်ခုန်လို့သွားသည်။ ရုတ်တရက်ကြီး သူမ. . . .

'ဟဲလို မျိုး. . . အဲ မျိုးဟေမာန်လား'

'ဟုတ်တယ်ရှင့် ဘယ်သူလဲ မသိဘူး'

'ဟို . . . ကျွန်တော် ငြိမ်းချမ်းနိုင် ပါ'

'ငြိမ်းချမ်းနိုင် ဟုတ်လား၊ ဟို စိတ် မရှိနဲ့နော်၊ ကျွန်မ တစ်ခါမှ မကြားဖူးဘူးရှင့်'

'အင့်'ခနဲ ရင်ဘတ်မှာ အောင့်သည်။ ဟုတ်ပေသားပဲ သူမအနေနှင့် ကျွန်တော့်နာမည်ကို ကြားဖူးမည်မထင်။ သင်တန်းမှာလည်း ငထက်တို့ သော်တာ တို့က နာမည်ရင်းကို ခေါ်ခဲ့သည်ကိုး။

'ဟိုဗျာ ကျွန်တော် သင်တန်းမှာဆို မျိုးဟေမာန်တို့ ခုံရဲ့နောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခြဲနေတယ်ဗျာ၊ ကျွန်တော့် သူငယ်ချင်းတွေကတောင် ကျွန်တော့်ကို ဟို ခိုးထားသည်'

'ရပြီ . . . သိပြီ ဒါနဲ့ ဘာကိစ္စလဲပြော'

သူမ၏ အသံက ခပ်ဆောင့်ဆောင့် အောင့်အောင့်ကြီး။ ကျွန်တော် မှန်း သိသည်နှင့် တင်းမာသွားသော သူမဘက်မှ အနေအထားက ကျွန်တော့် ရင်ဘတ်ကို အောင့်သက်သက်ကြီး ဖြစ်သွားသေသည်။

'ဟိုတစ်နေ့က ဒဂုံစင်တာမှ ဖြစ်ခဲ့တဲ့ကိစ္စလေး အဲဒါတောင်းပန်ချင် လို့'

'ရပါတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မ ခေါင်းထဲမှာ ထည့်မထား ဘူး၊ ဒါပဲ မဟုတ်လား'

အို . . . ပြတ်သားလှချည်လား ချစ်သူဆိုးရယ်။ ကျွန်တော် ငိုချင်ချင် ကြီးပင် ဖြစ်သွားရသည်။ ဘယ်လိုကြီးပါလိမ့်။ အားနာပါးနာဆိုတာမျိုး သူမဆီ မှာမရှိတာ သေချာသည်။ 'ဒါပဲ မဟုတ်လားတဲ့'

ယောကျ်ားတစ်ယောက်၏ မာနက 'ဝုန်း'ဆို ရင်ကိုလာရိုက်ခတ် သည်။

'ဟုတ်တယ် ဒါပါပဲ၊ ကျွန်တော့်ဘက်က လွန်တာဆိုတော့'

'ရပါတယ် never mind ဒါပဲနော်'

သူမဘက်က စတင်ဖုန်းချသွားခဲ့သည်။ ကျွန်တော့်ရင်၌ သူမကို ချစ် သော အချစ်နှင့် ခပ်တန်းတန်း သူမ ဆက်ဆံမှုတို့ကြောင့် ရှန်းကြွလာသော မာနကြား မွှန်းကြပ်နေမိသည်။

ဒီပုံစံအတိုင်းသာဆို ရှေ့ဆက်တိုးရန် အင်မတန် ခက်ခဲမည်ဟု ကျွန် တော် အလိုလို သိနေခဲ့သည်။ သူမကား မာနခဲတစ်ယောက်လေလား။

သူမနှင့် ကျွန်တော့်ကြား ရှိသော အေးစက်မှုကို ကျွန်တော် ကြိုမြင် သလို သိပ်လွယ်ကူမည် မထင်သော ဆက်ဆံရေးအနေအထားကိုလည်း ရင်မောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'သား ဒီနေ့ စနေနေ့လေ ဒါက ဘယ်သွားဦးမလို့လဲ'

'ဟို . . . သော်တာတို့ဆီကို သွားမလို့ မေမေ'

'နေဦး သား၊ ဒီနေ့ 'ရတီ' က ပိုလ်ချုပ်ဈေး သွားချင်တယ်လို့ မေမေ့တို့ ပြောလို့၊ အဲဒါ သားကို အဖော်ထည့်ပေးမလို့၊ မေမေ ပြောထားတယ်သား၊ အဲဒါ သူ ၉ နာရီလောက် လာလိမ့်မယ်'

မေမေ၏ ကြိုတင်ပြောမထားခဲ့သော 'ရတီ' ကိစ္စကြောင့် ကျွန်တော် ထိုင်ငိုချင်သွားမိသည်။ မေမေသည် ဘယ်သောအခါမှ ကျွန်တော့်ကို (ကျွန်တော့် သဘောထားကို) မမေးမြန်းတတ်၊ သူ့ဘာသာသူ ဆုံးဖြတ်ချက် ချလေ့ရှိသည်။ တစ်ဦးတည်းသော သားမို့ အလိုလိုက်လိမ့်မည်ဟုတော့ မထင် နှင့်။ အရာရာမှာ သူမ ချပေးသော Guide line အတိုင်းမသွားလျှင် လွန်စွာမှ စိတ်ဆိုးလေ့ရှိသည်။

'သား မျက်နှာက ဘာဖြစ်သွားတာလဲသား၊ ဘာလဲ သော်တာတို့ကို အားနာနေလို့လား၊ ရတယ်လေ၊ မေမေ သော်တာ့ဆီ ဖုန်းဆက်ပေးမယ်'

'မဟုတ်ဘူးမေမေ သား 'ရတီ'နဲ့ အပြင်မသွားချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ မသွားချင်တာလဲ'

'မပြောတတ်ဘူး၊ သေချာတာကတော့ သား သူ့ကို လုံးဝ ရင်မခုန်ဘူး'

ဘယ်တုန်းကမှ မေမေ့ဆန္ဒကို ကန့်လန့်တိုက်လေ့ မရှိသော်လည်း ဒီနေ့တော့ ဘာကြောင့်မှန်းမသိ မေမေ့ကို ထိုသို့ ပြောဖြစ်သည်။ မေမေက ကျွန်တော့်ကို ခပ်စူးစူး စိုက်ကြည့်သည်။

'ငါ့သား မင်းမှာ ရည်းစားရှိနေပြီလား'

'မရှိဘူး'

' OK ဒါဆို မေမေရွေးချယ်ပေးတဲ့ 'ရတီ'လို ရုပ်ရည် ချောမော၊ ပညာ၊ ဉစ္စာ ဘာမှပြင်းစရာမရှိတဲ့ မိန်းကလေးတစ်ယောက်ကို'

'သားမှ ရင်မခုန်တာ မေမေ'

မေမေ့စကားကို ဖြတ်ပြောလိုက်သဖြင့် မေမေ ဒေါသထွက်သွားဟန်တူသည်၊ သို့သော် မေမေက သူ့ဒေါသကိုအလွယ်တကူ အပြင်သို့ မထုတ်ပြတတ်။

'သား ရင်ခုန်တာ ရင်မခုန်တာ မေမေမသိဘူး၊ ဟုတ်ပြီလေ မေမေ့ဘက်ကလည်း မျှမျှတတဖြစ်အောင် လုပ်ပေးရမှာပေါ့၊ သားဘက်က ရည်းစား ရလာခဲ့ရင် မေမေ့ဆီခေါ်ခဲ့။ မေမေ သဘောတူနိုင်လောက်တဲ့ အရည်အချင်း ရှိရင် မေမေ လက်ခံမယ်။ ဒီနေ့တော့ မင်း ရတီ့ကို ဗိုလ်ချုပ်ဈေး လိုက်ပို့လိုက်။ သားကို မေမေ Request လုပ်နေတာ မဟုတ်ဘူးနော် Order ပေးနေတာ ဒါပဲ'

မေမေက သူပြောချင်တာ ပြောပြီး အပေါ်ထပ်ကို တက်သွားခဲ့သည်။ ဒီနေ့ မေမေ့ကို စိတ်ဆိုးအောင် ကျွန်တော် လုပ်လိုက်နိုင်ခြင်းအတွက် နောက်ဆို ရတီနှင့်ပတ်သက်သော ကိစ္စသိပ်ကြားရတော့မည် မဟုတ်ဟု တွေးမိသည်။

ဖေဖေက တစ်ချိန်လုံး မေမေနှင့် ကျွန်တော် ပြောသမျှ သတင်းစာ ဖတ်ချင်ယောင်ဆောင်ကာ နားထောင်နေရာမှ မေမေ မရှိတော့သည်နှင့် သတင်းစာနှင့် မျက်နှာကို ဆတ်ခနဲ ခွာသည်။

'ငါ့သား ရတီလေးက မဆိုးပါဘူးကွ'

ဖေဖေ့မျက်နှာက မချိုမချဉ်၊ ဖေဖေက မေမေနှင့် ပေါင်းပြန် ယောကျ်ားရင့်မာကြီးဖြစ်သော်လည်း မေမေ့လို မကြမ်းတမ်း၊ စကားအပြော



www.burmeseclassic.com

www.burmeseclassic.com



အဆိုမှအစ စိတ်ထားအဆုံး နူးညံ့ကာ ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။

'ဆိုးတာပေါ့ ဖေဖေရ'

'အင်း ဆိုစမ်းပါဦး'

'နေရာတကာ မေမေ့ကို အကြောင်းပြုပြီး သားကို အနိုင်ကျင့်ချင်တယ်'

'အေး ဟုတ်တယ်'

'ဖေဖေပဲ စဉ်းစားကြည့် သားကို အခုကတည်းက နိုင်ချင်နေတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်လိုက်လို့ကတော့ ငါးပါးမှောက်မှာ သေချာတယ်'

'ဒါပေါ့'

'လင်နိုင် ကုန်ရှုံး တစ်သက်လုံးတဲ့' ယူလိုက်ပါပြီတဲ့ သားကို သူ အခုလို နိုင်နေရင် ဘယ်က စီးပွားတက်တော့မှာလဲ၊ ရှိပြီးသားကလေးတောင် ပြောင်သလင်းခါသွားနိုင်တယ်'

'မှန်တာပေါ့ သားရာ၊ ဖေဖေ့ကို ကြည့် . . . မိန်းမကို ပြားပြားဝပ်နေအောင်ထိန်းထားတာ'

'ဟုတ်တယ်ဖေဖေ၊ သားလည်း ဖေဖေ့ကို အရမ်းအားကျတာ၊ ဒါကြောင့် 'ရတီ' ကိုသား လုံးဝပဲ'

ဖေဖေက သူ့သားတစ်ယောက်လုံးက 'အားကျ'သည်ဆိုတော့ မိန့်မိန့်ကြီးပြုံးသည်။ တကယ်လည်း ဖေဖေက မေမေ့ကို ဆို မီးသေသည်။ တော်တန်ရုံ နေရာတကာလည်း'ဖေဖေက စွက်ဖက် ပြောဆိုလေ့မရှိ။ လိုအပ်မှသာ တစ်ခွန်းတည်းနှင့်အရ ပြောတတ်သည်။ ဖေဖေ မျက်နှာတည်ပြီဟေ့ ဆိုလျှင် မေမေတလည်း ကြောက်လန့်လေ့ရှိသည်။

ကျွန်တော် ဖေဖေ့ ဘေးမှာ ခွေခနဲ ဝင်ထိုင်ရင်း ဖေဖေ့ကို ခါးသိုင်းဖက်လိုက်သည်။

'ဟကောင် မကြီးမငယ်နဲ့ ငါ့လာ မချွဲနဲ့'

'လာ မချွဲနဲ့ ' ဟု ဆိုသော်လည်း လက်က 'သတင်းစာ' ကို ကိုင်ထားတုန်း၊ မျက်နှာကလည်း မိန့်မိန့်ကြီး ပြုံးထားတုန်း။

'သား ရတီ့ကို လုံးဝ မကြိုက်တဲ့အကြောင်းအရင်းကို ဖေဖေ မသိချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား'

'အေး . . . လုပ်ပါဦး'

'သားမှာ ချစ်ရမယ့်သူ ရှိတယ် ဖေဖေ'

'ဟုတ်ပြီ'

'ဒါပေမယ့် ချစ်သူတွေတော့ မဖြစ်ကြသေးဘူး'

'ကြိုးစားမှပေါ့ ငါ့သားရ သူက ဘာမို့လို့လဲ'

'သားက ကြိုးစားနေတာပဲ၊ ဒါပေမယ့် 'ရတီ'ကိစ္စက ဝင်ဝင်ရှုပ်နေတယ်'

'အေး ဟုတ်သားပဲ'

'အဲဒါ ဖေဖေက မေမေ့ကို နည်းနည်းပါးပါး ပြောထားပေး'

'အဲ'

'ဖေဖေက မေမေ့ကိုဆို မီးသေတယ်လေ'

'ဟ'

'သား အပြင်သွားလိုက်ဦးမယ်၊ ကိုးနာရီမှပဲ ပြန်လာတော့မယ်'

ဖေဖေကို ထိုသို့ဆိုရင်း ကားသော့ကိုယူကာ ကားဂိုဒေါင်ဘက်ထွက်ခဲ့သည်။ ဖေဖေကို စည်းရုံးထားပါကမှ တော်ကာကျမည်။ ဒါပေမယ့် 'ရတီ' ကို လျှော့တွက်လို့မရ။ သူတစ်ဖက်သားကို သိမ်းသွင်းရာ၌ 'ရတီ' က တစ်ဖက်တမ်းခတ်သည်။

မေမေ့လို စည်းစနစ်ကြီးကာ ခေါင်းမာသူကို သူ့ဘက်သား ဖြစ်လာအောင် စည်းရုံးထားသည်ပဲကြည့်၊ 'ရတီ' ကျွန်တော့်ကို တော်တော်ကြီး ချစ်မှန်းကျွန်တော် ခံစားသိရှိပါသည်။ ရတီ့အနေနှင့် မေမေပြောသလို ရုပ်ရည်အနေနှင့် ဘာမှပြောစရာမလို၊ ကိုရီးယား မင်းသမီးတွေနှင့် ရောထားလျှင် ပြန်ခွဲထုတ်ရခက်လောက်အောင် လှသည်။

ပညာရေးအနေနှင့်ကလည်း အင်ဂျင်နီယာဘွဲ့ရ၊ ယခု 'မဟာအင်ဂျင်နီယာ' M.E ယူဖို့ ကြိုးစားနေဆဲ။ M.E ဘွဲ့ရဖို့ဆိုတာ တော်တန်ရုံလွယ်တာမဟုတ်။

ဥစ္စာအနေနှင့်ကလည်း တော်တော်ကြီးကို ချမ်းသာသည်။ သည်မျှချမ်းသာသနည်းဟု မမေးနှင့် သွက်သွက်ခါအောင် ချမ်းသာလေသည်၊ ရန်ကုန်၊



www.burmeseclassic.com

www.burmeseclassic.com



မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် အခြား မြို့ကြီးတော်တော်များများမှာ သူမတို့ စီးပွားရေးလုပ်ငန်းတွေ ရှိသည်။ 'ရတီ'တို့ အဖေဆီ နိုင်ငံခြားကို မကြာခဏ (စီးပွားရေး ကိစ္စတွေကြောင့်) သွားနေကျ။

ဘယ်ကိုမှန်းမသိ ဦးတည်မောင်းထွက်လာရင်း ရောက်တတ်ရာရာ စဉ်းစားနေမိသည်။ နာရီကိုကြည့်တော့ ကိုးနာရီ မတ်တင်း။ မကြာခင် 'ရတီ' အိမ် ကို ရောက်လာလိမ့်မည်။ မေမေတို့ စကားတွေ ဖောင်ဖွဲ့ရင်း အအေးတိုက်လိမ့်မည်။ ပြီး ကျွန်တော်နှင့် ဗိုလ်ချုပ်ဈေးကို (ကျွန်တော့်ကားနှင့် ) သွားကြမည်။ အရင်အခေါက်များကလိုပဲ ခြေတိုမတတ် လျှောက်ကာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ကျွန်တော့်ကို အားမနာတမ်း မောင်းမည်၊ ပြီး ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာကို ဇွတ်အတင်းကျွေးမည်။ မစားလျှင် မေမေ့ကို ပြန်တိုင်မည်။ မေမေက ဆဲမည်။

'သွန်းရတီနွယ်'တဲ့။ သော်တာတို့ကတော့ သူမကို 'သွန်းပါပီနွယ်' ဟု အမည်ဖျက်ကာ 'ပါပီ' စာရင်းသွင်းကာ ထားသည်။ ပျင်းပျင်းနှင့် ကား လျှောက်မောင်းရင်း ပျင်းလာသည်မို့ ကားကို 'ဂ'ငယ်ကွေ့ ကွေ့ပြီး အိမ်ကို ပြန်လာခဲ့သည်။ အိမ်ရှေ့ပေါ်တီကိုအောက်မှာ 'ရတီ'၏ ကားကို မတွေ့ချင် မြင်လျက်သား ကျွန်တော် တွေ့ရသည်။

ကားသံကြားတော့ 'ရတီ'နှင့် မေမေ ခေါင်းပြူကာ ထွက်ကြည့်ကြသည်။ ရတီက လက်လှမ်းပြသည်။ မေမေ့မျက်နှာကတော့ပြုံးချိုစွာ။ ကားပေါ်က မသက်မသာဆင်းရင်း ရတီ့ကို ( မေမေ့ရှေ့မှာ ဖြစ်သည်က တစ်ကြောင်း ကြောင့် ) ပြုံးပြရသည်။

'ခဏလေးနော် ကိုငြိမ်းချမ်းနိုင် ရတီ အန်တီ့လက်ရာ ကော်ဖီကို မဖြတ်နိုင်သးလို့ ကုန်အောင်သောက်လိုက်ဦးမယ်'

ရတီ့ စကားကြောင့် မေမေက အားပါးတရ ပြုံးသည်။ ကျွန်တော်က ခေါင်းကို မညိတ်ချင် ညိတ်ချင်နှင့် ညိတ်ကာပြရသည်။ 'အန်တီ့လက်ရာ'တဲ့ တကယ်တော့ ရေနွေးဖြူမှာ ကောဖီမစ်ထုပ် ဖောက်ထည့်ပြီး ဇွန်းနှင့်မွှေတာ လောက်ကတော့ . . . ထားပါတော့ ကော်ဖီမစ်၏ အရသာမကောင်းဘူးပဲ ထားပါတော့။

'ရတီကတော့လေ အန်တီ့ ကော်ဖီလက်ရာကို စွဲနေပြီ ခိုသား'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်'

မေမေက ရတီကို ဖွဖွလေး ဖက်ထားရင်း 'တကယ်' ဟုမေးရင်း တိုးညင်းစွာရယ်သည်။ ကြည့် တည့်နေလိုက်ကြပုံများ။ မေမေ့လက်ရာကိုများ ငွဲနေသေးသတဲ့။ စကားကိုက အနှောင့်မလွတ် အသွားမလွတ်။ မီးဖိုခန်းထဲ ဆွဲခေါ်ပြီး 'နင့်ကိုတိုက်တဲ့ တံဆိပ်ကို ကြည့်သွား' ဟု ရွဲ့ပစ်လိုက်ချင်သည်။

'ကိုငြိမ်းချမ်းနိုင် ခဏလေးနော်၊ ရတီ ကော်ဖီခွက်တွေ သွားပို့ဦးမယ်'

'ရတယ်လေ သမီးရဲ့ ထားခဲ့ပါ'

'ဘယ်ဟုတ်မှာလဲ အန်တီကလည်း အားနာရမယ့် လူကျနေတာပဲ၊ သမီးက စည့်သည်မှ မဟုတ်တော့ ဟင်း ဟင်း'

ကော်ဖီမစ် ခပ်ခါးခါးကို သောက်ထားပါလျက်နှင့် သူမ နှုတ်က စကားလုံးချိုချိုတွေ ထွက်သည်။ မေမေကလည်း သဘောတကျ 'ရတီ' ကို လိုက်လို့ ကြည့်နေသည်။ ကျွန်တော် 'ရတီ' ဘာလုပ်မည်ဆိုတာ ကောင်း ကောင်းကြီး သိသည်။ 'ကော်ဖီမစ် (သူမသောက်ထားသော) ခွက်လေးကို နောက်ဖေးကို သွားပို့မည်။ တကယ်တမ်းကျ ဆေးတာလည်းမဟုတ်။ အိမ်က ခိုင်းသော ကောင်မကလေးလက်ထဲကို သွားထည့်လိုက်ခြင်းမျှသာ။ ရတီက ထိုသို့နှယ် ပန်းကန်များ သိမ်းဆည်းလိုက်ခြင်းကိုကပင် မေမေ့အတွက်ကတော့ အမှတ်တွေ စွတ်ပေးချင်စရာ ဖြစ်နေခဲ့သည်။

'တွေ့လား သား'

ရတီ နောက်ဖေးဝင်သွားသည်နှင့် မေမေက 'ချီးမွမ်းခန်း' ပျို့ကို စတင်သည်။

'တွေ့လည်း တွေ့တယ်၊ သိလည်း သိတယ် မေမေ'

'ဘာသိတာလဲ'

'ဪ. . . ပန်းကန်တွေသယ် မီးဖိုခန်းထဲရောက်တော့ မိသန်းဖြစ်ဖြစ် ဒေါ်နွဲ့ကို ဖြစ်ဖြစ်ပေး၊ ဟိုက ဆေး၊ အဲဒါကိုလေ'

ကျွန်တော့်စကားကြောင့် မေမေက မျက်စောင်းကြီး 'ဒိုင်း'ခနဲ နေအောင်ထိုးသည်။ ရတီသာ ထိုအချိန်မှ ဧည့်ခန်းသို့ ပြန်ထွက်မလာခဲ့ဘူးဆိုလျှင် ကျွန်တော့်ကို တိုးတိုးကြိတ်ကြိတ် ရွှတ်ဖတ်ဦးမှာပဲ ဖြစ်သည်။

'ကဲ . . . သွားရအောင် အန်တီ ဘာမှာဦးမလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မမှာတော့ပါဘူး သမီးရယ်'

'သမီး မုန့်ဝယ်လာခဲ့မယ်နော်'

'ရပါတယ် သမီးရယ်၊ နေပါစေ၊ တွေ့လား သား၊ ရတီ ဘယ်လောက်လိမ္မာသလဲ၊ သမီးရော သားကတော့ ဘယ်တုန်းမှ အမေဖို့ အဖေဖို့ မုန့်ဝယ်မလာတတ်ဘူး၊ သမီးလို အလိုက်ကို မသိဘူး၊ သင်ပေးလိုက်ဦး'

မေမေ့စကားကြောင့် ရတီ ရယ်သည်။ မေမေ၏ အနှောင့်မလွတ်အသွား မလွတ်စကားကြောင့် ကျွန်တော်သည်ပင် ရယ်ချင်ချင် ဖြစ်သွားရသည်။ မေမေက သူ့ကိုယ်သူ ကလေးကျလို့၊ မုန့်က မှာချင်နေသေးသည်။

'သမီးတို့ သွားပြီနော် အန်တီ'

'အေး သမီး၊ သူ့ကို ဘာမှ အားမနာနဲ့နော်၊ ဈေးကို အေးအေးဆေးဆေး သာ ဝယ်'

မေမေ့အမှာစကားကို သူမက 'စိတ်ချ' ဟု အရယ်တစ်ဝက်ဖြင့် ဖြေသည်။ ကားတံခါးကို ခပ်တည်တည်ပင် ဆွဲဖွင့်ကာ ဘေးမှာ ဝင်ထိုင်သည်။

'တစ်ခါတလေကျတော့လည်း ဒီမှာ ဈေးဝယ်ရတာ ပျင်းစရာကြီး၊ နိုင်ငံခြားကို ဟိုတစ်ခေါက်ကလို Shopping သွားချင်သေးတယ်၊ ဖေဖေကတော့ နောက်တစ်ခေါက် သူသွားရင် ခေါ်မယ်ပြောတယ်'

မဆီမဆိုင် ကပ်ကြွားနေသော သူမ၏ စကားကို အောင့်သက်သက်ဖြင့် 'ဟုတ်လား' ဟု ကျွန်တော်က ထောက်ခံပေးရသေးသည်။

'ဟိုမှာ ဈေးဝယ်ရတာ အရမ်းကောင်းတယ် သိလား'

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×'

သူမ ပြောသမျှ ကြွားသမျှအလုံးစုံကို တစ်ခါတစ်ခါ စိတ်ဝင်စားလွန်းပြလိုက်ရင်း၊ တစ်ခါတခါကျတော့လည်း အံ့သြပြလိုက်ရင်း၊ တစ်ခါတစ်ခါကျတော့လည်း သိပြီးသားကို မကြားဖူး၊ မသိဖူးခဲ့သယောင် ဖော်လိုလိုက်ပေးရသေးသည်။

နာရီများ အတော်ပူပြီး သကာလ ဗိုလ်ချုပ်ဈေး ဆိုတာကြီးကို ရောက်လာသည်။ ကားပတ်ကင်ကို ခက်ခက်ခဲခဲ ထိုးပြီးသည်နှင့် တစ်လမ်းလုံး ဆီမန်းမန်းသလို ပြောလာခဲ့သော သူမ၏ စကားတို့ ပြောအပြီးနှင့်လည်း တွက်



www.burmeseclassic.com

www.burmeseclassic.com



တီး လှေများ လှေကျင့်ထားသလား အောက်မေ့ရသည်။

သူမက ကားပေါ်မှ မဆင်းခင် ထုံးစံအတိုင်း ခဏလေးနော်ဟု ဆိုပြီး ကြီးမားသော သူမ၏ ဘေးလွယ်အိတ်ထဲမှ လက်တစ်ဝါးစာ မှန်ကို ထုတ်ကာ ကြည့်သည်။ နှုတ်ခမ်းကို ကြည့်သည်။ ပြီး မျက်လုံးကို ဝင့်ကာကြည့်သည်။ ပြီးတော့မှ မှန်ကို 'ဂျောက်'ခနဲ ပတ်ကာ sorry ဟုထုံးစံအတိုင်း ပြောပြီး ကားပေါ်မှ ဆင်းသည်။

ပြီး ထုံးစံအတိုင်း ဗိုလ်ချုပ်ဈေး အတွင်းသို့။

* * *

www.burmeseclassic.com

www.burmeseclassic.com



စနေကလည်းဖြစ်ပြန် နဂိုကလည်း ခပ်စည်စည်မို့ လိပ်ပြာရောင်စုံတို့က ဗိုလ်ချုပ်ဈေးဝယ် ရှေ့နောက် တောင်မြောက် ပြည့်နှက်ကာ နေသည်။

နောက်ဆုံးပေါ် အင်္ကျီတွေချည်း ရောင်းသော ဆိုင်တစ်ဆိုင်၌ သူမက နောက်ဆုံးပေါ် ခုမှရောက်လာဟန်တူသော ပုံစံမရိုးမယဉ်နှင့် အင်္ကျီတစ်ထည်ကို လက်က လှမ်းသည်။ ထိုအင်္ကျီပေါ်ကို အခြား လက်သွယ်သွယ် တစ်ချောင်းကလည်း လှမ်းသည်။

'ဟင်'

ထိုလက်သွယ်၏ ပိုင်ရှင်ကို ကြည့်ရင်းက ကျွန်တော် အံ့သြသွားရသည်။ ကျွန်တော်၏ 'မျိုး'။ မျိုးပေဟမာန်။ သူမ၏ နောက်မှာ စံပယ်နှင့် ထွေးမာ၊ ကျွန်တော် ပြုံးပြသော်လည်း 'မျိုး' က မမြင်ဟန်ပြုသည်။ စံပယ်နှင့် ထွေးမာကလည်း ထိုနည်းတူ။ တိုင်ပင်ထားသလား အောက်မေ့ရသည်။ နှစ်ဦးစလုံးအိတ်ကို ပြန်ရုပ်သည်။

' Sorry '

ရတီရော မျိုးရော နှစ်ယောက်စလုံးထံမှ Sorry ကို ဖာတ်တိုက်ထားသလိုမျိုး တစ်ပြိုင်နက်တည်း ထွက်လာသည်။ ရတီကလည်း မျိုးမယူတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးအထင်နှင့် ထိုအကျီကိုပင် လက်လှမ်းမြန်သည်။ ထို့အတူ မျိုးကလည်း ရတီမရောဘူး အထင်ဖြင့် ထိုအကျီကိုပင် လက်လှမ်းပြန်ရာ လက်နှစ်ခု ဆုံမိကြပြန်သည်၊ ကျွန်တော့်ရင်မှာ ထိတ်ခနဲ။

ရတီက 'ကျွတ်' ဟု စိတ်မရှည်စွာ စုပ်သပ်လိုက်ရင်းက လက်ကို ခပ်ဆောင့်ဆောင့် ပြန်ရုပ်သည်။ 'မျိုး'တလည်း ရတီ၏ စိတ်မရှည်မှုကို အံ့သြသလို ကြည့်ရင်းက 'ဒိုင်း'ခနဲ မျက်စောင်းထိုးသည်။ တစ်ယောက်နဲ့ တစ်ယောက် မသိဖူး၊ မမြင်ဖူးကြပါဘဲ အကျီတစ်ထည်အတွက် တစ်ယောက်ကိုတစ်ယောက် ကျောပေးကာ အခြားသော အကျီတို့ကို ကြည့်နေကြသည်။

ကျွန်တော်ကတော့ ဖြစ်နိုင်လျှင် ဤနေရာမှ အင်္ဂလိပ်အထိပင် ပြေးကာ ပုန်းလိုက်ချင်သေးတော့သည်။ ကြုံမှ ကြုံတတ်ပလေသည်။ 'မတွေ့ချင် မြင်လျက်သား'၊ ဆိုသော စကားကို ရာနှုန်းပြည့် ကျွန်တော် ထောက်ခံနေမိသည်။

'သွားပြီ' ဟုလည်း စိတ်မှာ အထိတ်တလန့် ရေရွတ်ဖြစ်သည်။ ဘယ်လို နေလိုက်ရမှန်းပင် မသိတော့။

'စံပယ်ရေ ဟိုဘက် သွားရအောင်'

မျိုးက ထွေးမာ၏ လက်တစ်ဖက်ကို ဆွဲရင်း ကျန်လက်တစ်ဖက်ဖြင့် စံပယ့်ကို လှမ်းတို့ကာ ထွက်သွားသည်။ ကျွန်တော့်ကိုပင် တစ်ချက် လှည့်မကြည့်ခဲ့။ ရတီက သူ့အာရုံနှင့် သူ့အကျီများကို ကြည့်နေဆဲ၊ ထွက်သွားသော မျိုးတို့ကို ကြည့်ရင်းက ကျွန်တော့်ရင်မှာ 'ဟာ' ခနဲ။

ရတီ ကတော့ အေးအေးဆေးဆေး၊ အကျီများကို စိတ်ပါလက်ပါ ကြည့်လို့ကောင်းတုန်း။ ရတီကို ကြည့်ရင်း ဘာကြောင့်မှန်းမသိ၊ ကျွန်တော် စိတ်တို့ တိုလာသည်။ ကျွန်တော် ရပ်စောင့်နေတာကိုများ အားမနာ လွန်လွန်းသည်။

'ရတီ'

ကျွန်တော် ခေါ်တာကို မကြား၊ အကျီကို ငမ်းလို့ ကောင်းနေဆဲ။

'ရတီ'

အသံ Tone ကို မြှင့်ကာခေါ်တော့ သူမ 'ဆတ်'ခနဲ လှည့်ကြည့်သည်။ ခေါ်လိုက်သလား၊ မခေါ်ဘူးလား၊ မရေရာ ကြားလိုက်သော ပုံစံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် ဗိုက်ဆာနေပြီ'

'အို . . . ဟုတ်လား၊ ခဏလေးနော်'

ကျွန်တော် တကယ်တော့ လိမ်ညာလိုက်ခြင်းဖြစ်သည်။ ဘယ်တလာ ဗိုက်ဆာရမည်နည်း၊ ကျွန်တော်ဆိုတဲ့ကောင်က ဗိုက်ဆာခဲ့သည်။ သူမက အကျီ နှစ်ထည်ကို ခပ်သောသော ဝယ်သည်။

'ဘာစားမလဲ'

'sorry ကိုယ် လောသွားတယ်'

'ရပါတယ် ကိုငြိမ်းချမ်းနိုင်ကလည်း',

အားနာပါးနာဆိုသော ကျွန်တော့်ပခုံးကို တစ်ချက်ရိုက်ရင်းက သူမ ဆိုသည်။

'ဘယ်မှာ စားမလဲ'

'ရတယ်၊ ရတီ အဆင်ပြေမယ့် နေရာ စားလေ'

သူမက ဗိုလ်ချုပ်ဈေးနှင့် မနီးမဝေးဆိုင်ကို သူမဘာသာ ရွေးလိုက်သည်ထင့်။

သူမသွားရာကိုလိုက်ရင်း ဒီအချိန် မျိုးတို့ ဘယ်နေရာမှာ ရှိနေမည်နည်းဟု တွေးဖြစ်သည်။ 'မျိုး' သည် အချိန်တိုတိုလေးအတွင်းမာ ကျွန်တော်၏ ရင်ကို သိမ်းကြုံးဆွဲယူသွားခဲ့သည်။ ကျွန်တော် ခေါင်းအားလပ်ချိန်သည် သူမ ၏အကြောင်း၊ ကျွန်တော့်ရင်ဘတ် နေရာအနှံ့သည် သူမအတွက် သူမအချစ်။

'ဟယ်တော့ ဘာစားမှာလဲဆိုတာကို မဖြေဘူး'

ရတီ ကျွန်တော့်နားကပ်ကာ ကျွန်တော့်ကို ကြောင်တောင်တောင်ကြည့်ရင်း အသံမြှင့်ကာပြောတော့မှ ကျွန်တော်ကြားသည်။

'ကျွန်တော် အဆာလွန်သွားတယ်ထင်တယ်၊ ဗိုက်လည်း မဆာတော့ ပြန်ဘူး၊ ဟိုဒင်း အအေးပဲ သောက်တော့မယ်'

သူမက စားပွဲထိုးကို cocacolar နှစ်ဘူးမှာသည်။ရတီနှင့် ပတ်သတ်လာလျှင်တော့ ကျွန်တော်လိမ်ရသည်ချည်းသာ။ အခုပဲကြည့်။ ဗိုက်မဆာဘဲ ဆာသည်ဟု လိမ်ကာ ဗိုလ်ချုပ်ဈေးထဲကနေ မလိမ့်တပတ်နှင့် သူမကို ခေါ်ထွက်လာခဲ့သည်။ တော်ကြာ မျိုးတို့နှင့် မကြာခဏ ဆုံနေမှာစိုး၍ ဖြစ်သည်။ ဆိုင်ရောက်လာပြန်တော့လည်း ဗိုက်မဆာတော့ဘူးဟုဆိုကာ အအေးသောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြန်သည်။ အေးမြနေသော 'ကုပ်(ခ်)' နှစ်ဘူးရောက်လာသည်နှင့် ကျွန်တော် ခိုင်းခဲ့သောတာဖြစ်သည်။ အအေးက ပူလောင်နေသော ရင်ကို တော်တော်ကြီး အေးမြသွားစေသည်။

'ဗိုလ်ချုပ်ဈေးကလေ၊ တစ်ခါတစ်ခါ ဈေးဝယ်ရတာ ကောင်းတယ်။ တစ်ခါတစ်ခါ ကျပြန်တော့လည်း ဝယ်လို့မကောင်းဘူး သိလား'

'ဟုတ်တယ်နော်'

ကျွန်တော် သူမကို အလိုက်အထိုက် ထောက်ခံပေးလိုက်သည်။

'ဒါနဲ့ အအေးသောက်ပြီးရင် ခဏတော့ ပြန်ဝင်ဦးမယ်နော်၊ ဟိုတစ်ဆိုင်ကို မသွားရသေးဘူး'

ကျွန်တော် ခေါင်းကို ခပ်လေးလေး ညိတ်ပြသည်။ သူမပြောသော 'ဟိုဆိုင်' ဆိုတာကို ကျွန်တော်မသိ။ သို့သော် စောစောက သွားပြီးသား မျိုးတို့နှင့် ဆုံသော ဆိုင်မဟုတ်တာတော့ သေချာသည်။ ရင်ဘတ်က အလျဉ်း သင့်တိုင်း 'မျိုး' ကို သတိရအောင် ဖန်တီးနေသည်။

'သွားကြမလား'

'သွားမယ်လေ'

ကျွန်တော့်အမေးကို သူမက ခပ်သွက်သွက်ဖြေသည်။ ပြီး စားပွဲထိုးတိုခေါ်ကာ ကုပ် (ခ်)နှစ်ဘူးဖိုးကို ရှင်းသည်။ ဤနှယ် ဗိုလ်ချုပ်ဈေးသို့ တစ်နေရာရာကို Shopping လာတိုင်း သူမကပင် နေ့လယ်စာကို ဖွတ်ကျွေး နေကျ။ ကျွန်တော် လုရှင်းလျှင်မကြိုက်။ စိတ်ဆိုး စိတ်ကောက်ချင်ယောင် ဆောင်ကာ မေမေ့ကို ပြန်တိုင်တတ်သည်။ မေမေကလည်း သူမဘက်တော် သားမို့ ကျွန်တော့်ကို အမြဲဆူနေကျ။ 'မိန်းကလေးတစ်ယောက်ကျွေးတာ မစားချင်ပါဘူး မေမေရာ' ဟု ပြန်ဆင်ခြေပေးတိုင်း၊ ရတီက တခြားသူ မဟုတ်ဘူးလေ' ဟု ပိတ်ပြောနေကျ။

ဆိုင်ထဲမှအထွက် ပက်ပင်းကြီးတိုးသော မျိုးတို့အုပ်စု။ ကျွန်တော်နှင့် ရတီက ဆိုင်ထဲမှ အထွက် သူမတို့က ဆိုင်ထဲသို့အဝင်။ ချိန်းထားလျှင်သော်မှ လွဲနိုင်သေးသည်။ မျိုး တို့နှင့် မဆုံအောင် ကျွန်တော့် ဉာဏ်တစ်ထွာတစ်မိုက် လေးနှင့် ကြိုးစားကာမှ 'ကံမရှိ ဉာဏ်ရှိတိုင်းမွဲ' ဆိုသလို၊ ကံကြမ္မာက ဖန်ဆုံ ပေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတီနှင့် မျိုးတို့ တစ်ယောက်ကိုတစ်ယောက် မှတ်မိစွာ တစ်ဦးနှင့်တစ်ဦး တန်းတန်းကြည့်သည်။ ကြားထဲက ငထွားခါးနာ ဆိုတာလိုမျိုး ကျွန်တော် မဆီမဆိုင် အနေရအထိုင်ရ ခက်နေမိသည်။

ဗိုလ်ချုပ်ဈေးထဲသို့ ရတီနှင့် ဒုတိယမ္ပိ ရောက်ရပြန်သည်။ ရတီတလည်းသူမလိုချင်ရာရာ အဖြာဖြာတို့ကို ခြေတိုလုမတတ် တစ်ဆိုင်ပြီးတစ်ဆိုင် လှည့်လည်ကာ ကြည့်သည်။ စောစောက သူမပြောသလောက် ကျွန်တော် မှတ်မိသည်က 'ဟိုဆိုင်မသွားရသေးဘူး။ ယခုမူ 'ဟိုဆိုင်များ' ဖြစ်နေသည်။ မမောနိုင် မပန်းနိုင် မပြီးနိုင်၊ မစီးနိုင်ဝယ်သည်။

ဤနှယ် ဗိုလ်ချုပ်ဈေးတစ်ခွင် ပြုပြစင်အောင် ဝယ်ပြီးနောက် 'ပြန်ရအောင်ကြာသွားလား' ဟု သူမက အားနာပါးနာ ဆိုသည်။

'ရပါတယ်'

ကျွန်တော်ကလည်း ထုံးစံအတိုင်း 'ရပါတယ်' ဟု ဆိုဖြစ်သည်။ သူမနှင့် ရလို့ကတော့ မလွှယ်။ ခြေထောက်ကို မော်တာ တပ်ရမည့်ကိန်း။

အင်မတန် တော်သော 'ရတီ'ပါပေ၊ အပြန်မှာ ဖေဖေနှင့် မေမေအတွက် စားစရာအချို့ကို မမေ့မရလျော့ သူမ ဝယ်ဖြစ်အောင် ဝယ်သေး သည်။

သူမကတော့ မေမေ့ထံမှ အမှတ်ကောင်းတွေ ရပေလိမ့်ဦးမည်။ သူမ အမှတ်ကောင်း များများရလေ ကျွန်တော် စိတ်ညစ်ရလေ။ သက်ပြင်းရှည်ကို ချဖြစ်သည်။

www.burmeseclassic.com

## ၃

ငါနှလုံးသားနဲ့ 'က'တဲ့ ရထားမှာ
လိုက်ပါ စီးနင်းပါချစ်သူ
ပူလောင်မှုတွေကို ကာကွယ်ပေးမယ့်
ငါ့အချစ်ရဲ့ 'ရက်ဖောက်' ထားတဲ့ ဝတ်ရုံကို
နင့်တစ်သက်စာ ဝတ်ဆင်ပြီးတော့လေ။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအချိန်မှာ မင်းမျက်နှာကြီး မည်းသည်းနေမှာပေါ့'

'ဟ လုပ်ပြီ ဒီကောင်က အော်ရီဂျင်နယ် မည်းနေပြီးသားကွ'

မျိုးနှင့် ရတီတို့ ဗိုလ်ချုပ်ဈေး တွေ့ဆုံမှုအကြောင်းကို ရင်အဖွင့် သကောင့်သားများက ထိုသို့ 'ပြောင်မြောက်စွာ' ဝိုင်းဝန်းနှိပ်ကွပ်ကြသည်။

'ငါသာ မင်းနေရာမှာဆို ရတီ့ရဲ့လက်ကို ခပ်တည်တည်ချိတ်ပြီး ကဲ ငြလိုက်မှာပဲ'

'ဟ အဲဒါမှ ပိုဆိုးသွားမှာပေါ့'

'ဘယ်ကလာ အဲဒီအခါကျမှ သဝန်တွေ ဘာတွေတိုပြီး မင်းကို အာရုံ ..တ်ချင် စိုက်လာမှာကွ ဖိုးတရုတ်ရ'

သော်တာက စိတ်ကူးယဉ်ဆန်သော သူ၏ အတွေးအခေါ်တို့ကို ..တ်သိပ်ထိုး' ဆို၏။

'မျိုးဟေမာန်က အသားတော်တော်လေးကို ဖြူတယ်နော်'

မဆီမဆိုင် ထ,ပြောသော ငထက်၏ စကားက ကျွန်တော့်ကို နှိပ်..ွပ်ရန် အစပျိုးနေပြီဆိုတာ အလိုလို သိသည်။ ဒါမျိုးဆို အင်မတန် ပြေးသော ..သော်တာက 'အေးလေ' ဟု ထောက်ခံသည်။ ပြီး 'ဘာဖြစ်လို့လဲ' ဟု ဝင်ထောက်

www.burmeseclassic.com



မေးသည်၊

'ဒီလိုတွေ ဆားလိုက်ပါတော့ကွာ၊ ဒီကောင်နဲ့ မျိုးဟောမာန်နဲ့ ကံကောင်း ထောက်မစွာ ညားကြပြီ ဆိုပါစို့'

'ဟုတ်ပြီ'

'ဒီကောင်တွေ မွေးတဲ့ကလေးတွေက 'ဂုတ်ကြား' လေးတွေ ချည်း ထွက်လာမှာ'

ရွှေညာဏ်တော် စူးပါသော ငထက်၊ သော်တာက 'ဘာဖြစ်လို့လဲကွ' ဟု သိသိကြီးနှင့် (အရယ်တစ်ပိုင်း) မေးသည်။ ငထက်က 'တဟီးဟီး' ဖြင့် ရယ်လိုက်သေးသည်။ ပြီးမှ

'မင်း စဉ်းစားကြည့်လေ Black နှင့် White ကြီးပေါင်းလိုက်တော့ ဟီး ဟီး ဟီး'

ငထက်ကပြောပြီး သဘောတကျဖြင့် ရယ်သည်။ သော်တာကလည်း ကျွန်တော့်ကို ကြည့်ပြီး အသည်းအသန် ရယ်သည်။

'သားရေ ဟား . . . ဟား . . . ဟား . . . ဟား'

သော်တာက ထိုသို့ခေါ်ကြည့်ရင်း အားပါးတရ ရယ်ပြန်သည်။ သ ကောင့်သားတွေက နေရင်းထိုင်ရင်း ကျွန်တော့်ကို 'ဂုတ်ကြား' အနွယ်တော် ထဲ ဆွဲသွင်းနေကြသည်။

'သမီးလေး မိကြားရေ . . . လာလာ . . . ဟား နာမည်လေးခေါ် ကြည့်ရတာ ဧးပိုင်နေတာပဲ၊ ဟ ကောင် ဖိုးတရုတ်၊ ဂုဏ်ယူစမ်းပါကွ မင်း မျက်နှာကြီးက မည်းနေလိုက်တာ'

ရှက်ကာ ညိုရာမှ မည်းသော မျက်နှာကို ကဲ့ရဲ့ပြန်သည်။

'နဂိုမည်း အော်ရီဂျင်နယ် မည်းပါဆို သော်တာရ'

'သြော် ဟုတ်သားပါ Sorry ဂုဏ်ယူပါကွ၊ ကမ္ဘာအတွက် လူမျိုး စိတ် အသစ်အဆန်းတွေ ထုတ်လုပ်ဖြန့်ဖြူး အဲ ဘယ်လို ပြောရမှန်းကို မသိ တော့ဘူး'

'မသိရင်လည်း ပြောမနေပါနဲ့ကွာ၊ ငါက ဒီမှာ အာရုံနောက်နေတာ မင်းတို့က ဝိုင်းကြီး ကြပ်နေတယ်'

ကျွန်တော်၏ ခပ်ဆတ်ဆတ်အပြောကြောင့် သကောင့်သား နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်က တစ်ယောက်ကို တစ်ယောက် မျက်စပစ်ရင်း တည်လိုက်ကြသည်။

'ကဲ ဟုတ်ပြီ ဒါဆို မင်းဘယ်လို ရှေ့ဆက်မယ် စဉ်းစားထားလဲ'

ငထက်က ကျွန်တော့်ကို ကြည့်ရင်းမေးသည်။ ဘာပြန်ဖြေရမည် မသိ။ သူ့မဘက်က အတိုင်းထက်အလွန် တင်းမာနေတာကိုတော့ ကျွန်တော် သိသည်ပဲလေ။

'သူ့ဘက်က အရမ်းကြီး တင်းမာနေတာကွ၊ ငါတို့ ဒဂုံစင်တာမှာတုန်းက ထွေးမာကို 'နောက်' လိုက်တာရယ်၊ သင်တန်းက စာရေးမကို ချောက်ချ လိုက်တာရယ်၊ သူက မျက်မြင်ကြီး ပက်ပင်းတိုးထားသော့ ငါ့ကို ကောင်မ လေးတွေပဲ လိုက်လိုက်ပြောင်နေတဲ့ 'ငပြောင်' လို့ မြင်နေပုံရတယ်'

ကျွန်တော့်စကားကြောင့် ငထက်နှင့် သော်တာ ပြုံးဖြီးဖြီးကြီးတွေ ဖြစ်လို့သွားသည်။ သို့သော် မျက်နှာကို ချက်ချင်းပြန်တည်ကြသည်။

'အေးလေ မင်းက ငပြောင်ကြီးမှ မဟုတ်တာ'

ငထက်က ရုပ်တည်ကြီးနှင့် ထောက်ခံသလိုလို ဘာလိုလိုလုပ်ပြီး နှိပ်ကွပ်ဖြစ်အောင် နှိပ်ကွပ်သည်။ ကျွန်တော် အောင့်သက်သက်နှင့် မသိချင် ယောင်ဆောင်လိုက်ရသည်။

'မင်း သူ့ဆီ ဘယ်နှခါ ဖုန်းဆက်ပြီးပြီလဲ'

'တစ်ခါ'

'ဘယ်လိုနေလဲ'

အခြေအနေ မကောင်းဘူးကွ၊ ငါစကား တစ်ခွန်းနှစ်ခွန်းပဲ ပြောရ သေးတယ်၊ သူက 'ဒါပဲ' မဟုတ်လားတဲ့။ စကားကို ဖွတ်ဖြတ်တာ၊ ငါက ဖော တာပေါ့ကွာ၊ 'ဒဂုံစင်တာမှာ ဖြစ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး 'တောင်းပန် ချင်လို့ပါ' ဘာညာပေါ့၊ သူက ဘာပြန်ပြောတယ် မှတ်လဲ၊ 'အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူ ခေါင်းထဲ ထည့်မထားဘူးတဲ့'၊ 'ဒါပဲ မဟုတ်လား ဆိုတာကြီးပဲ လုပ်နေတော့ ဘာဖီးလ်မှုကို မရှိတော့ဘူး သူ့ကို လိုက်နွယ်နေတယ်ဆိုတာ သိပ်သိသာလွန်း သွားတာပေါ့'

'အေးပေါ့၊ အောက်တာပေါ့ကွာ၊ အဲဒါမင်းဘာပြောလိုက်လဲ'

ဘာပြောရမှာလဲကွ၊ သူ့ဘက်က ဒီလောက်တောင် တင်းမာနေတော့ ငါက ယောကျ်ားကွ ဘယ်သိက္ခာ အကျခံချင်ပါ့မလဲ၊ ဘာမှကို ပြောမဖြစ်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်လည်း ဖုန်းချသွားတော့တာပေါ့'

'ဖုန်းခ ကုန်မှာစိုးလို့နဲ့ တူပါတယ်ကွာ'

'အေး ဟုတ်ယ် မင်းနဲ့သူ စကားပြောချင်နေဦးမှကွ'

ကျွန်တော့်စကားအဆုံးမှာ နှစ်ကောင်သား ဗိုဇအရ နှိပ်ကွပ်သည်။ တတယ်တမ်းကျ ကျွန်တော်တို့ သုံးကောင်စလုံးက သူမသာ ကိုယ်မသာ တွေချည်း။ တစ်ကောင်မှ ရည်းစားဟုတ်တိပတ်တိ မရှိကြသေး။ ဒါကိုပင် ကြုံတုန်းကြုံခိုက် ဆရာသမားက ဆရာကြီး လုပ်ချင်သည်။

'လောကဦ မီးကိုလည်းကောင်း၊ ရေကိုလည်းကောင်း၊ မိန်းမကို လည်း ကောင်း၊ သူမိုက်ကိုလည်းကောင်း၊ မြွေကိုလည်းကောင်း မထိမပါး ရှောင်ရှား သဖြင့် သွားအပ်၏လို့ လောကနီတိမှာ ဆိုတယ်ပဲကွ၊ ဒီတော့ မင်း မင်းအပေါ် မှာ ဒီလောက်တင်းမာနေတဲ့ မိန်းမတစ်ယောက်ကို ရှောင်ရှားလိုက်ပေါ့ကွာ၊ အဲဒီလိုဆို အေးရော'

သော်တာ့စကားကြောင့် ငထက်က နှာခေါင်းရှုံ့သည်။ မျက်မှောက် ကုတ်သည်။

'မင်းက ဆရာကြီးလား၊ ဘာမှလည်း နားမလည်ဘဲနဲ့ မင်းပြော သလိုသာ မိန်းမတွေကို ငါတို့ ယောကျ်ားတွေက ရှောင်ရှားရရင်လေ၊ မင်း တောင် လူဖြစ်လာမှာမဟုတ်ဘူး'

'အေးဟ ဟုတ်သားပဲ'

သော်တာက ခေါင်းကိုကုပ်ရင်း စပ်ဖြီးဖြီးဖြင့်ဆိုသည်။

'ဒီလိုဆို ငါလည်း လောကနီတိထဲကပဲ ပြောရဦးမယ်'

'ပြော ပြော ဖိုးတရုတ်'

'ပြောမှာသာ ပြောပါ ကိုဖြူဖွေးရာ'

သကောင့်သားများက ဤသို့နှိပ်ကွပ်ကြသည်။ ကျွန်တော် တမင် ပင် မသိချင်ယောင်ဆောင်ရသည်။

'ဒီလိုကွ လိုချင် တပ်မက်ခြင်း ရှိသောသူကို တန်စိုးလက်ဆောင် ပေးသဖြင့် ယူရာ၏။ မာနခက်ထန်သောသူကို လက်အုပ်ချီသဖြင့် ယူရာ၏၊ သူမိုက်ကိုကား အလိုသို့ လိုက်သဖြင့် ယူရာ၏။ ပညာရှိ အဟုတ်အမှန် ဆိုသဖြင့် ယူရာ၏လို့ ဆိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆို မျိုးဟေမာန်ကို မာနခက်ထန်တဲ့ အထဲမှာပါတာပေါ့၊ ဒီလိုဆို မင်းအောက်ကျို့ပြီး လှုပ်ရှားရမယ့် သဘောပေါ့'

'ဘယ်ကလာ အောက်ကျို့စရာလားကွ၊ သဘောကိုပြောပြတာ၊ အခုထိဘယ်လို လှုပ်ရှားလိုက်ရမှန်းကို မသိဘူး၊ ငါ့စိတ်တွေလည်း ထုံထိုင်းနေပြီ'

ထိုစကားကို ရင်ထဲမှလာတဲ့အတိုင်း ပြောဖြစ်သည်။ ထေက်လည်း 'ထွေးမာ'ကို သတိရသည်ထင့်၊ ခပ်ထွေထွေ ဖြစ်သွားသလို၊ သော်တာလည်း 'စံပယ်'ကို သတိရနေလေပြီလားမသိ။ အသံမထွက်တော့။

'မင်းကို ပြောနေပေမယ့် ငါတို့လည်း ဘယ်လိုတွေ လှုပ်ရှားရမှန်း မသိတော့ဘူး ဖိုးတရုတ်ရ၊ 'စံပယ်' ကတော့ ရိပ်မိတယ် သိလား၊ ဒါပေမယ့် သူ့ဘက်က မီးစိမ်းမပြဘူး ထင်တာပဲ၊ ဒီရည်းစားထားတဲ့ကိစ္စက အရမ်းကြီးလည်း အတွမ်းတဝင် မရှိတော့ ဘာမှကို မလုပ်တတ်ဘူး'

သော်တာက စိတ်ကောင်းဝင်သည်နှင့် စကားကောင်းဆိုသည်။ ခမျာသနားစရာပင် ကောင်းနေသေးတော့သည်။ ထေက်ကလည်း ဘာမှဝင်မနှောက်ဘဲ တစ်ခုခုကို အသည်းအသည် တွေးနေသည်။ ပြီးမှ

'ငါလည်း ထွေးမာဆီ ဖုန်းထပ်မဆက်ရဲဘူးကွ၊ ငါလည်း မင်းတို့နဲ့ကွာမှ မကွာတာ၊ 'ရည်းစားဆိုတာ ချိုနဲ့လား'လို့ မေးရမယ့် အနေအထားမျိုး၊ ရည်းစားထား အတွေ့အကြုံ မရှိတော့ အဝင်အထွက် လုံးလုံးအထာမနပ်ဘူး၊ တစ်ခါ တလေကျတော့လည်း ရှိုးတာကြီးက နာတယ်ကွနော်'

ထေက်၏ စကားကလည်း ရာနှုန်းပြည့် မှန်နေသည်မို့ ကျွန်တော်ရော သော်တာပါ ခေါင်းညိတ်ဖြစ်ကြသည်။

'ငါတို့ သုံးကောင်ထဲက တစ်ကောင်ကောင် လာဘ်ပွင့်သွားရင်လည်း မဆိုးဘူး၊ ဒါဆိုရင် ကျန်တဲ့လူက ဘာပြောပြော အထောက်အကူလေး ဘာလေး ရတာပေါ့'

'ခက်တာက ငါတို့ သုံးယောက်ကလည်း တကယ့်မာနခဲတွေကိုမှ ရွေးကြိုက်မိတာကိုး'

'ရွေးကြိုက်တာ မဟုတ်ဘူးကွ၊ ငါကတော့'မျိုး'ကို ရွေးပြီးမှ ကြိုက်တာ မဟုတ်ဘူး၊ ရင်ဘတ်ကကို အမှန်တကယ် ရင်းနှီးသွားပြီးမှ မြတ်မြတ်နိုးနိုး ချစ်တာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သော်တာရော၊ ငထက်ပါ ဆွံ့အသွားကြသည်။ တကယ်တမ်းကျပြန်တော့လည်း မိန်းကလေးအပေါင်းအသင်း ကျွန်တော်တို့မှာ မရှိခဲ့ဖူးတာမဟုတ်။ ရှိခဲ့သည်။ ရှိတာမှ များများစားစားကို ရှိသည်။ သို့သော် သူငယ်ချင်းမများနှင့် ဆက်ဆံရတာမျိုးနှင့်မတူ။

'ငါတို့ ဖုန်းဆက်တာလောက် သင်တန်းအလာကို စောင့်ကြည့်နေရုံလောက်နဲ့တော့ မလုံလောက်ဘူးထင်တယ်၊ ဒီထက် ရင်းနှီးအောင် ကြိုးစားမှဖြစ်မယ်'

'ရင်းနှီးအောင် ကြိုးစားမယ် ဟုတ်လား၊ ငထက် လွယ်ပါ့မလား'

'ဒါကတော့ မီးစင်ကြည့်ကရမှာပဲ သော်တာ၊ လွယ်မှ 'က'မယ်ဆိုရင်ခင်းအတွက် 'ကကွက်' ရှိမှာမဟုတ်ဘူး'

ငထက်က ကျွန်တော့်ကိုပါ ဝေ့ကြည့်ရင်း ဆိုသည်။

အအေးဆိုင်ထဲမှာ သက်ပြင်းချသံများဖြင့် ကျွန်တော်တို့ ရှိနေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကား ကံကောင်းသော နေ့တစ်နေ့ပင်။ ပြက္ခဒိန်ကိုသာကြည့်ဖြစ်လျှင် ထိုရက်သည် ရက်ရာဇာပဲ ဖြစ်မှာမလွဲ။ သင်တန်းပြီးလျှင် သူမတို့ 'ယုဇန' ပလာဇာသွားကြမယ်ဆိုတာကို ကျွန်တော်တို့ သုံးယောက်စလုံး ရှင်းရှင်းလင်းလင်းကြီးကြားလိုက်ကြသည်။ ထို့ကြောင့် ရေအဆုံး ကုန်းအနံ့ လိုက်မည်ဟု သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် မတိုင်ပင်ရပါဘဲ ဆုံးဖြတ်ချက်ချထားကြသည်။

သင်တန်းပြီးသည်နှင့် သူမတို့ ရှေ့ကဆင်းသည်။ လှေကားက ဆင်းမည်အပြု ပခုံးကို အသာတို့ကာ မေးငေါ့ပြသော ငထက်၏ညွှန်ရာကို ကျွန်တော် အမှတ်တမဲ့ ကြည့်ဖြစ်သည်။ သင်တန်း၏ စာရေးမ မအေး၊ ကျွန်တော်တို့ကို မျက်စောင်းတခဲခဲနှင့် ရှိနေသည်မို့ တစ်ယောက်ကိုတစ်ယောက် နောက်တိုဆွဲချန်ရင်း အမြန်ပြေးဆင်းကြသည်။ ဝရုန်းသုန်းကားနိုင်သော ပြေးဆင်းမှုကြောင့် သူမတို့အုပ်စုက ကျွန်တော်တို့ သုံးကောင်ကို 'မကြည်ကြည့်' ကြည့်သည်။ ထို့ကြောင့် ကျွန်တော်တို့ တမင်ပင် နောက်မှာကျန်ရစ်ကာ ငြိမ်းငြိမ်းချမ်းချမ်း ဆင်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပတ်ကင်ဆီ ကျွန်တော်တို့ရောက်တော့ သူမတို့သုံးယောက် အလုပ်ရှုပ်နေကြသည်။ 'မျိုး' က ကားစက်ကို နိုး၍မရ ဖြစ်ဟန်တူသည်။ စံပယ်နှင့် ထွေးမာက မျက်နှာငယ်လေးတွေဖြင့် ဟိုကြည့်သည်ကြည့် လုပ်နေကြသည်၊ ကျွန်တော်တို့ သုံးကောင်ကိုမြင်တော့ သူမတို့သုံးယောက်သား ခေါင်းချင်းဆိုင်ကာ ဘာတွေပြောနေကြမှန်းမသိ။ မျိုးကတော့ ခေါင်းတခါခါ၊ စံပယ်နှင့် ထွေးမာက လှည့်ကြည့်ကာ ကြည့်ကာဖြင့်။ သာမန်အားဖြင့် ကားတစ်ခုခု ဖြစ်နေပြီဆိုတာကို တွက်ဆ၍ရသည်။ မျိုးမှလွဲ၍ ကျန်မိန်းကလေးနှစ်ဦးက ကျွန်တော်တို့ အကူအညီတောင်းလိုဟန်ပြနေသည်ကိုလည်း ကျွန်တော် စိတ်မတောင်းစွာ ရိပ်စားမိသည်။

'ဘာကူညီရမလဲ မသိဘူး'

ကားစုတ်၏ အကျိုးကျေးဇူးကြောင့် ဝပ်ရှော့ကို အိမ်ဦးနှင့် ကြမ်းပြင်လို ကူးကာ 'ရမ်းကု'အဆင့်ကို ရောက်နေပြီ ဖြစ်သော ငထက်က ရရှိလာသော အခွင့်အရေးကို အထာနပ်စွာ အရယူသည်။

ငထက်၏ အမေးကြောင့် ထွေးမာနှင့် စံပယ်က တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်သည်။ ပြီး 'မျိုး'ကိုကြည့်သည်။ မျိုးကတော့ ကျွန်တော်တို့ကို မမြင်ချင်ဟန်ဖြင့် မျက်နှာလွှဲထားသည်။

'ဟိုလေ ကားဘာဖြစ်သွားလဲ မသိဘူး၊ စက်နိုးမရလို့'

'ကျွန်တော်တို့ ကြည့်ပေး ကြည့်မယ်လေ'

ငထက်က သွက်လက်စွာ ပြောရင်း ကျွန်တော့်ကို မျက်စပစ်ပြသည်။ သဘောကတော့ ကျွန်တော့်ကို အပါ ပွဲထုတ်ခြင်း ဖြစ်သည်။ ကားက 'မျိုး'၏ ကားကိုး၊ ကျွန်တော် ဒရိုင်ဘာနေရာမှ ထပေးသော (မထချင် ထချင် မကောင်း တတ်၍ ထပေးရသော) မျိုး၏ နေရာမှာပင် ဝင်ထိုင်သည်။ ကျွန်တော်ကား ဘောနက်ဖုံးကို ဖွင့်ပေးလိုက်သည်။ ငထက်နှင့် သော်တာက တောင်လုပ် မြောက်လုပ်ဖြင့် ဘာတွေလုပ်နေသည်မသိ။ သူမတို့ သုံးယောက်ကတော့ မလှမ်းမကမ်းမှာ သွားရပ်ပြီး စကားတွတ်ထိုးနေကြသည်။

ကျွန်တော်တို့ကို အကူအညီတောင်းရကောင်းလားဟု ဆူနေဟန် တူသည်။ သူမတို့ အုပ်စုမှာ ကြည့်ရသလောက် 'မျိုး'က ဆရာမကြီး ဖြစ်ပုံရ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖိုးတရုတ်ရေ စက်နှိုးကြည့်စမ်းပါ'

သော်တာ၏ အချက်ပေးမှုကြောင့် စက်နှိုးကြည့်သည်။ ဘယ်တနေ့ ဘယ်လို အခန့်သင့်သည်မသိ၊ ကားစက်နှိုး၍ ရသွားသည်။ သူမတို့က အံ့သြသလို လှည့်ကြည့်ကြသည်။ ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

'ရပြီ'

ငထက်က ဆရာကြီးစတိုင်နှင့် သူမတို့ကို လက်ပြကာ ခေါ်သည်။ ထွေးမာ၏ မျက်နှာမှာ ငထက်အပေါ် အထင်ကြီးမှုတို့က အတိုင်းသား၊ ထို့အတူပင် စံပယ်၏ မျက်နှာပေါ်မှာလည်း သော်တာကို လေးစားဟန်ပြနေသည်။

သူမကတော့ ဝမ်းသာမှုကို ဖုံးဖိထားလေသလား၊ နဂိုတည်ပဲလားတော့ မသိ။ မျက်နှာတည်ကြီးဖြင့်သာနေသည်။

'ကျေးဇူးတင်လိုက်တာ ကို'

'ကျွန်တော်နာမည် ထက်မောင်၊ ဒီကောင်က သော်တာ၊ ဟိုကောင်က ဖိုးဖြူဖွေး'

ကျွန်တော်ကိုကြည့်၍ ထွေးမာနှင့် စံပယ်က 'ခွိး'ခနဲ ရယ်သည်။ သူမကတော့ ပြုံးဖြီးဖြီး။ သို့သော် စက္ကန့်ပိုင်းလောက်သာ ပြုံးဖြီးဖြီး မျက်နှာက အော်ရီဂျင်နယ်အတိုင်း ပြန်တည်ကာ သွားသည်။

'ဒီနေ့ ယုဇနပလာဇာ မသွားတော့ဘူးဟာ၊ နောက်ရက်မှပဲ သွားရအောင်'

မျိုးက စံပယ်နှင့် ထွေးမာတို့ကို ကြည့်ရင်းဆိုသည်။ စံပယ်နှင့် ထွေးမာက ကျွန်တော်တို့ကို အားနာသလို ကြည့်သည်။ မျိုးပုံစံက ကျွန်တော်တို့ကို အရောမဝင်ချင်သော ပုံစံဖြစ်နေသည်ကိုး။ ဘာပဲပြောပြော သူမကတော့ ကားပေါ်ရောက်၍နေပြီ။

'သွားတော့ မယ်နော်'

ထွေးမာကပင် ကျွန်တော်တို့ သုံးယောက်စလုံးကိုကြည့်ကာ နှုတ်ဆက်ရင်း ကားပေါ်တက်သည်။ စံပယ်ကလည်း ပြုံးပြရင်း ကားပေါ်ကို တက်သည်။ ပြီး သူမက ကားကို ကျင်လည်စွာ မောင်းရင်း ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'တောတ် မင်းတောင်မလေးက တော်တော့်ကို လူမှုရေး ခေါင်းပါးတာပဲ ဖြေ့ဖျောရာ မင်းပြောတာကို ငါတော့ လက်ခံလိုက်ပြီ'

'ဟုတ်ပါ့ကွာ၊ ကျေးဇူးတင်ပါတယ်လေးတောင် တစ်ခွန်း ပြောမသွားဘူး အားနာပါးနာလေးတောင့် ပြုံးပြမသွားဘူး၊ တော်တော် ဆိုးတာပဲ'

ကျွန်တော် ဘာမှပြန်မပြောဖြစ်။ ပြန်ပြောရအောင်ကလည်း သူမဘက်က လူမှုရေး ခေါင်းပါးတာကြီးက မျက်မြင်ကိုယ်တွေ့၊ လတ်လတ်ဆတ်ဆတ်ကြီးရော၊ ခပ်ဟောင်းဟောင်းတွေကပါ ကျွန်တော် ကြုံဖူးသည်လေ။

'မင်းပြောတုန်းက သိပ်တောင်မယုံချင်ဘူး၊ ခုမှ လက်တွေ့သိရတော့တယ်'

'အေးကွ ငထွေးမာတို့ စံပယ်တို့နဲ့ကတော့ တခြားစီ'

'အဲဒါတွေ ထားလိုက်ပါကွာ၊ ဟော့ကောင် ငထက် မင်းက ဘယ်တုန်းက မက်ကင်းနစ်ပညာကို အဲသလောက်ကြီး တတ်သွားရတာတုန်း'

'အေး ဟုတ်တယ်၊ စောစောက မင်းဘာကို ပြင်ပေးလိုက်တာလဲ'

ကျွန်တော်က စကားလမ်းကြောင်းကိုအလွှဲ။ သော်တာကလည်း သတိရဖြင့် ထ,မေးသည်။ ငထက်မျက်နှာက မချိုမချဉ်ကြီး ဖြစ်သွားသည်။

'ငါ ဘာလုပ်လိုက်မှန်းကို အခုထိ စဉ်းစားလို့ မရဘူး အဟီး'

'ဩော် ရမ်းကု လိုက်တာပေါ့'

'အေး'

သော်တာ့အမေးကို ဖြေရင်း ငထက်က တဟဲဟဲဖြင့် ရယ်သည်။ ဘာပဲပြောပြော သူ့အနေနှင့်ကတော့ ထွေးမာ၏ အထင်ကြီး လေးစားမှု ရသွားခဲ့သည်ကတော့ အမှန်ပင်။

'ခွေးကောင် ဒါကိုများငါ့ကို သူက 'ဟကောင် ဟိုကောင်ကို စက်နှိုးခိုင်းကြည့်စမ်းပါ'တဲ့။ ငါကလည်း အဟုတ်ကြီး မှတ်ပြီးတော့ မင်းကို လှမ်းအော်တာ၊ တော်သေးတာပေါ့၊ မဟုတ်ရင် အရှက်ကောင်းကောင်းကွဲမယ့် ကိန်းကွ'

'အဟဲ မင်း ငါ့ကို ကြိတ်ပြီးတော့ ကြည်ညိုနေတယ် မဟုတ်လား'

'အောင်မာမာ ကြည်ညိုစရာလား မင်းကို'

'ဝန်ခံလိုက်စမ်းပါ သော်တာရာ၊ ကားစက်နှိုးသွားတဲ့အချိန်မှာ မင်း ငါ့ကို အထင်တကြီးနဲ့ ကြိတ်ပြီး ကြည်ညိုနေတဲ့ အကြည့်ကို ငါအခုထိ မြင်



www.burmeseclassic.com

www.burmeseclassic.com



မိတုန်း'

'ဟာ ဖွတ်ကြီးပါလား၊ ဖွတ် ကြည်ညို ခိုင်းနေပြန်ပြီ'

'တော်ပြီ တော်ပြီ အဲဒါတွေ အသာထား၊ အခု လက်ရှိ အနေအထား ဆို မင်းတို့ ဖုန်းဆက်လို့ ကောင်းပြီကွ၊ မင်းတို့ အဆင်ပြေပါစေလို့ ငါဆု တောင်းရမှာပဲ'

ကျွန်တော့် အပြောကြောင့် သော်တာက တစ်ချက်ပြုံးသည်။

'ငထက်ရေ ဒီကောင်ကတော့ ဆင်ဖြူတော် မျိုး ကြံစုပ်မလို့ ချောင်း နေပြီ'

'အေး သူက ငမည်းကိုး'

'မင်းကတော့ လုပ်ပြီ၊ ဘယ်နှခါ ပြောရမလဲ၊ အနက်ရောင်ပါဆိုကွာ'

'ဩော် အေး sorry '

သကောင့်သားများက အူမြူးနေကြသည်။ မြူးဆို မြူးနိုင်လောက် အောင်လည်း အခြေအနေက ကောင်းခဲ့ကြသည်ကိုး။

ကျွန်တော်ကတော့ အခြေအနေမကောင်း၊ တကယ် 'မေဘဝင်' ကိုမှ သွားရွေးမိသလို ဖြစ်နေသည်။

မတတ်နိုင် တမင်ရွေးချယ်ခဲ့တာ မဟုတ်၊ နှလုံးသား၏ စေစားမှုအရ ချစ်ခဲ့မိခြင်းသာ ဖြစ်သည်။

သူမသည် လိုအပ်တာထက် ပိုမိုမာကျောနေသော ရေခဲတုံးလို အေး စက်မာကျောလေလေ ကျွန်တော်က ပိုချစ်မိလေ။ မည်သို့ တတ်နိုင်ပါအံ့နည်း။

အချစ်က တမင်ရွေးချယ်၍ရသော အရာတစ်ခုမှမဟုတ်ပေပဲ။

'ဝိုး ပူတာကွာ'

ရင်ပူနေလို့လားမသိ၊ လူပါလိုက်ပူလို့လာသည်။ ကားထဲဝင်ရင်းပြော တော့ ငထက်ကငါးခူပြုံး ပြုံးသည်။

'ပူမှာပေါ့၊ မင်းက အသားမည်းတာကိုး'

'ဘာဆိုင်လို့လဲကွ'

'ဆိုင်တယ်လေ၊ အမည်းရောင်က အပူကို ပိုစုပ်တဲ့သဘော ရှိတယ် လေ၊ မင်းသိပါတယ်'

သော်တာက အကင်းပါးစွာ ဝင်ကစ်သည်။ အသားမည်းသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဝတ်သတ်ပြီး မြေးနိုင်အောင်ကို နှိပ်ကွပ်နိုင်လွန်းကြသည်။

'သော်တာရေ တံငါနားနီး တံငါ၊ မုဆိုးနားနီးမုဆိုး ဆိုတာ မင်းကြား ဖူးမှာပေါ'

'ဟာ . . . ကြားဖူးတာပေါ့ ထေက်ရ၊ ငါက ငတုံးမှ မဟုတ်တာ'

'အေး ငါတို့လည်း အသားတစ်နေ့တခြား အနက်ရောင် ရင့်ရင့် ဖြစ်လာသလား'

'ခွေးကော[illegible]တွေ'

ကြဲကြဲဖန်ဖန် စိတ်ကူးပေါက်သော ထေက်တို့ကို ရယ်ရင်း ဆဲမိသည်။ အသည်းမည်းသော ကျွန်တော်နှင့် ပေါင်း၍ သူတို့ အသားများ မည်းမည်း လာသယောင်ယောင်ဆိုသည်။ ထေက်နှင့် သော်တာက တဟီးဟီးဖြင့် အမြင်ကပ်စရာ ကောင်းလောက်အောင် ရယ်သည်။

'အသားမည်းကူးတာက ကိစ္စမရှိဘူး'

'အင်း ဆိုစမ်းပါဦး ထေက်ရ'

'ကောင်မလေး မကြည်တာပါ ကူးလာမှ ဒုက္ခ'

'အေး အပေးပေး ဟုတ်တယ်ကွ၊ ဒီကောင်က ငါတို့လောက် မျက်နှာ ပွင့်ရှာတာ မဟုတ်ဘူး ဟီးဟီး'

သော်တာက ပါးစပ်အရသာခံပြောရင်း ရယ်သည်။ ကျွန်တော်က တော့ မချိပြုံး ပြုံးဖြစ်သည်။

'မင်းတို့ကတော့ မျက်နှာတော်တော်ပွင့်တယ်၊ သင်တန်းက စာရေး မလေးတွေက ပြောနေသေးတယ်၊ အသားဖြူဖြူလေးတွေနဲ့ ချစ်စရာလေးတဲ့'

'အောင်မြတ်လေး၊ လေဒီအေးလား'

'အဲဒါကြီးနဲ့တော့ မလုပ်ကြပါနဲ့ကွာ၊ သားသား ကြောက် ကြောက်'

'အေးလေ မင်းတို့နှစ်ကောင် ပြောဖူးသလိုပေါ့၊ ဖူးစာဆိုတာ ရှောင် လွှဲလို့ မရဘူး။ ဖူးစာပါလို့ကတော့ သားသား ကြောက်ကြောက် ဆိုတဲ့ကောင် တွေ သားသား ကြိုက်ကြိုက်ဖြစ်မှာ မြင်ယောင်နေသေးတော့'

'ဟ ကောင် ငါတို့က အသီးသီး ကြည်နေကြပြီ၊ မင်းကမှ ရည်းစား လက်မဲ့ စစ်စစ်ကြီးကွ ဖိုးတရုတ်ရ၊ ဒီတော့ မထူးပါဘူး၊ လေဒီအေးဆိုတဲ့ မင်းရဲ့ ဖူးစာ စစ်စစ်ကြီးကို မင်းပဲ ယူလိုက်တော့'



www.burmeseclassic.com

www.burmeseclassic.com



'အေး ခက်တာက လေဒီအေးက ငါ့ကို မကြိုက်ဘူးကွ၊ သူက မင်းတို့လို အသားဖြူတဲ့ ကောင်တွေကိုမှ ကြိုက်တာ၊ မင်းတို့နှစ်ကောင်စလုံး သူ့ကို ပူးတွဲယူချင်ရင်လည်း ယူကြပေါ့ကွာ'

'ခွေးကောင်၊ အသားမည်းသလောက် တော်တော် ညစ်တီးညစ်ပတ် နိုင်တဲ့ကောင်၊'

နောက်ဆုံးစကားနိုင်လု၍ မနိုင်တော့သည့်အဆုံး ဒီ'အသားမည်းဘူတာ' ကိုပဲ ဆိုက်ကြပြန်သည်။

'တစ်ခုတော့ ရှိတယ် သော်တာရ'

'အေး ပြော'

သော်တာ့ ကိုယ်စား ကျွန်တော်က ငထက်ကို ရွဲ့ကာ ဝင်ထောက်ပေးလိုက်သည်။

'ဟကောင် ကားကို လိပ်လို မောင်းမနေနဲ့လေကွာ'

သော်တာက အပြစ်မရှိ အပြစ်ရှာ ကားမောင်းနှေးတာကို အပြစ်တင်သည်။ ပြီး 'ပြော ငထက်'ဟု ငထက်ကို အစပျိုးပေးသည်။

'ဟိုကွာ မိုက်ကယ်ဂျက်ဆင်တောင် မီးသွေးဘဝကနေ ထုံးဘဝ ရောက်သေးရင် ငါတို့ ဖိုးဖြူဖွေးက ဘာဖြစ်လို့ ကိုကိုမှောင် ဖြစ်ရမှာလဲ'

'ဒါပေါ့ကွ'

'ကဲ . . . ဒီကောင်လည်း ဖြူသွားပြီ ဆိုပါစို့'

'ဟုတ်ပြီ'

'ငါတို့ကလည်း ဒီကောင်ရဲ့ ရည်းစားမရှိတဲ့ ပြဿနာကို ဖြည့်ဆည်းပြီးသားဖြစ်ရော၊ သင်တန်းက လေဒီလေးလည်း အသားဖြူကိုမှ ကြိုက်မယ်ဆိုတဲ့ ဆန္ဒလည်း အထမြောက်သွားရော၊ မကောင်းဘူးလား'

'ဟား ငထက် မင်းတော်လှချည်လားကွ၊ ငါ့ကောင်ရ'

'အေးပါ . . . အေးပါ ငါ့ကိုပဲ မင်းတို့ တစ်ချိန်လုံး နှိပ်ကွပ်နေကြတိုထွေးမာတို့ စံပယ်တို့ကလည်း မင်းတို့ကို နှိပ်ကွပ်ကြပါလိမ့်မယ်၊ ဝဋ်ဆိုတာ ထည်တတ်တယ်ကွ'

'အောင်မာမာ ကျိန်စာယောင်ယောင် ဘာယောင်ယောင်တွေ တိုက်ချင်သေးတယ်'



www.burmeseclassic.com

www.burmeseclassic.com

'တ . . ကျိန်စာတိုက်တာ' မဟုတ်ဘူး၊ ဝင့်ဆိုတာ လည်တစ်တယ်ဆို တာကို ငါက မေ့နေမှာစိုးလို့ သတိပေးတာ၊ သော်တာ မင်းလည်း မင်းဗိုက်ပူ တာကို စံပယ်က ပြောလိုက်မယ့် အမျိုး၊ ဟိုကောင် ငထက် မင်းလည်း ဒီနေ့က စပြီး ထွေးမာ်ဒေါက်မြင့်မစီးပါစေနဲ့လို့ ဆုတောင်း၊ တော်ကြာ ရည်းစားတွေ ဘာတွေဖြစ်ရင် မင်းကို သူ တူလို့အောက်မေ့နေဦးမယ်'

'အောင်မာမာ ဒီကောင်'

'ငထက် သူ့စကား သွားနားထောင်မနေနဲ့ ၊ ဒီလိုပဲ သစ်ပင်မြင့်ရင် လေပိုတိုက်တတ်တယ်၊ သူများ ရည်းစားလောလောလတ်လတ် ရတော့မယ့် အရေးကို ဒီကောင် မခံစားနိုင်ဘူး ဖြစ်နေတာ'

'ဟုတ်တယ်၊ ကိုယ့်ထက်သာ မနာလို ဆိုလား၊ ဘာဆိုလား'

သူတို့၏ ငယ်ကျိုးငယ်နာကို ဖော်လိုက်သဖြင့် 'ဟုတ်လျှင်ခံခက်၊ အမျက်ထွက်' ဆိုသလို သကောင့်သားတွေ ရှုံးရှုံးရှဲရှဲတွေ ဖြစ်ကုန်ကြသည်။ တစ်ခါမှလည်း ကျွန်တော်က သူတို့ကို ဤသို့ စိတ်လိုလက်ရ မနှိပ်ကွပ်ဖူးသည် မို့ ပိုနာကြဟန်တူသည်။ နှစ်ကောင်စလုံး အီးမှန်ထားသလို ရုပ်မျိုး ကိုယ်စီနှင့်။

ကျွန်တော် ရယ်ချင်သော်လည်း မရယ်ဖြစ်၊ တော်ကြာ စိတ်တို မာန် တိုတွေ ဖြစ်ပြီး ကျွန်တော့်ကို နှိပ်ကွပ်လို့ မဆုံး ဖြစ်ဦးမည်။

'ကဲ . . . ကိုသော်တာ ကိုသော်တာ့အိမ်ရှေ့ ရောက်ပါပြီ ခင်ဗျား'

ကားရပ်ရင်း ပြောသော စကားကြောင့် ကလေးဆိုးကြီးလို လုပ်နေ သော သော်တာက ခပ်သွက်သွက် ဆင်းကာ ကားတံခါးကို ခပ်ကြမ်းကြမ်း ပိတ်သည်။

'ငါ့ ဗိုက်ပူနေတာကိုလေ လေ့ကျင့်ခန်းလုပ်ပြီး ချပ်အောင် လုပ်လို့ ရတယ်ကွ သိလား ငထက်၊ မင်းလည်း အသက်ငယ်သေးတာပဲ အရပ်ရှည်လာ အောင် ဘားဆွဲ၊ ကြားလား'

ကားအောက်ရောက်တော့မှ သော်တာက ငထက်ကို ပြောသလိုလိုနှင့် ကျွန်တော့်ကို လှမ်းစသည်။

'အေးပါ၊ ငပျင်းရ လိမ်းဆေးတွေ ပလာစတာတွေ အားကိုးနဲ့ ကြားလား'

ကြားမှ ဖြတ်ကာ ဝင်ပြောရင်း ကျွန်တော် ကားကို 'ဓိဝါ'ခနဲ မောင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်သည်။ လက်သီးကြီး လိုက်ပြနေသော သော်တာ့ကို ဘက်မှန်မှ မြင်နေရသည်။ ငထက်က ခွီးခနဲ ရယ်သည်။

'ဘာ့ရယ်တာလဲ ငထက်၊ မင်းလည်း သတိထား၊ အရုပ်ရှည်တယ်ဆိုတဲ့ ဆေးတွေသောက်ပြီး လက်သည်ကြီးပဲ အားကိုးမနေနဲ့၊ ကိုယ်တိုင်တလည်း ညစ်အားပေးဦး ကြားလား'

'အဲဒါ မင်းမေကြီးတော်ကို သွားပြောပါလား'

ငထက်က တိုတိုဖြင့် ထိုသို့ တုံ့ပြန်သည်။

'အဲ လူပုစိတ်တို ဆိုလား။ ဘာဆိုလားကွာ၊ ဘာတဲ့ ခွေးပုတော့ ရှာလည်၊ လူပုတော့ ခရာကျယ် ဆိုလား'

'မင်း လွန်လာပြီးနော် မဲလုံး'

'ဘယ်က မဲလုံးဖြစ်ရပြန်တာလဲ မင်းတို့ပဲ ငါ့ကို ကိုဖြူးဖွေးဆို၊ ဖိုးတရုတ်ဆို၊ အခု အမြန်မှန်တွေ ရကုန်ကြပြီပေါ့'

'ခွေးကောင် မကြည်တာလည်း မပြောနဲ့၊ အကျင့်ကို မကောင်းဘူး၊ လူတစ်ဖက်သားကို ပြောရမယ်ဆို မှို့ချိုး မျှစ်ချိုး'

ထက်မောင်တို့ အိမ်ရှေ့ရောက်ပြီမို့ ကားရှိန်ကို သတ်ပေးလိုက်သည်။ ငထက်က ကားပေါ်မှ ခပ်သွက်သွက်ဆင်းသည်။

'သွားမယ်နော် ကိုကြီးရှည်'

'ဟကောင် မရိုနဲ့နော်၊ ငါ အုတ်ခဲနဲ့ ကားမှန်ကောက်ထုလိုက်ဦးမယ်'

'ဟ ဟ မလုပ်လိုက်ပါနဲ့ကွ၊ မင်း ရုပ်ကလေးက ဖြောင့်ရက်နဲ့'

'အဟီး အမှန်အတိုင်း မပြောနဲ့လေကွာ'

'တကယ်ပြောတာကွ ငါမင်းကို ဒီနေ့ ကောင်မလေး အကြည်ဆိုက်တော့မှ သေသေချာချာ သတိထားမိတယ်၊ ငါ့ကောင်က လူချောဟ'

'အဟဲ ဟဲ ဟဲ မင်း အမြင်မှန်တွေ ရနေပြီ'

ငထက်က ကော်လံကို ထောင်ရင်း မြောက်ကြွကြွဖြင့် ဆိုသည်။

'တစ်ခုပဲ ရှိတယ်ကွ'

'အင်း၊ အုတ်ခဲနော် အုတ်ခဲ'

နှိပ်ကွပ်တော့မှာကို သိသည်မို့ ငထက်က ဟိုဒီ ရှာရင်း 'အင့်' ဟု ခြိမ်းခြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အချစ်ကလေးက ဝူပြီး တလေးမသာ ရှပ်လေးထွက်နေတာ ဆိုးတယ် ပါသွားပြီ တလေးမသာ၊ အဲ ငထက်ပုရေ'

ပြောရင်းဆိုရင်း မောင်းထွက်ခဲ့သော ကျွန်တော့်ကို ငထက်ကတော့ ဆဲနည်း တစ်ထောင်ကုန်အောင်ဆဲရင်း ကျန်ရစ်ခဲ့မှာ မြင်ယောင်သေးတော့သည်၊ ပြောမနာ ဆိုမနာ ဆိုသော်လည်း တစ်ခါတစ်ခါ ကျွန်တော်တို့ချင်း ပြောသော စကားက တော်တန်ရုံ ခင်မင်မှုလောက်သာဆို နပန်းလုံးရကိန်းရှိသည်၊



www.burmeseclassic.com

www.burmeseclassic.com

## ၄

ကောင်မကလေးရယ်
လတ်ဆတ်လှချည်လား။
မင်းရဲ့ အမုန်းတွေက
ဘယ်အချိန်ကများ နင်စိုက်ပျိုးခဲ့ပါလိမ့်။
(ငါ့အတွက် ရည်ရွယ်ပြီးတော့လေ)
'တစ်ဖက်သတ်' ဆိုတဲ့ ဝေါဟာရကို
ငါ့အတွက် ဘာအထိမ်းအမှတ်မှ မရှိဘဲ
နင်မို့လို့ ရက်ရက်ရောရော ပေးတတ်တယ်။

ကောင်မကလေးရယ်
နင့်ဆီက ရတဲ့ အနိကာဒ်တွေ
သက်သတ်လွတ် ဖြစ်ပါစေလို့ . . . ငါ ဆုတောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ကားပြင်ပြီး တတိယမြောက်ရက်။

ကန်ပေါင်မှာ အကြော်စား ဖြစ်ကြသည်။ အိပ်မက်များလားဟ ကျွန်တော့်ကိုယ် ကျွန်တော် မယုံချင်။ ရှိးပါသည်။ အ ပါသည်ဟု ကြွေးကြော် ခဲ့ကြသော ငထက်နှင့် သော်တာကား သွေက်နှင့် မော်တာ ဖြစ်နေသည် လျှင်လိုက်သမှ၊ တရုတ်သိုင်း စာအုပ်တွေထဲကလို မည်သို့ ပြုလုပ်လိုက်သည် မသိ။ တစ်ဖက်လူများမှာ အတုံးအရုန်း ဆိုတာမျိုး။

ကန်ပေါင်လို နေရာမျိုးက အကြော်ဆိုင်ကို ရအောင် ခေါ်လာ သည်။ ကျွန်တော် သိထားသလောက် နှစ်ကောင်စလုံး ချစ်စကား၊ ကြိုက်စကား ရည်းစားစကား ဆီးပြားစကား တစ်ခွန်းတစ်လေမှ မဟာကြသေး။

‘ငါက ပိုင်မှရိုက်မှာ’ လို့ ငထက်ပြောစဉ်က ‘အေး ငါရောပဲ’ အားတက်သရော ပြောခဲ့သော သော်တာ၏ စကားကို ပြန်လည် ကြားယော နေမိသည်။

‘ ကိုငြိမ်းချမ်းနိုင်ကို အရမ်းသွက်တယ် ထင်နေတာ တကဒ် ကျတော့ လူအေးကြီးနော်’

‘အေး စံပယ်လည်းလေ ကိုငြိမ်းချမ်းနိုင်ကို ငပေါကြီးပဲ ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



အဟီး'

ဘလိုင်းကြီး နှိပ်ကွပ်မှန်း သိသော်လည်း အသာရယ်နေလိုက်ရသည်။ 'ငပေါကြီး'တဲ့။ ရက်စက်ပါပေ့။ သူ့မကတော့ စပယ့် စကားကြောင့် လှစ်ခနဲ ပြုံးသည်။ ပြုံးသည် ဆိုရုံမျှ ပြုံးပြီး ပြန်တည်သွားသည်။ သူမသည်လည်း တကယ်တမ်းကျ ဣန္ဒြေသိက္ခာကြီးသူပင်။ ကျွန်တော် ထင်မှတ်ထားသလို ခပ်စွာစွာ မဟုတ်၊ လိုအပ်လွန်းမှသာ 'ဟောဟော ဒိုင်းဒိုင်း' ပီသလေးနှင့် ဘေးပစ်သလို ပြောတတ်မည့် ပုံစံမျိုး။

'ဒီကောင်က ပျော်တတ်တာပါ၊ အသားမည်းပေမယ့် အသည်းတော့ ဖြူပါတယ်'

'အယ်လ်ထရာဆောင်း ရိုက်ကြည့်ထားလို့လား အဲဒီလို ဖြူမှန်းသိနေတာက'

ငထက်က ချီးမွမ်းသလိုလိုနှင့် နှိပ်ကွပ်သည့်ကြားထဲ ထွေးမာတပါ အဆစ်ဝင်ဆော်သည်။ မချိုပြုံး ပြုံးကာ မချိရယ် ရယ်နေလိုက်သည်။ ငထက်တို့ ဒီအတိုင်း လွှတ်ပေးလို့မရ၊ ကျောင်းမှန်း ကန်မှန်းသိအောင်တော့ ပညာပေးထားဦးမှ ဖြစ်မည်ဟု ကျွန်တော်တွေးသည်။

'ငထက် မင်းဘားဆွဲတာ အခြေအနေကောင်းလား၊ တိုးတက်မှုရှိလား'

မမျှော်လင့်ဘဲ ပြုံးဖြီးဖြီးကြီးမေးသော ကျွန်တော့်စကားကြောင့် ဆရာသမား မျက်နှာကြီး မည်းသွားသည်။ ပြီး ထွေးမာကို ရှက်ကြည့်ဖြင့် လှမ်းကြည့်လိုက်သေးသည်။

'နေပါဦး၊ မင်း က အရင်က အရပ်မရှည်ချင်ပါဘူး၊ အခုမှ ဖြုန်းစားကြီး ရှည်ချင်နေပါလား၊ ဘာဖြစ်လို့လဲ သိခွင့်ရှိမလား ဟဲ ဟဲ'

သော်တာက ချက်ဆို နားခွက်က မီးကျွမ်းနေပြီးသား၊ နောက်ဆုံး ဟဲဟဲ ဆိုတာက ထွေးမာကို ကြည့်ရင်း တမင်လုပ်ကာ ရယ်သည်။

ထွေးမာက ကလေးသာသာ မဟုတ်သည်မို့ ဘာကို ဆိုလိုမှန်း မသိဘဲ မနေ။ မသိမသာ ရှက်သွားသော်လည်း ဘာမှမဖြစ်သလို မင်ဖြင့် ခပ် တည်တည်နေသည်။

'ဩော် . . . ဒါနဲ့ မထွေးမာ ဒေါက်မြင့်တွေ ဘာတွေ စီးတတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကြိုက်တာပေါ့ ကိုသော်တာရဲ့ ဘာဖြစ်လို့လဲ'

'တာ အဲဒါမှ ဒုက္ခပဲ'

သော်တာက ထိုစကားကို ထက်အားကြည့်၍ ပြောခြင်းဖြစ်သည်။ ထက်မှက်နှာက ရဲခနဲ။ သော်တာ့ကို ဘုကြည့်ကြည့်သည်။ ကျွန်တော်ကတော့ အစသာ ဖျိုးပေးလိုက်ပြီး ဘယ်ခွင်မှာ အထိနာအောင် ရိုက်ရပါ့ ဟု စောင့်နေရဆဲ၊ သော်တာကချည်း တောက်လျှောက် နှိပ်ကွပ်နေသည်။

'ဘာဒုက္ခလဲ ကိုသော်တာ'

ထွေးမာက မသိချင်ယောင်ဆောင်တာလား၊ တကယ်ပဲ မသိသလား မသိ၊ သော်တာ့ကို မေးသည်။ သော်တာက

'ဘာမှ မဟုတ်ပါဘူး'

'ဘာ . . . ဘာမှ မဟုတ်ပါဘူးလည်း ပြောလေ လူတစ်ဖက်သားကို ဆန့်တငင်ငင် ဖြစ်အောင်လုပ်တာတော့ မကောင်းပါဘူး'

စံပယ်က ဝင်ပြီး သူမ၏ သူငယ်ချင်းများဘက်မှ ဝင်ပြောသည်။ တကယ်တမ်းကျတော့ သူမသည်လည်း ထက် ရှက်နေသည်ကို စ,ချင်နေသေးသည်ကိုး။

'ဪ ဒီလိုလေ သင်တန်းက သုံးလှာမှာဆိုတော့ တက်ရဆင်းရတာ ဒေါက်မြင့်ကြီးနဲ့ဆိုတော့ ဒုက္ခပဲ . . လို့'

အဖျားရှူးသွားသော သော်တာ၏ စကားကြောင့် ထက်က မသိမသာ သက်ပြင်းချသည်။

'အမလေး . . . ဘာများလဲလို့ ကိုသော်တာ ပြောမှပဲ မိထွေးက သင်တန်းလာရင် ဖိနပ်နှစ်ရံ ယူလာရမလို ဖြစ်နေပြီ၊ လှေကားပေါ်တက်တော့ မယ်ဆိုရင် Slipper စီး၊ အဲဒီလို သဘောလား'

စံပယ်က ကပ်တီးကပ်ဖဲ့ ခွကျအောင်ကို ပြောသည်။ ထက်က ချောင်းကို 'အဟမ်း' ဟုဆိုးသည်။ တစ်ခုခုပြောတော့မည်ဆိုတာ သိသဖြင့် အားလုံးက ထက်ကို ကြည့်ကြသည်။

'တကယ်တမ်းကျတော့ ဒေါက်မြင့်စီးတာ မကောင်းဘူး'

'အဟမ်း အဟမ်း'

'အဟွတ် အဟွတ်'



www.burmeseclassic.com

www.burmeseclassic.com



ငထက် ဉာဏ်လေး တစ်ထွာတစ်မိုက်နှင့် ဒေါက်မြင့် မစီးအောင် လှည့်ကာ ပတ်ကာ ပြောတော့မည်ဆိုတာ ကျွန်တော်ရော သော်တာပါ သိသည်မို့ တစ်ယောက်တစ်မျိုးစီ ချောင်းကိုလုပ်ကာ ဆိုးဖြစ်သည်။ ထွေးမာတို့ကတော့ မသိတာလား၊ အားနာ၍ပဲ မသိချင်ယောင်ဆောင်သည်လား မသိ၊ ငထက်ဘာဆက်ပြောသလဲဆိုတာကို နားစွင့်နေကြသည်။

'ဒီလိုလေ ဆေးပညာ သဘောတရားအရ ဒေါက်မြင့် စီးခြင်းဟာ ခြေသလုံး ကြွက်သားတွေအတွက် လုံးဝ မကောင်းဘူးတဲ့' ရေရှည်စီးရင်တော့ ရေရှည်ဆိုးကျိုးတွေ ရှိတယ်လေ'

'အဲဒီလိုလား၊ ဒါပေမယ့် ထွေးမာတို့က ထမင်းမစားနဲ့ဆို နေနိုင်တယ်၊ ဒေါက်မစီးဘဲနဲ့ကတော့ မနေနိုင်ပေါင်တော်'

ထွေးမာ၏ စကားကြောင့် ကျွန်တော်နှင့် သော်တာက သောက်လတ်စရေနွေး 'ဖွီး'ခနဲ သီးသည်။ ငထက်က မျက်နှာကြီး နီတက်သွားသည်၊ ကျွန်တော်တို့ ရယ်လိုက်သဖြင့် ထွေးမာက 'တကယ်ပြောတာ' ဟု ထပ်တွန့်သည်။ သူမစိတ်ထဲမှာ ကျွန်တော်တို့ကို သူမ အရွှန်းဖောက်တာ မဟုတ်ဘဲ အတည်ပြောကြောင်း သိစေလိုဟန်တူသည်။

'ဟုတ်တယ်နော်၊ တကယ်တမ်းကျတော့လည်း မိန်းကလေးတွေ ဒေါက်စီးလိုက်ရင် တစ်မျိုးကြည့်ကောင်းတယ်။ စတိုင်ကျသွားသလိုပဲ'

သော်တာကလည်း မြှောက်ထိုးပင့်ကော် ကျွမ်းကျင်အဆင့် မီသူပီပီ ငထက်ကို တစ်ချက်ကြည့်ရင်း ထွေးမာကို ထောက်ခံသည်။ ကျွန်တော်က မျက်နှာကြီးသုန်မှုန်နေသော ငထက်ကို မျက်ခုံးမသိမသာ ပင့်ပြတော့ သတောင့်သား ဒေါသထွက်ဟန်ဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့သည်။

'ဒါနဲ့ စံပယ်တို့ သိမလား မသိဘူး၊ ဟိုဘယ် စင်တာမှာ အလေးတစားရ ကောင်းမလဲ မသိဘူး'

'အယ် . . . ကိုထက်အောင် ကစားမလို့လား'

စံပယ်၏ အံ့အားတသင့် တုံ့ပြန်မှုကြောင့် ငထက်မျက်နှာကြီး စတော်ဘယ်ရီသီးလို နီမြန်းကာ သွားသည်။ အရပ်က ပုရသည့်ကြားထဲ အလေးတမ ဦးမယ်တဲ့လားဟု အဓိပ္ပာယ် ရောက်နေသည်ကိုး။

'မဟုတ်ဘူး၊ ဒီကောင် သော်တာလေး ဗိုက်ရွှဲနေလို့တဲ့ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဝလာစတာတွေဝယ်ပြီး ကပ်တာလည်း အဆင်မပြေဘူး။ လိမ်းဆေး လိမ်းတာလည်း ဆေးပေါင်း တော်တော်စုံနေပြီလေ'

ငထက် ဖော်ကောင်လုပ်သော်စကားကြောင့် စံပယ်အပါအဝင် တောင်မလေး အားလုံး၏ အကြည့်က ပူတူတူ ဖြစ်နေသော သော်တာ၏ ဗိုက်ပေါ် အကြည့်ရောက်ကုန်သည်။ ငထက် စကားစလိုက်ကတည်းက နှိပ်ကွပ်ခံရတော့မည်ဆိုတာ ကြိုသိထားသဖြင့် အသင့်အနေအထားဖြင့် ရှိနေသော သော်တာက 'ဆတ်' ဆို အသက်ကို ရှူထုတ်လိုက်ပြီး ဗိုက်ကို 'ရှုပ်' ထားလိုက်သည်။ ဒါကို သိသော ကျွန်တော်နှင့် ငထက်က 'ခွီး'ခနဲ ရယ်မိကြသည်။ အကြာကြီး အသက်အောင့်ထား၍ မရသော သော်တာက လေကို ကမန်းတတမ်း ခိုးရှူသွင်းရင်း အမြန်ပြန်ရှူထုတ်ကာ ဗိုက်ကို ရှုပ်ထားပြန်သည်။ ပြီး သူဘာမှမဖြစ်သလို ဘာမှမလုပ်သလိုမျိုး အားလုံးကို ပြုံးပြလိုက်သေးသည်မို့ ပို၍ပင် ရယ်စရာကောင်းနေသေးတော့သည်။

'ဒီလောက်ကြီးလည်း မဟုတ်ပါဘူး'

'၆ လ ဗိုက်လောက်ပဲ ရှိတယ် အဟီး'

'ဒီလောက်ကြီးလည်း မဟုတ်ပါဘူး' ဆိုသော စံပယ်၏ ဖာဖာ



www.burmeseclassic.com

www.burmeseclassic.com



ထေးထေးပြောသော စကားကို 'ထွေးမာ'က ထိုသို့ နှိပ်ကွပ် မိလိုက်ရင်းတရှက်ရယ်ရယ်သည်။ အသက်အောင့်ကာထားသော သော်တာက အသက်ရှူချင်လာသဖြင့် လက်နှစ်ဖက်ကို မသိမသာ ဗိုက်ပေါ် ယှက်ကာ တင်သည်။

'ကြားဖူးတယ်၊ ဘယ်ခွေးမှ ဗိုက်မရွဲဘူးဆိုလား'

'ဘာကွ'

'ဒီကောင်တော့'

ကျွန်တော်နှင့် ငထက် ထိုသို့ ထ,အော်မိသည်အထိ သကောင့်သားနှိပ်ကွက်ပုံအရဆို ဗိုက်မရွဲရင်ဘဲ ကျွန်တော်တို့က 'ထ' 'အူ' နေရမလို ဖြစ်နေသည်။

'ဟာ မင်းတို့ ဗိုက်ရွဲတဲ့ခွေး မြင်ဖူးလို့လား၊ ဗိုက်ကြီးတာကို ငါပြောတာမဟုတ်ဘူးနော်'

'အောင် မာမာ ငါတို့တောင် ဗိုက်ကို မွေးရမယ့်ပုံ ဖြစ်နေပြီ'

'ဟုတ်ပါ့ကွာ၊ သူ့ဘာသာသူ ရုပ်ပျက် ဆင်းပျက်ဖြစ်နေတာတို အချောင်ဂုဏ်ယူချင်နေသေးတယ်၊ တောက်!'

ကျွန်တော်တို့ သုံးယောက်ကို ကြည့်ရင်း စံပယ်တို့က ရယ်ကြသည်။ နောက်ဆုံးတော့ တစ်ယောက်တစ်ပေါက် အချင်းချင်း နှိပ်ကွပ်ကြရင်း သူမတို့နှင့် ရင်းနှီးလာအောင် ထိုနေ့က ကျွန်တော်တို့ လုပ်ယူနိုင်ခဲ့ကြသည်။

မှတ်မှတ်ရရ ထိုနေ့က သူမ လှပသော အပြုံးကို သုံးခါတိတိကြီးပြုံးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငထက်တို့ သော်တာတို့၏ ကောင်းမှု အစုစုတို့ကြောင့် ကျွန်တော်နှင့် သူမကြားမှာ ခင်မင်မှု သိသိသာသာကြီး တိုးတက်လာသည်။ သိသာသော တိုးတက်မှုဟု ဆိုရာ၌ သူမဘက်က တိုးတက်တာ မဟုတ်ဘဲ ကျွန်တော့်ဘက်မှ တိုးတက်ခြင်းဖြစ်သည်။

ဥပမာ ဆိုင်တစ်ဆိုင်ဆိုင်မှာ ထိုင်ကြသောအခါ သူမသောက်နေကျ Ice Coffee ကို သတိတရ ကျွန်တော်က မှာပေးလိုက်တာမျိုး။

တစ်ခါတစ်ရံကျပြန်တော့ 'ဒီနေ့ ရုပ်ရှင်ကားသစ်တင်တယ်လေ၊ ငါတော့ အားလုံးအတွက် လက်မှတ်ဝယ်လာပြီ' ဆိုတာမျိုးအနည်းငယ် ပိုင်စိုးပိုင်နင်း ပြောရဲဆိုရဲ ရှိလာသည်။

သူမကတော့ တစ်ခါတစ်ရံ 'ကောင်းသားပဲ'ဟု နှုတ်ကျွံလာတတ်တာမျိုးရှိသလို၊ သူမအတွက် Ice Coffee မှာပေးတဲ့အခါမျိုး၊ တစ်ခုခုစားလျှင် ဥပမာ ကြာဆံကြော်လို ခေါက်ဆွဲကြော်လို ထမင်းကြော်လို စသဖြင့် သူမ မှာသောအခါမှာ 'ကြက်သားနဲ့နော်' ဟု စားပွဲထိုးကို ဝင်ပြောပေးလိုက်သောအခါမျိုးများမှာ သူမက အရည်လဲ့သော မျက်ဝန်းကြီးဖြင့် ကျေးဇူးတင်စွာ လှမ်းလှမ်းကြည့်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘက်က အနည်းငယ်မျှသော (ကျွန်တော့်အပေါ်) favour ပေးတိုင်း ကျွန်တော်ကတော့ များစွာ ဝမ်းသာရစမြဲ၊

သူမနှင့် အနီးကပ်ကြာကြာနေရလေ ကျွန်တော်ကတော့ ပိုချစ်မိလေပဲ ဖြစ်သည်။ သေသေချာချာ ပေါင်းကြသောအခါမှ သူမသည် ရည်မွန်စွာဖြင့် သိက္ခာတရားကို တန်ဖိုးထားတတ်သော မိန်းကလေးတစ်ဦးဖြစ်မှန်း သိလာရသည်။

သူမနှင့် ဖြည်းဖြည်းချင်း အဆင်ပြေနေသလို၊ တစ်ဖက်မှ 'သွန်းရတီနွယ်'၏ ကိစ္စကြီးကလည်း (မေမေနှင့် သူမဘက်၌) တရိပ်ရိပ် တိုးတက်မှန်းမသိ တိုးတက်လာခဲ့သည်။ ကျွန်တော်က လက်ရှိတက်နေသော English သင်တန်းကို Level တစ်ဆင့်ချင်း ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင် ဆက်တိုက် တက်နေခြင်းအပေါ် မေမေက သိပ်မကြည်လင်ချင်သလို၊ 'သွန်းရတီနွယ်' ဘက်ကလည်း ရှေ့သို့ သွက်လက်သော၊ ခိုင်မာသော ခြေလှမ်းတို့ဖြင့် 'ဇွတ်' ကျွန်တော့်ဘဝထဲဝင်ရန် သိသိသာသာကြီး ကြိုးပမ်းလာခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com


'သားရေ . . . လာဦး'

မေမေခေါ်လိုက်တိုင်း 'ရတီ' ကိစ္စကြီးကို ပြောတော့မည်ဟု ကျွန်တော် ကြိုသိသည်။ ဘယ်လို ပုံစံပြောမည် ဆိုတာကိုသာ မသိခြင်း ဖြစ်သည်။

'သား ဒီနှစ် သီတင်းမကျွတ်ခင်ကတည်းက ရာသီဥတုက သာယာလိုက်တာနော်'

ကျွန်တော် ဘာပြန်ပြောရမည်မသိ။ မေမေ့ဘက်မှာ ဘယ်လို ဝှက်ဖဲတွေရှိနေမယ်ဆိုတာ ကြိုမှန်းကြည့်လို့မရ။

ရတီကိစ္စနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေသည် ဆိုတာကလွဲ၍ ခန့်မှန်းကြည့်လို့ကိုမရ။

'ဒီတော့ သီတင်းကျွတ်ပြီးတာနဲ့ ဒီလောက်သာယာတဲ့ ရာသီဥတုမှာ ပါတီလေးတစ်ခုလောက်လုပ်ရင် မကောင်းဘူးလား'

'ဗျာ'

ကျွန်တော့်အထင်နှင့် အမြင် တက်တက်ကြီးစင်အောင်လွဲသည်။ 'ပါတီ' တဲ့။ ဘာရယ် ညာရယ်မဟုတ်။ ဖေဖေတို့ မေမေတို့က ပါတီဆိုတာကြီးကို နှစ်နှစ် သုံးနှစ် တစ်ခါ လုပ်နေကျ။ ခေတ်ဆန်လွန်းသည် မဟုတ်သော်


www.burmeseclassic.com

www.burmeseclassic.com



လည်း ခေတ်နှင့် လျော်ညီအောင် ပါတီ အမည်ခံ အလှူအတန်းလေး လုပ်တတ်သည်။ သို့သော် ဖေဖေတို့လုပ်သော ပါတီ ဆိုတာကြီးက အသောက်ပါလေ့ ပါထ မရှိ။ အဲသလို။

ဒါဆို ကျွန်တော့်အဖွက်လည်း အကွက်ဆိုက်သည်၊ ထိုပါတီကို 'မျိုး' တို့အား ဖိတ်ပြီး မေမေနှင့် မိတ်ဆက်ပေး။ သေချာတာကတော့ 'မျိုး'ကို တွေ့တာနဲ့ မေမေ ချစ်သွားမှာပဲ ဖြစ်သည်။ မျိုးက လှလည်းလှ၊ ယဉ်လည်း ယဉ်ကျေးသည်ကိုး၊ ကောင်းသည်။ ပါတီလုပ်မည့် ကိစ္စကို ထောက်ခံရမည်။

'ကောင်းတာပေါ့ မေမေရ'

'သား သဘောကျတယ်ပေါ့၊ အဲဒီပွဲမှာ ရတီလေးနဲ့ သားကိုလည်း စေ့စပ်ပေးလိုက်ရင်းပေါ့'

'ဗျာ'

'မဗျာနဲ့လေ သားရဲ့၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ မကောင်းဘူးလား'

ရင်မှာ နင်ခနဲ။ ကလေးလို'ကောင်းဘူး'၊ 'ကောင်းဘူး'ဟု ခြေဆင်းဆင်းကာ ငိုရမှာလည်း မဟုတ်၊ နောက်ဆုံးတော့ မေမေမောင်းနှင်သော ရထား၏ 'ရတီ၏ဘူတာ'ကိုပဲ ဆိုက်ဆိုက်လာသည်။

'ကဲ သားကလည်း သဘောတူပြီဆိုတော့ မေမေ ရတီလေးကို '

'သွားမပြောနဲ့ မေမေ'

'ဟေ ရာသီဥတုလေး သာယာတုန်းလေ သားရဲ့ ပါတီပွဲငယ်လေးပေါ့ ဘားရယ်'

'သား ဒါနဲ့ဆို အကြိမ်ပေါင်း မရေနိုင်အောင် မေမေ့ကို ပြောပြီးသား ပဲ မေမေရာ၊ သား အဲဒီ 'သွန်းရတီနွယ်' ကို လုံးဝဆိုမှ လုံးဝ မချစ်ပါဘူးလို့'

'နောက်တော့ ချစ်သွားမှာပေါ့ သားရယ်၊ 'ရတီ'လေးက ဘာဆို ဘာ. . . မှ အပြစ်ပြောစရာ မရှိတဲ့ မိန်းကလေး. . . ပါကွယ်'

'ကျွတ်'

ကျွန်တော် ဘာကို ပြောရမှန်းပင် မသိတော့။ 'မေမေ့မှာ ရတီ့ကို ပြောစရာ အပြစ်မရှိတဲ့' ကျွန်တော့်ဆီမှာ ရတီ့၏ အသေးအဖွဲ့ အပြစ်မှသည် အပြစ် အလယ် အလတ် အကြီး စသည်ဖြင့် များစွာ များစွာသော အပြစ် တို့ကို 'ပြောမဆုံးပေါင်၊ တောသုံးထောင်' မက ရှိနေသည်။ ကိုးရိုးယားကားများ



www.burmeseclassic.com

www.burmeseclassic.com



လို အတွဲလိုက် အတွဲလိုက်ပင်၊ အခန်းဆက်ပစ်လိုက်၍ ရသေးသည်။

'သေချာတာကတော့ မေမေရှာ ရတီ့ကို သား ဘယ်. . . လို. . မှ တီ ချစ်လို့မရဘူးဆိုတာပဲ' မေမေရယ်၊ ဒီလောက်မှ သားကို မိန်းမယူစေချင် ရင်လည်း တခြားတစ်ယောက်ယောက် ပြောင်းရှာပါဦးလား၊ ဒါမှမဟုတ် သား ဘာသာပဲ ရှာရမလား'

'အလိုတော် 'သားဘာသာ ရှာရမလားတဲ့'၊ သား . . . သားရဲ့ ဦး နှောက်ကို သုံးကြည့်လိုက်ပါဦးကွဲ့' ရတီ့လို ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်တဲ့ မိန်းကလေးမျိုး ဘယ်မှာမှ ရှာလို့ မရဘူး၊ အဲ အရေးအကြီးဆုံး တစ်ချက်က 'တစ်ဦးတည်းသော သမီး' ဖြစ်နေဖို့ကိုပဲ၊ ဥစ္စာ ပစ္စည်းကို မက်လွန်းလို့ ပြောနေ တာ မဟုတ်ဘူးနော်၊ ဘာပဲဖြစ်ဖြစ် ထည့်တွက်ရမယ်ဆိုတာ သိအောင်လို့'

'ဟုတ်ပြီ မေမေ၊ ရတီ့ထက် ရုပ်လည်းလှမယ်၊ ပညာလည်း မတိမ်း မယိမ်း ရှိမယ်၊ ရုပ်ကလည်း အပျံစားထဲက၊ အဲ တစ်ဦးတည်းသော 'သမီး' လည်း ဖြစ်တယ်ဆိုရင် မေမေ သဘောတူမှာလား . . .'

မေမေက ကျွန်တော့်ကို အမျိုးအမည် ခွဲရခက်သော အကြည့်ဖြင့် ကြည့်သည်။ ပြီး စစ်တုရင် (ဗိုလ်လုပွဲမှာ စစ်တုရင်) ထိုးနေသလိုမျိုး သေသေ ချာချာကြီးကို စဉ်းစားသည်။ ပြီးမှ

'ခေါ်လာကြည့်လေ၊ သားကတော့ အဲဒီ ကောင်မလေးကို ချစ်စိတ်နဲ့ အမွှန်းတင်နေပေမယ့် မေမေ့အတွက် ငြင်းပစ်ချင်စရာ ချို့ယွင်းချက် အများ ကြီး ရှိနေနိုင်တယ်လေ'

မေမေကတော့ 'ရတီ'မှ ရတီ။ သွန်းရတီနွယ်သည် မည်သို့သော နည်းပညာများကို သုံးကာ မေမေ့ကို စည်းရုံးထားလေသည် မသိ။ အင်မတန် ကို တော်ပါပေသည်။

'တကယ်လို့ မေမေမြင်တာနဲ့ ချစ်သွားရင်ကော'

'ခေါ်သာ ခေါ်ခဲ့စမ်းပါ'

'မေမေ ချစ်သွားရင်ကော'

'အမလေး ဖြစ်နေလိုက်တာ၊ ခေါ်မှာသာ ခေါ်လာခဲ့ ရတီ့အသားနဲ့ ယှဉ်ပြီးတော့ သားကို ရွေးခိုင်းမယ်၊ သားရဲ့ ကောင်မလေး နောက်ကောက် ကျ ကျန်ခဲ့မှာ မြင်နေသေးတယ်၊ မေမေက'



www.burmeseclassic.com

www.burmeseclassic.com



မေမေက ရတီကို ပြိုင်ဘက်မရှိဟု တစ်ထစ်ချ ယုံကြည်စွာဖြင့် ခံယူထားပုံရသည်။ မေမေက 'ခေါ်ခဲ့'ဟု ပြောသော်လည်း 'ခေါ်ခဲ့မယ် စိတ်ချ' ဟု ကျွန်တော့်ဘက်က မပြောနိုင်။ ကျွန်တော်နှင့် မျိုး၏ အနေအထားက အဲသလောက်ကြီး မဟုတ်သေး။

မေမေက သူ့သား ကျွန်တော့်ကို အထင်တွေ ကြီးနေဟန်တူသည်၊ ဒီကကောင်ကဖြင့် ခုထိ ဘာမှ အရာထင်သေးတာ မဟုတ်။

အိမ်ကို အလည်ခေါ်ချင်ရင်တော့ အုပ်စုလိုက်လာပါမှ သူမပါမည်၊ ဒါတောင် သိပ်မသေချာ။ သူမက တစ်ခါတစ်ရံ မာနအလွန်ကြီးသည်။

'ပြောစမ်းပါဦး သားရဲ့ ကောင်မလေးက ဘယ်သူတဲ့လဲ'

'ဟဲ ဟဲ မကြာမီ လာမည် မျှော်'

'စကန္တ နာမည်ကိုက ရတီ့လို မလှဘူး ထင်ပါရဲ့'

'ဟဲဟဲ ပြောပြဘူး'

'တဟဲ ဟဲ ဖြစ်နေသော ကျွန်တော့်ကို မေမေက မျက်စောင်းထိုးသည်။ ပြီး 'ဘယ်တော့ခေါ်လာမှာလဲ' ဟု မေးမြန်းသည်။

'ရာသီဥတု သာယာတဲ့အချိန်ပေါ့ မေမေရာ'

'ဟဲ့သား မေမေက အကောင်းမေးနေတာနော်'

မေမေက အနည်းငယ် စိတ်တိုလာဟန်ဖြင့် ကျွန်တော့် နားရွက်ကို 'ဆတ်'ခနဲ ဆွဲလိမ်ရင်းက 'အကောင်းပြောနေတာ' ဟုဆိုသည်။

'အလားလား'

နားရွက်ကို ပွတ်ရင်း ကျွန်တော်အော်တော့ မေမေက 'အဲဒါ မအေကို ချောင်ဦး' ဟု မျက်စောင်းထိုးရင်း ဆိုသည်။ ကျွန်တော် အမြန်ထရင်း၊ ကားသော့ ကိုယူသည်။ မေမေက ကျွန်တော့်ကို မျက်တောင်မခတ် ကြည့်ရင်း

'ဒါက ဘယ်လဲ'

ဟု ခပ်ဆောင့်ဆောင့်မေးသည်။

'ဟဲဟဲ မေမေ့ ချွေးမလောင်းလေးဆီကိုလေ'

'အေးပါ၊ ဘယ်တော့ခေါ်လာမှာလဲ'

မေမေ့၏ သိချင်စိတ်ကို ကျွန်တော် စချင်လာသည်။

'မြေးဦးလေးရ . . မှ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ . .'

မေမေ အသံပြူစဉ်မှာပဲ ကျွန်တော်ကတော့ ကားဂိုဒေါင်ရှေ့ ရောက်ထို့ နေလေပြီ၊ မေမေကတော့ ဒေါသတွေ ထွက်ရင်း ရွတ်ကျန်ခဲ့မှာ သေချာသည်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့။

သင်တန်းဆင်းချိန်။ ကျွန်တော့် ဝမ်းဗိုက်က တစ်ခါမှ မနာဖူးသော ပုံစံဖြင့် နာသည်။ အိမ်သာ တက်ချင်တာမျိုးလည်း မဟုတ်၊ နာသလိုလို၊ အောင့်သလိုလိုဖြင့် အတော်လေး နာသည်။

'စံပယ်တို့က ဗိုလ်ချုပ်ဈေး သွားကြဦးမှာ၊ လိုက်မယ်မဟုတ်'

အဆင်ပြေသွားကြပြီဖြစ်သော စံပယ်နှင့် သော်တာက အထ[illegible]ါ အတိုင်း တစ်ယောက်ကို တစ်ယောက် အမေးအဖြေ လုပ်နေကြသည်။ ထွေးမာကလည်း ငထက်ကို 'ဘယ်လိုလဲ' ဟူသော သဘောဖြင့် မျက်ခုံးပင့်ရင်း မေးသည်။

ထုံးစံအတိုင်း ကား မယူလာကြသော သကောင့်သား နှစ်ကောင်စလုံးက ကျွန်တော့်ကို ကြည့်ကြသည်။ များသောအားဖြင့် ကျွန်တော် အားတက်သရော ကိုယ်ရော ကားပါ ကူညီနေကျ။ ဒီနေ့တော့ ဗိုက်အခြေအနေက မဟုတ်သည်မို့ အိမ်ကိုသာ ပြန်ချင်နေသည်။ ဗိုက်နာ ဗိုက်အောင့်ပုံကလည်း ခပ်ဆန်းဆန်း၊ 'ဘာရောဂါကြောင့်ပါလိမ့်' ဟူသော အတွေးက ရင်ကို ပူစေသည်။

'ဟကောင် ဗိုလ်ချုပ်ဈေးတဲ့၊ မင်း အားတယ် မဟုတ်လား . . . ထိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားရအောင်'

[illegible] သော်တာက 'အားတယ်မဟုတ်လား' ဟု ဇွတ်ကြီးပြောပြီး၊ 'လိုက်သွားရအောင်' ဟု ဆော်ဩသည်။ ကျွန်တော်ကလည်း ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည်မို့

'ဒီနေ့တော့ မဖြစ်နိုင်ဘူးကွာ'

အနည်းငယ် ရှုံ့မဲ့ရင်း ဖြေသော ကျွန်တော့်ကို အကင်းမပါးသော သကောင့်သားများက တအံ့တဩ ကြည့်သည်။ အကင်းပါးသော 'မျိုး'ကတော့ နည်းနည်း ရိပ်မိဟန်တူသည်။

'ငြိမ်းချမ်းနိုင် မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ'

သူမ၏ ကရုဏာသံ အပြည့်အဝပါသော မေးခွန်းက ဝေဒနာ၏ တစ်ဝက်ကို လျှော့ပါးသွားစေသည်။ သို့သော် နာသည်ကဖြင့် မသိမသာ တိုးတိုးပြီး နာလာသည်။

'ဟိုဒင်း ဗိုက်အောင့်လို့၊ အိမ်သာ တက်ချင်တာလည်း မဟုတ်ဘူး'

ကျွန်တော် မျက်နှာကို အနည်းငယ်ရှုံ့မဲ့ရင်း ပြောသော အပြောကြောင့် ဟန်ဆောင်နေသည်ဟု ထင်သော ဆရာသမားတို့က 'အတည်လား' ဟု အလန့်တကြားမေးသည်။ သူတို့အတွက် ကျွန်တော့်စကားကို အဆင်ပြေပြီးသား ဟု တွက်ထားကာမှ အဆင်မပြေ ဖြစ်သဖြင့် တင်းချင် တင်းချင်။

'ငါ အိမ်ပြန်တော့မယ်'

'ရလား မင်းပုံစံက တကယ့်ကို နာသလိုကြီး၊ ဖယ် ဖယ် ငါလိုက်ပို့မယ်'

ဒီလိုကျပြန်တော့ စိတ်ကောင်းဝင်သော သော်တာက အနည်းငယ် ရှုံ့မဲ့နေသော ကျွန်တော့်ကို ကြည့်ကာ ဆိုသည်။

'ကျွတ် ကျွတ် ဘယ်လို ဖြစ်တယ် မသိပါဘူးကွာ'

ငထက်က ကားတံခါးကို ဖွင့်ပေးရင်းက 'ဆေးခန်း ဝင်ပြမလား' ဟု မေးသည်။

'အိပ်လိုက်ရင် ပျောက်သွားမယ် ထင်တယ်'

'မထူးပါဘူး ငါရော လိုက်ခဲ့မယ်၊ ထွေးတို့ပဲ သွားလိုက်တော့နော်'

ငထက်က 'ထွေးမာ'ကို ကြည့်ရင်းဆိုသည်။ ထွေးမာက အသာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြသည်။

မျိုးကို တစ်ချက်လှမ်းကြည့်တော့ ကျွန်တော့်ကို (ကျွန်တော့်အထင်) ကရုဏာပါသော မျက်လုံးများဖြင့် ကြည့်နေသည်။ ဝေဒနာတွေ အတော်လေး လျော့ပါးသွားသလို ခံစားလိုက်ရသည်။ သို့သော် အကြာကြီး ခံစားနေလို့တော့ မရ၊ ဗိုက်က အောင့်အောင့်ပြီး နာသည်။

'မင်း မျက်နှာကြီးကလည်းကွာ၊ ရှုံ့မဲ့ပြီး မည်းသည်း နေတာပဲ'

သော်တာက ကားမောင်းရင်း ဝေဒနာမှ စိတ်ပြောင်းပါစေတော့တု စ,သည်။

'တောက် အချိန်မှန်မှန်စားတဲ့ကြားက အစာအိမ်ဖြစ်တာလား မသိဘူး'

ရှုံ့မဲ့ရင်းညည်းတွားသော ကျွန်တော့်ကို ကြည့်ကာ ထေက်က ခေါင်းခါသည်။

'သော်တာရေ ဒီကောင့်ကို ဆေးခန်းပို့ရင် ကောင်းမယ်ထင်တယ်'

'ငါမသွားဘူး'

ထေက်၏ တိုင်ပင်မှုကို သော်တာ ဘာမှမပြောရသေးခင် ကြားဖြတ်၍ ကျွန်တော်ငြင်းသည်။

'ငါဆေးခန်းတို့ ဆေးရုံတို့ကို ကြောက်တာ မင်းတို့လည်း သိရဲ့သားနဲ့ကွာ၊ အိမ်ရောက်ရင် ဆေးလေးဘာလေးသောက်ပြီး အိပ်လိုက်ရင် သက်သာသွားမှာပါ'

ကျွန်တော့်အပြောကြောင့် နှစ်ကောင်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ အိမ်ရောက်တော့ကားပေါ်မှ မျက်နှာကြီး ရှုံ့မဲ့ကာ ဆင်းလာသော ကျွန်တော့်ကိုကြည့်ကာ မေမေက တံခါးဝမှ အပြေးတစ်ပိုင်း လာကြိုသည်။

'သား ဘာဖြစ်တာလဲ မျက်နှာကြီးကလည်း မလှပါလား၊ မထိတ်သာ လန့်သာနဲ့'

'ဗိုက်အောင့်လို့ပါ မေမေ ဘာမှမဖြစ်ပါဘူး'

'ဟဲ အဲဒါကို ဆေးခန်း ဝင်ပြခဲ့တာ မဟုတ်ဘူး'

'သားတို့ကပြောသေးတယ် အန်တီ ဒီကောင်က အရမ်းခေါင်းမာတာ



www.burmeseclassic.com

www.burmeseclassic.com



'မပြဘူး'တဲ့

သော်တာတို့ကလည်း အရေးထဲ မေမေတစ်မျိုးထင်မည်စိုး၍လား ခေါ်းငင်ရှင်းပြသည်။

'အဲဒီအတိုင်းကြီးပဲ ဘာဖြစ်ဖြစ် ရတို့ ဖေဖေ့ကိုတော့ မခေါ်ပါနဲ့ တော်ကြာရတီပါ ပါလာနေဦးမယ်'

'ပါ ပါပေါ့သားရဲ့ သားကတစ်မျိုး'

'သား သူ့ကို မြင်ရင် လက်ရှိနာတာထက် နှစ်ဆဖြစ်လာနိုင်တယ် မေမေ၊ တော်ပြီ သားအခုပဲ ဆေးခန်းသားဖာသာ သားသွားပြမယ်'

'ဒီလိုဆို မေမေပါလိုက်ခဲ့မယ်'

မေမေကပြောရင်းဆိုရင်း အိမ်ထဲဝင်ကာ အဝတ်လဲရန်ပြင်သည်။ 'ဒီကောင်တွေနဲ့ပဲ သားသွားလိုက်မယ် မေမေ သိပ်မှ အရေးမကြီးတဲ့ ဥစ္စာနော်' ဟု ကျွန်တော်ပြောတော့မှ ခေါင်းကို မညိတ်ချင် ညိတ်ချင် ညိတ်သည်။

မေမေစိုးရိမ် မည်စိုး၍ 'သိပ်အရေးမကြီးဘူး' ဟုဆိုသော်လည်း ဗိုက် တတော့ စပယ်ရှယ်ကို အောင့်သည်။ တကယ်တမ်းကျတော့ မသိမသာ အောင့်နေခဲ့တာကို ကျွန်တော်ပေါ့ဆစွာ မသိကျိုးကျွံပြုခဲ့သည်မို့ အခုလို အရမ်းကြီး မအောင့်သင့်ပါဘဲ အောင့်လာရခြင်း ဖြစ်သည်။

ဆေးရုံရောက်တော့ ဗိုက်အောင့်လာသလိုတောင် ခံစားရသည်။ ဗိုက် နာသည်ဟု Reception မှပြောလိုက်သည်နှင့် စာအုပ်ငယ် (ဆေးရုံတက် စာအုပ်) လေးထုပ်ပေးသည်။ ပုဂ္ဂလိကဆေးရုံမို့ သမားတော် အလာကိုစောင့်ရ သေးသည်။

လောကကြီးနှင့် ချီ၍ဆိုရသော် လောကကြီး၌ ကျွန်တော်မကြောက် ဆုံးနှင့် အမုန်းဆုံးအလုပ်မှာ စောင့်ရခြင်းဖြစ်သည်။ သို့သော် လူတစ်ယောက် ဖြစ်ရခြင်းဟုသော ဒုက္ခသည် မည်သည့်နိုင်ငံက မည်သည့်လူမျိုး မည်သည့်အ ဆင့်အတန်းမဆို (စောင့်ရခြင်းဒုက္ခနှင့်) ကင်းလွတ်မည် မဟုတ်။

ထိုစောင့်ရခြင်း၏ ဒုက္ခနှင့် မလွတ်ကင်းသော ကမ္ဘာ့လူသားများထဲမှ တစ်ယောက်ဖြစ်သော ကျွန်တော်သည်လည်း ဗိုက်အောင့်သော ဝေဒနာကြီးကို ဗိုက်မှာလွယ်ပြီး စောင့်သည်။ ထိုစောင့်ရသော အချိန်က ကမ္ဘာကြီး၏ ဖြစ် တည်ခြင်း ပျက်စီးခြင်း တစ်ခုစာမက ကြာသည်ဟု ကျွန်တော်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြောက်သော ကျွန်တော့်အတွက် ကြောက်စရာအတွေးတို့က တစ်ခုပြီး တစ်ခုစီတန်းပြီး ဝင်လာသည်။

'ခွဲတော့ မခွဲရလောက်ပါဘူးနော်'

ကျွန်တော့်အမေးကြောင့် သော်တာနှင့် ငထက်က တစ်ယောက်မျက်နှာတစ်ယောက်ပြုံးစိစိ ဖြင့်ကြည့်ကြသည်။ ပြီးကျွန်တော့်ကို သော်တာက ပခုံးကိုညှစ်ရင်း

'မင်းဗိုက်က တစ်ထွာလောက်ရှိတာ မင်းမကြားဖူးဘူးလား 'သမုဒ္ဒရာ ဝမ်းတစ်ထွာ' ဆိုတာကို ခွဲရတယ်ပဲထား အလွန်ဆုံးခွဲရ တစ်ထွာတစ်မိုက်ပေါ့'

အားပေးသလိုလိုနှင့် နှိပ်ကွပ်သည်။ သော်တာ ကျွန်တော့်အခုံးပေါ် လက်အကိုင်လိုက်ကြီး ဟိဟိရယ်သည်။ Air con လေအေးသည် ကျွန်တော်၏ ချွေးစေးတို့ကို မဟန့်တားနိုင်။

'မပူစမ်းပါနဲ့ ဖြူဖွေးရာ။ မင်းမနာမကျင်အောင် ကျွမ်းကျွမ်းကျင်ကျင် ခွဲပေးကြမှာပါ။ တစ်ခုပဲ ရှိတယ်။ မီးအားတော့ တော်တော်သုံးရမယ်ကွ၊ မင်း ကမည်းနေတော့ ဘာမှမမြင်ရလို့ ဘာကို ခွဲလိုက်ရမှန်း မသိဖြစ်သွားမှာကိုပေါ့။ မပူစမ်းပါနဲ့'

ပြောပြီး ငထက်က ခွီးခနဲ ရယ်သည်။ ကြောက်ပါသည်ဆိုမှ သကောင့် သားများက အားမပေးသည့်အပြင် တစ်ယောက်တစ်ပေါက်ပင် ဝိုင်းကာဝန်း ကာ နှိပ်ကွပ်နေကြသေးသည်။

'သွေးတော့လိုမယ်ကွ အကယ်၍ခွဲရရင်ပေါ့၊ 'မင်းနဲ့မျိုးချင်းတူမယ့် အဲလေ သွေးတူမယ့် အာဖရိကကလူမဲတွေ လှမ်းခေါ်ရမယ်'

'ဖွဟဲ့ လွဲပါစေပယ်ပါစေဗျာ။ မခွဲရလောက်ပါဘူး ငထက်ရာ'

'မတော်နဲ့ တစ်ဆ မပြောကောင်းပြောကောင်း ခွဲရခဲ့သည်ရှိသော်လို့ ပြောတာပါကွ'

'တော်စမ်းပါ ငထက်ရာ ပြောကောင်းတာလည်း မပြောနဲ့ မပြော ကောင်းတာလည်း မပြောနဲ့ အဲဒီ ခွဲဆိုတဲ့ အသံကိုငါမကြားချင်ဘူး'

'ကျွတ် ကျွတ် ဖိုးတရုတ် မင်းတရားမရှိတဲ့ကောင်ပဲ ဒါဖြစ်တာတွေ သဘော ပျက်တတ်တဲ့ သဘောရှိတယ်ကွာ ဒီဖြစ်ပျက်ဆိုတာကို မကြားချင်ဘူး လို့ပြောတာ မင်းအဝိဇ္ဇာဖုံးနေတာနဲ့အတူတူပဲ မမြဲတဲ့သဘောလေးတို့ ဆင်ခြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း ဘာ'

အရေးထဲသော်တာတလည်း 'ပဋိစ္စသမုပ္ပါဒ်' တွေကို 'ဂယနဏ' သေဝါ [illegible] ဆရာလုပ်တာ ရှင်းပြချင်နေပြန်သည်။

'သက်သက်သာသာ'နေချင်တာက တဏှာ၊ ဖြစ်တတ်ပျက်တတ်တဲ့ သဘောကို လျစ်လျူရှုထားတာက အဝိဇ္ဇာ အဲဒီတော့ မင်းအဝိဇ္ဇာ တဏှာတွေနဲ့ ဒုက္ခကို ဒုက္ခမှန်းမသိဘဲကိုး'

အရှိန်ရသွားသော သော်တာက တစ်ဆင်မြှင့်ကာပင် ကျွန်တော့်ကို တရားချနေသေးပြန်သည်။

'ဩော် ဝေဒနာ ပစ္စယာ တဏှာ'ဆိုတာ တယ်မှန်သကိုး'

'အေး အဲဒါ ဟိုးဘုရားရှင် လက်ထက် ကတည်းက မှန်တော့ မင်းအဲခု မှသိလား'

ကျွန်တော် တမင်ပင်ရွဲ့ပစ်လိုက်သည်။ ဘယ်နှယ့်ဗျာ နာရသည့်ကြား ထဲ 'ဂယနဏ' မသိပါဘဲ လူကို ဆရာလုပ်ချင်နေသည်။ ကျွန်တော် စိတ်တိုတို ဖြင့် ရွဲ့တော့မှ ဆရာသမားက 'အဟီး' ဟုဆိုရင်း လျှော့သည်။ ကျွန်တော်သာ ဝင်မဖြတ်သေးလျှင် တော်တော်နှင့် ပြတ်သေးမှ မဟုတ်။

သမားတော်ဆိုသော သူကလည်းရောက်မလာသေး။ ငထက်ကတော့ ရွှေ့မဖြတ်ဖြတ်သမျှကုန်သော ကောင်မလေးများကို လိုက်ကြည့်နေသည်။ ထို့ကြောင့်လည်း ငြိမ်ဆေးကျွေးထားသလို ဤမျှ တိတ်ဆိတ်နေခြင်း ဖြစ်သည်။

'ဟ ဟိုမှာ လာပြီ . . . လာပြီ . . . တွေ့လား'

ကျွန်တော်တို့ ဘက်ကိုလာနေသဖြင့် ကျွန်တော်တို့ စောင့်နေသော သမားတော်ဖြစ်မည်ဟု ယေဘုယျ သတ်မှတ်ရင်းငထက်က ဆိုသည်။ သမား တော်ပီပီ ခန့်ညားစွာ နောက်မှ ထီးမိုးကာ ကြိုလာပေးသူက ထီးကို အရိပ်ထဲ ရောက်မှ ဖျပ်ခနဲ ပိတ်သည်။ သမားတော်၏ နောက်မှ ဆရာဝန်ပေါက်စနှင့် သူနာပြုဆရာမများက ဖိုင်တွဲများပိုက်ကာ သုတ်သုတ် သုတ်သုတ်ဖြင့် လိုက်နေ ကြသည်။ ကျွန်တော်တို့ စောင့်သော အခန်းရှေ့တည့်တည့်ကို ဝင်တော့မှ ကျွန်တော်တို့ သက်ပြင်းချနိုင်သည်။

တိုကင်နံပတ်အတိုင်း အလှည့်ကျခေါ်ရင်း ကျွန်တော်အလှည့်ရောက် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုငြိမ်းချမ်းနိုင် ရှိလား'

'ရှိပါတယ်'

သော့တာက အထက်ပါအတိုင်း ဝမ်းသာအားရ ထ,ထူးသည်ပြီး ကျွန်တော့်ကို တကယ့်လူမမာကြီး သဖွယ်နှစ်ယောက်သား ဂျိုင်းမှ ကိုင်ကာ အခန်းဆီ သွားကြသည်။

သမားတော်က နားကြပ်ဖြင့် ဟိုစမ်း ဒီစမ်းစမ်းသည်။ ပြီး သူနာ့စ်ကို အင်္ဂလိပ်လို (ကျွန်တော် နားမလည်သော ဆေးဝေါဟာရ) ဖြင့်လှမ်းကာ ပြောသည်။ ပြီး

'သား ဓာတ်မှန်ရိုက်ရမယ်'

ဟု ညင်သာစွာ ပြောသည်။ နဖူးအနည်းငယ် ပြောင်တောင်တောင် ဖြစ်နေသော သမားတော်၏ ဟန်ကသူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်ဖြင့် မောက်မာနေခြင်းမရှိဘဲ နူးညံ့သည်။ ကျွန်တော် 'ဟုတ်ကဲ့' ဟုပြန်ဖြေရင်း စမ်းသပ် ခုတင်ပေါ်က ဆင်းသည်။ နာ့စ်မက အပြင်မှ ဆေးရုံဝန်ထမ်းတစ်ဦးဆီ စာရွက် အချို့ပေးရင်း 'သူနောက်လိုက်သွားနော်' ဟုဆိုသည်။ ထိုဆေးရုံဝန်ထမ်း နောက်ကို ကျွန်တော်တို့ လိုက်ရန်ပြင်သည်။

'ဟဲ့ ဟဲ့ ဟဲ့ နေဦး'

နောက်မှ နာ့စ်မ၏ အလန့်တကြား ခေါ်သံကြောင့် ကျွန်တော်တို့ သုံးယောက်နှင့် ဆေးရုံဝန်ထမ်းတို့ လှည့်ကြည့်ဖြစ်ကြသည်။ နာ့စ်မက ကျွန်တော့်ဆီဦးတည်ရင်း ခပ်သွက်သွက်လှမ်းလာသည်။

'ငါကလည်း တောင်းဖို့မေ့သွားတယ် နင်တို့ကလည်း သတိမရဘူး ပေး'

'ဗျာ'

'ဟဲစမ်းသပ်ခလေ သမားတော်ကြီးရဲ့ စမ်းသပ်ခလေ သမားတော် ကြီးရဲ့ စမ်းသပ်ခ၊ ပေး နှစ်ထောင် တကတည်းကြောင်တောင်တောင်နဲ့'

'ဩော် အဲဂလိုလား အန်တီ'

အစ်မအရွယ်ရှိသော သူမက အန်တီ ဟုခေါ်ပစ်လိုက်သည်။ ဘော စောကတည်းက သူ့တာဝန်ကို သူလစ်ဟင်းတုန်းက ဟင်းပြီးတော့။

ငွေနှစ်ထောင်ကို ခပ်သွက်သွက်ယူရင်း နာ့စ်မက ခပ်သွက်သွက်င်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွား၏၊ ပါးစပ်ကလည်း ရွတ်သွားလိုက်သေးသည်။ 'တကတည်း ကြောင်တောင်တောင်နဲ့'တဲ့ ဒီစကားကို စောစောကလည်း တစ်ခါပြောပြီး။ အခုလည်းတစ်ခါ။

'ဆေးတောင်တာမှာ ဆေးဝယ်မယ်နော်။ ပြီးတော့ ခွတ်မှန်ဖိုး ခွတ်မှန်ခ ရှင်းရမယ် ပြီးတော့ ခွတ်မှန်ရိုက်ရမယ်'

သူမပြောသမျှကို ခေါင်းညိတ်ရင်း လိုက်လုပ်ရသည်။ ဗိုက်ကတော့ အောင့်လို့ ကောင်းတုန်း။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်မှန်အဖြေထွက်သည့်အချိန်၌ သမားတော်ကြီးက ဆေးရုံ၌မရှိသေး။ ညနေပိုင်းသမားတော်ကြီး၏ ဂျူတီချိန်ကိုစောင့်ရပြန်သည်။ အိမ်ပြန်လျှင်လည်းမထူးတော့။ ရောက်ပြန်ဖြစ်မည်မှာ မလွဲ။ ထို့ကြောင့် တိုကင်ကိုစောစောပဲရစေတော့ ဟုစောင့်ရသည်။ နေ့လယ်စာ မကျတကျကို ထိုဆေးရုံကင်တင်းမှာပဲ အဆင်ပြေသလို စားလိုက်ကြသည်။ ပြီးနေ့လယ်တုန်းဆီတလိုပဲ စောင့်ပြန်သည်။ မေမေ့ဆီကိုလဲ ဖုန်းဆက်ရသေးသည်။ စိုးရိမ်စရာမလိုသည့်အကြောင်း၊ မေမေကတော့ ဖေဖေပြန်ရောက်လျှင် လိုက်လာမည်ဟုဆိုသည်။ ကျွန်တော်ကလည်း သိပ်မကြာခင် ပြန်လာတော့မည့် အကြောင်းပြော၍ တားရသည်။

ပထမတစ်ခေါက်စောင့်ရသလိုမျိုး စောင့်ရပြန်သည်။ အဲ ... ပထမတစ်ခေါက်စောင့်ရသလိုပဲ သမားတော်ကြီး ရောက်လာခဲ့ပြီး ပထမဆုံးလူနာအဖြစ် ကျွန်တော်ပြခွင့်ရသွားသည်။ ကျွန်တော်၏ ဓာတ်မှန်ကြည့်သော နေရာမှာ ကြည့်သည်။ ပြီးမျက်မှောင်ကြီးကုပ်ကာ ဒီအတိုင်းအလွတ် ကြည့်ပြန်သည်။ ပြီးခေါင်းတညိတ်ညိတ် လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဘာ ဒိုက်အောင့်တယ်ဆိုပေမဲ့ တကယ်တမ်းကျတော့ ဆီးလမ်းကြောင်းမှာ ကျောက်တည်နေတာကွ၊ ကဲ ဒီတော့ ဦးသားကို ဆီးနဲ့ကျောက်ကပ်အထူးကုဆီလွှဲပေးမယ် ဟုတ်ပြီလား'

'ဟုတ်ကဲ့'

သော်တာနှင့် ငထက်က 'ဒီလိုကိုး' ဟုတစ်ယောက်ကိုတစ်ယောက်ကြည့်ရင်းခေါင်းညိတ်ကြသည်။ ကံကောင်းထောက်မစွာ ဆီးနှင့်ကျောက်ကပ်အထူးကု၏ ဂျူတီချိန်နှင့် အလျင်းသင့်ပြီး တိုကင်နောက်ဆုံးမှ နေရာယူရင်းစောင့်ရပြန်သည်။

ဆီးနှင့်ကျောက်ကပ် အထူးကုသမားတော်၏ အခန်းရှေ့မှာစောင့်နေသေးသော ဝေဒနာရှင်များက နည်းနည်းနောနောမဟုတ်။ တချို့က ဆီးကိုက်နေသဖြင့် တကျွတ်ကျွတ် ညည်းတွားနေကြရှာသည်။

'သူများက နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတယ်၊ မင်းကျမှ ဆီးလမ်းကြောင်းမှာ ကျောက်'တည်'တယ်ရတယ်လို့'

သော်တာက ကြိကြိဖန်ဖန်တွေးရင်းဆိုသည်။ ငထက်ကတော့ ကျွန်တော်တို့ နှစ်ယောက်ကိုကျောပေးရင်း ကောင်မလေးများကိုသာ မသိမသာတစ်မျိုး၊ သိသိသာသာတစ်ဖုံလိုက်ကြည့်နေသည်။

'ဆီးလမ်းကြောင်းမှာကျောက်တည်တယ်ဆိုတာ ဘာကြောင့်များပါလိမ့်ကွာ'

ကျွန်တော်စိတ်ပျက်စွာ ညည်းတွားမှုကြောင့် သော်တာက ကျွန်တော့်ကို ဖျပ်ခနဲကြည့်သည်။ ပြီးမှ

'ငါကြားဖူးတာကတော့ကွာ၊ အအေးခန်း ဥပမာလို အခန်းမျိုးကနေအပူထဲထွက်လိုက်တဲ့အခါမျိုး၊ ရေခဲရေသိပ်သောက်တဲ့အခါမျိုး နောက်ကွမ်းစားတာမျိုးတို့ပေါ့။ အဲသလိုက နေဖြစ်တယ်ပြောတာပဲ'

'ကျွတ်-အဲဒါတွေအားလုံးနဲ့ ငါနဲ့ကွက်တိပဲကွ၊ ကွမ်းလည်း တစ်ခါတလေ စားတယ်၊ တောက် လူတိုင်းလိုလို ကွမ်းစားနေတာ ဘာမှမဖြစ်ဘူးငါကျမှကွာ'

'အေးလေ မင်းကအသားမည်းတာကိုး'

'ဘာဆိုင်လို့လဲကွ မင်းကတစ်မျိုး'



www.burmeseclassic.com

www.burmeseclassic.com



'ကိုငြိမ်းချမ်းနိုင် ရှိလား'

'ရှိပါတယ်'

ထုံးစံတိုင်းသော်တာက ထူးသည်။ ပြီးထက်နှင့် သူကဘေးမှခြံရံကာအခန်းထဲဝင်ကြသည်။ ဒီတစ်ခါတော့ ကျွန်တော် ချိုင်းကိုမ မကြတော့။

ကျွန်တော် လူနာစမ်းသပ်သည့် ခုတင်ပေါ် တက်ကာပက်လက် လှန်သည်။ အဲဒီမတိုင်ခင်က နာ့စ်မက သွေးပေါင်ချိန်ထားပြီးသား။

သမားတော်က ကျွန်တော့်ခေတ်မှန်ကို ငယ်ချစ်ဟောင်း၏ ဓာတ်ပုံတွေ့နေရသလိုမျိုး သေသေချာချာကြီးကိုကြည့်သည်။

'အရမ်းအောင့် နေလား သား'

'ဟုတ်ကဲ့'

'အေး ကျောက်ကတော့ သေးသေးလေးကွ၊ ဒီတော့ ဆရာမင်းကို ကျောက်ကြေဆေးနဲ့ အခြားအောင့်တာ သက်သာမဲ့ဆေးတွေပေးလိုက်မယ်၊ တစ်ပတ်စာပေါ့။ သက်သာတယ် ဆိုရင်ဆေးပဲဆက်စားမယ်။ မသက်သာဘူး ဆိုမှ ခွဲကြတာပေါ့'

'ဟုတ်ကဲ့'

ထို 'ဟုတ်ကဲ့'သည် ကျွန်တော် ပြောခဲ့ဖူးသော 'ဟုတ်ကဲ့' များတွင် စိတ်ပျက်လက်ပျက် အရှိဆုံးဖြစ်သည်။ 'ခွဲကြတာပေါ့' တဲ့ ပေါ့ပေါ့ ပါးပါးပြောလိုက်ပုံ။ ထမင်းစားရေသောက်။ ဒီကကောင်ကဖြင့် တုန်နေအောင်ကို လန့်သွားမိသည်။ သေးသေးလေးတဲ့ တော်တော် အဆိပ်ပြင်းသည်။ နာတာက လွန်ရော။

ကျွန်တော့် မျက်နှာငယ်လေးကို ကြည့်ပြီး သော်တာနှင့်ထက်က တကယ့် တကယ်ကြီးကို စိတ်မကောင်းဖြစ်သွားကြဟန်ဖြင့် သူတို့ကိုယ်တိုင်သည်း မျက်နှာငယ်လေးတွေနဲ့ ဖြစ်လို့သွားသည်။

ကျွန်တော်ကတော့ 'သောက်ဆေးနဲ့ပျောက်ပါစေ'ဟု ကြိတ်ကာဆုတောင်းရသည်။ သက်ပြင်းကိုအခါ ခါချရင်း၊ ခန္ဓာရှိနေမှတော့ ဒုက္ခဆိုတာရှိနေမှာပဲမဟုတ်လား။

***



www.burmeseclassic.com

www.burmeseclassic.com



ဒီဆေးနည်းကို ယူလာတာကတော့ 'သွန်းရတီနွယ်'ပဲ ဖြစ်သည်။ အဲ ဆေးနည်းကို အမှတ်တရဖြင့် မှတ်သားလက်ခံသူက မေမေ။

'ဟုတ်တယ် သားရဲ့ အနောက်တိုင်းဆေးတွေ အားကိုးတာကလဲ အားကိုးပေါ့၊ ဒါပေမယ့် ကိုယ့်တိုင်းရင်းဆေးကိုလည်း အထင်သေးလို့မရဘူး တိုင်းရင်းဆေးကြောင့် အရမ်းကြီးဖြစ်နေတဲ့ ကြားကအဆင်ပြေသွားတဲ့လူတွေ ဒုနဲ့ဒေး'

'ဟုတ်တယ် ရတီ ဦးလေးတစ်ယောက်လည်း အဲဒီလိုပဲ ဆီးလမ်းကြောင်းမှာ ကျောက်တည်တာကို အဲဒီအတိုင်းပဲ ဝက်သားနဲ့ ဗေဒါပင် ဝဥ္စငါးပါးကို ချက်စားလိုက်တာ၊ နောက်တစ်ခါမှန်လည်း ရိုက်ကြည့်ရော ကျောက်တွေကကြေသွားပြီ'

'ကောင်းတယ် ကောင်းတယ် ရတီပြောတဲ့နည်းကို အန်တီ ချက်ချင်း စီစဉ်လိုက်မယ်'

နှစ်ယောက်သား တစ်ယောက်က အားတက်သရောပြော၊ တစ်ယောက်က အားတက်သရော ထောက်ခံဖြင့် အတိုင်အဖောက်ကို ညီနေတော့သည်။ ဤျွန်တော်ကတော့ ရေနစ်သူမို့ ကောက်ရိုးတစ်မျှင်မက ဆွဲချည်တဝင်

တော်ထင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါစေ အားကိုးချင်နေသည်။

'နေပါ အန်တီရဲ့ ရတီလုပ်ခဲ့ပေးမယ် အန်တီ ပင်ပန်းပါတယ်'

'မဟုတ်တာကွယ်၊ ရတီက သားနာမှာ ခဏစောင့် အန်တီအခုပဲ ကိုမြထွန်းကြီးကို ဗေဒါပင် ပဥ္စငါးပါး အမြန်ရှာခိုင်းလိုက်မယ်'

ပြောပြောဆိုဆို မေမေက ထွက်သွားသည်။ မေမေကလည်း ညှော်ခန်းထဲမှာ ကျွန်တော်ထိုင်နေတာကိုပဲ 'သွန်းရတီနွယ်' ကို စောင့်ခိုင်းသွားသေးသည်။

'ကိုငြိမ်းချမ်းနိုင်ကို ကြည့်လိုက်ရင် အမြဲတမ်း ရေခဲသေတ္တာထဲတရေ ပဲသောက်တာ တွေ့တယ်၊ ကျန်းမာရေး ရှုထောင့်က ကြည့်ရင်မကောင်းဘူးသိလား'

'သိတယ် ဒါပေမဲ့ တခြားရေတွေက အာရုံမလာဘူး'

ဆရာမကြီး လာလုပ်နေသော သူမကို တမင်ရွဲ့ကာဖြေလိုက်တော့ သူမက အောင့်သက်သက်ကြီးဖြင့် ယနေ့ထုတ် သတင်းစာကို လှန်ဖတ်ချင်ယောင်ဆောင်သည်။

ကျွန်တော်က ဘောလုံးဂျာနယ်တစ်ခုကို ကောက်ဖတ်နေလိုက်သည်။ ဗိုက်ကအောင့်တော့အောင့် နေဆဲ။ သိပ်မအောင့်တာပဲ ရှိသည်။

'ရတီပြန်တော့မယ် အန်တီကိုပြောလိုက်ဦးနော်၊ ချိန်းထားတာလေးရှိလို့ ပြန်သွားပြီလို့'

ရတီက ပျင်းလာသည်နှင့် တူသည်။ ပြန်မည်ပြောရင်း ထရ ည်။ ကျွန်တော်နည်းနည်းတော့ အားနာသွားမိသည်။ ညှော်ဝတ်မကျေသလိုများ ဖြစ်သွားသလား' ဟု။ စားပွဲပေါ်ကြည့်တော့ သူမကြိုက်လှပါသည်ဆိုသော မေမေ့ ကော်ဖီမစ်လက်ဖျော်က တစ်ဝက်ခန့် ကျန်နေသေးသည်။

'ကော်ဖီတောင်ကုန်အောင် သောက်မသွားဘူး၊ ဘာလဲ မုန့်မပါလို့လား'

အားနာနာနှင့် အရွှမ်းဖောက်သော ကျွန်တော့်ကို သူမဇဝေဇဝါဖြင့် ပြန်လှည့်ကြည့်သည်။ ကျွန်တော် မြုံးကာပြလိုက်သည်။ ကျေနပ်ပါစေတော့ ဟု။ သူမကတော့ ကျွန်တော် ဂရုစိုက်လာပြီ ဟုထင်နေလေသလားမသိ။

'အဲဒီဝက်သားနဲ့ ဗေဒါပင် ပဥ္စငါးပါး ကြော်ချက်ကို ကုန်အောင်စား



www.burmeseclassic.com

www.burmeseclassic.com



နော် မယုံရှိနဲ့ ရုတ်ဦးလေးတုန်းကတော့ တကယ့်ကို ကျောက်ကြွေတာမြန်တယ်၊ ရုတ်ကြီးလဲ အခြားတိုင်းရင်းဆေးတွေထဲက ကျောက်ကြွေဆေးတွေ ရှာခဲ့ဦးမည်။

'ရပါတယ်'

'ရပါတယ်မလုပ်နဲ့ ပေါ့လို့မရဘူး'

သူမက လက်ညှိုးတစ်ချောင်းထောင်ရင်း ဆိုသည်။

'သွားပြီနော်'

'ဟုတ်ပြီ'

'ကုန်အောင် စားနော်'

'အေးပါ'

ကားပေါ်တက်သည် အထိ သူမက မှာလို့ကောင်းတုန်း။ ကျွန်တော်က အပေါက်ဝမှာပဲ ရပ်ကာပြုံးပြ ရသေးသည်။

သူမက ကားပေါ်မှနေ တဲ့တာလုပ်ပြသဖြင့် ပြန်လုပ်ပြရသေးပြန်သည်၊ သူမကား အပြင်ရောက်တော့ ညှော့ခန်းထဲပြန်လှည့်ဝင်ခဲ့သည်။ မေမေက လက်ကလေးမိုက်တာ ပြုံးရင်းကြည့်နေသည်။

'အံမယ် ငါ့သားက လက်တွေဘာတွေပြ နှုတ်ဆက်လို့ပါလား၊ တွေ့တယ် မဟုတ်လား သားကို သူ ဘယ်လောက် ဂရုစိုက်တယ်ဆိုတာ 'ဆေးပေးမီးယူ' ဆိုတာ အဲဒါပဲ သား၊ ဟော. . . သားရဲ့ကောင်မလေးကို ကြည့်၊ နှစ်ရက်ရှိပြီ သားဖြစ်တာ တစ်ခါမှကို မလာဘူး'

ဖုန်းဆက်ရင်း လူနာလှမ်းမေးခဲ့ကြောင်း ကျွန်တော်ရှင်းမပြချင်တော့။ 'ဖုန်းပဲဆက်ပြီး လူကိုယ်တိုင်မလာဘူး မဟုတ်လား၊ အဲဒါပဲ' စသည်ဖြင့် ဇာတ်လမ်းက ရှည်ဦးမည်။

မေ့တော့တော့ ဖြစ်နေသောအရာကို မေမေ ပြန်ဆွပေးသဖြင့် 'မျိုး'ကို အရမ်း သတိရသွားမိသည်။ 'ဒီအချိန်မျိုးမှာ မျိုး' သာအနားမှာ ရှိရင်' ဟူသော အတွေးကလည်း မဆီမဆိုင် ဝင်လာသေးသည်။ 'ဆေးပေးမီးယူ'တဲ့၊ ကျွန်တော် ရင်၌ 'မျိုး' ကို 'ဆေးပေးမီးယူ' အဖြစ်သတ်မှတ်လိုက်ရင်း 'နွေး' ခနဲဖြစ်သည်။ ချစ်ရပါသော မျိုး။

မေမေက ဗေဒါပင် ပဥ္စင်ပါး စုံရင်ပြီးရော ခပ်သေးသေး ယူလာတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ အဲဒါကြီးကို ကိုင်လျက်၊ နည်းနည်းနောနောဟာကြီး မဟုတ်၊

'ဟာဗျာ ဦးမြထွန်းကြီးကလည်း ပဥ္စငါးပါးစုံရင် ပြီးရော ခပ်သေးသေး လေးယူလာတာ မဟုတ်ဘူး၊ အဲဒါကြီးက နည်းတာမဟုတ်ဘူး'

'ဟော အပင်ကြီးတော့ ဆေးပိုဖြစ်တာပေါ့ ကလေးရ'

ဦးမြထွန်းက ထုံးစံအတိုင်းခပ်အေးအေး ဖြင့်ဆိုသည်။ ကျွန်တော် ငယ်ငယ်ကတည်းက ဦးမြထွန်းက ကျွန်တော့်ကို 'ကလေး' ဟုချစ်စနိုးဖြင့် ခေါ်နေကျ။

'ကဲ ကဲပေးကျွန်မ အမြန်ချက်လိုက်ဦးမယ်'

မေမေက ပြောပြောဆိုဆို ဦးမြထွန်း လက်ထဲမှ 'ဗေဒါပင်' ကြီးအားကို လှမ်းယူသည်။ ဗေဒါပင်၏ အပွင့်က အနည်းငယ် ညှိုးတိုးတိုးရှိပြီး အမြစ်များက တွဲလောင်းလောင်း၊ အရွက်တွေကလည်း ပိန်းရွက်ငယ်လောက်ရှိသည်၊ ဝက်သားကလည်း အဆီမပါ အသားချည်း ၅ဝသား၊ ကုန်အောင်ကလည်း စားရဦးမည်။ ဘာကြောင့်မှန်းမသိ နေရင်းထိုင်ရင်း အစားအသောက်တပါ. ပျက်မှန်းမသိ ပျက်လာခဲ့သည်။ စိတ်ကလည်း ခွဲရမည်စိုး၍ 'သောက'_တ များသည်ကိုး။

ခဏကြာတော့ ဖုန်းကလာသည်။ မျိုးဆီကများလားဟု မရဲတရဲ မျှော်လင့်ရင်း ဖုန်းကောက်ကိုင်ဖြစ်သည်။

'ဟဲလို'

'ဟဲလို ကိုငြိမ်းချမ်းနိုင် လား'

ရတီ့အသံ၊ ဖုန်းကို ပြန်ချချင်လောက်အောင် ကျွန်တော် စိတ်ပျက် သွားရသည်။

'ဟုတ်တယ်'

'ဗေဒါပင် အဆင်ပြေရဲ့လား'

'ပြေတယ် အခုပဲ မေမေတောင် ချက်နေပြီ'

'ကုန်အောင် စားနော် ရတီက ဗေဒါပင် အဆင်မပြေမှာ စိုးလို့ ဖုန်း ဆက်လိုက်တာ'

'သြော် ဟုတ်လား ပြေသွားပြီ'

'ဒါပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



. . . .

ဒုန်းတို စိတ်ပျတ်လက်ပျက် ပြန်ချရင်း သက်ပြင်းကို ချဖြစ်သည်။ မျိုး ဆိုတာ ဒုန်းမဲဖြစ်လိုက်ပါတော့လား။ ကျွန်တော် အသည်းအသန် သတိရနေသလောက်။ သူမကတော့ သတိရမည် မထင်ပါ။ ကျွန်တော်သည် သူမအတွက် အင်မတန်ဆွဲဆောင်မှု ညံ့ဖျင်းသော သာမန်ယောက်ျား တစ်ယောက်ဖြစ်မှန်းမသိ ဖြစ်နေခဲ့သည်။

ထို့ကြောက်တည်နေသည် ဆိုသော အနာဂတ်လည်း အောင့်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာမီမှာပဲ သွန်းရတီနွယ်၏ အကြံပေး (ဆေးနည်းပေး) ချက်အရ မေမေကိုယ်တိုင် စီမံချက်ပြုတ်ထားသော 'ဝက်ပေဒါ' ဟင်းကြီးပြီးပါလေတော့သည်။ မေမေက ဇလုံကြီးနှင့်ခူးကာ ယူလာသည်။ ဇွန်းတလည်း စိတ်လျက်။

'ကဲ သား များတော့များတယ် ထမင်းလွတ်သာစားပေတော့'

ရှေ့မှာလာချသော 'ဝက်ပေဒါ' ဟင်းကို ကြည့်ရင်းက ရင်ပြည့်သွားရသည်။ ဘူဖေးဆိုပြီး ဆိုင်မှာတင်လို့ကတော့ လူတစ်ယောက်ခန့် လိုလုံလောက်လောက် စားနိုင်မည်ထင်သည်။ ဇလုံထဲ၌ အပြည့်အမောက်။

'မေမေကတော့ ပေဒါရိုးတွေကို နူးအိနေအောင်တော့ သေသေချာချာချက်ထားတာပဲ သားရ မေမေမြည်းကြည့်တော့ မဆိုးပါဘူး'

မေမေက စားချင်စိတ်ပေါ်လာအောင် မဲဆွယ်တိုက်တွန်းသည်။ ကျွန်တော်ကတော့ ထို 'ဝက်ပေဒါ' ဇလုံကြီးကို ကြည့်ရင်းက 'ကုန်အောင်စားနိုင်မည်မထင်' ဟု အလိုလိုတွက်ဆမိ နေသည်။ မေမေဇွန်းလွန်း၍ တစ်ဇွန်းခပ်ကာမြည်းကြည့်သည်။ မေမေကတော့ ကျွန်တော့်ကို မမိုတ်မသုံတ် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



စာအကဲခတ်နေသည်။

'ဟွန်း ဖော့ဝါးနေရသလိုပဲ'

ဝါးပြီး မသက်မသာမျိုချရင်း ပြောသော ကျွန်တော့်စကားကြောင့် မေမေ၏ မျက်နှာတည်ခနဲ ဖြစ်သွားသည်။ သို့သော် ဒီတစ်ဇလုံ ကုန်အောင်ကျွေးရမည်ဆိုသော အသိကလည်း မေမေ့မှာ ရှိသည်မို့ ကျွန်တော့် စကားကို ဗွေမယူဘဲ မသာမယာ ပြုံးသည်။ လုပ်သောအပြုံးမျိုး။

'ဆေးပဲ့ သားရယ် အဲဒီဗေဒါရိုးကို ဝက်သားလေးနဲ့ ရောပြီးစားပေါ့၊ ဝက်သားကလည်း နူးပြီးအိနေတာပဲ စားလို့ကောင်းပါတယ် သားရဲ့၊ သားက ဗေဒါ ရိုးချည်း သက်သက်စားနေတော့ ဘယ်အရသာ ရှိမှာလဲ 'ရောမြိုးစား'

မေမေပြောတော့ ငှက်ပျောသီး အခွံနွှာစားတာကမှ ခက်နေဦးမည်။ တကယ် တကယ်တမ်း 'စားဟဲ့' ဆိုတော့ ကျွန်တော် ဇလုံကြီးကို ကြည့်ကြည့်ပြီး ဗိုက်အသာကုန်ပြည့်လာသည်။ ဗေဒါကလည်း ရေသန့်သန့်မှာ ရှိပါသော ဗေဒါဟုတ်ချင်မှ ဟုတ်မည်။ ပြီးလွှယ်စီးလွှယ် ဘယ်လိုနေရာက ယူလာမှန်း မသိ။

အီအီးတွေဖုံးကာ လုံးကာ ရောကောသောကော နေရာမျိုးကများ ပြီးလွှယ် စီးလွှယ် ယူလာခဲ့ရင် ဒုက္ခ။ ကျွန်တော် ထိုဇလုံကြီးကို 'မ' ကာနမ်းကြည့်သည်။ မဆလာနံ့ကလွဲပြီး ဘာအနံ့မှမရ။

'မေမေ ရေကော စင်စင်ဆေးရဲ့လား'

'ဆေးပါတယ် သားရဲ့ ဘာနံ့ရနေလို့လဲ'

ကျွန်တော် ခေါင်းကို အသာခါပြ ဖြစ်သည်။ နောက်ဆုံးတော့ ဆေးကွဆေးပဲလို့ ဇလုံထဲမှ ဇွန်းဖြင့်ကော်ကာဝါးသည်။ မေမေက ကျေနပ်စွာ ကြည့်ရင်း မီးဖိုဘက်ကို ဝင်သွားသည်။

ကျွန်တော် တစ်ချက်ဝါးသည်၊ အီအီးတွေ ရေထဲမျောနေတာ မြင်သည်၊

ဒုတိယတစ်ချက် ဝါးသည်။ အီအီးနှင့်အတူ မျှောနေသော ဗေဒါပင်ကို ပဥ္စင့်ါးပါးစလုံး မြင်နေရသည်။

တတိယတစ်ချက်ဝါးသည်။ ရေလှိုင်းကြောင့် အီအီးတွေနှင့် ဗေဒါတို့ သူတစ်ပြန်ကိုယ်တစ်ပြန် အပေါ်ရောက်လိုက် အောက်ရောက်လိုက် လုံးထွေး



www.burmeseclassic.com

www.burmeseclassic.com



နေတာမြင်သည်။ ဆက်မဝါးမိ။

ဇလုံကြီးကို စိတ်မသက်သာ ကြည့်ရင်း သက်ပြင်းတိုချဖြစ်သည်။ ခေါင်းထဲမှာ အတွေးတို့ကို ခါထုတ်ပြီး လေးချက် ငါးချက် ဆတ်တိုက် ဝါးမြစ် သည်။ ပြီးဇွတ်မျိုချ ပစ်လိုက်သည်။ လည်ပင်းမှာ အတော်ကြီး တင်းခံတာ တစ်ဆို့နေရာမှ မကျချင့်ကျချင် ကျသည်။

အတွေးထဲ၌ ဟိုဟာမြင် သည်ဟာမြင် မြင်လာပြန်သည်။ ရင်၌ ပျို့ကာ တက်လာသည်မို့ ရေကို တစ်ကျိုက်သောက်ရင်း ထိန်းရသည်။

ဒုတိယတစ်ဇွန်းကို လှမ်းရန် ကျွန်တော်မရဲ။ ကျွန်တော့် အမြင်မှာ ဇလုံက မှန်ဘီလူးဖြင့် ချဲ့လိုက်သလိုမျိုး နှစ်ဆခန့်ကြီးလာသည်ဟု ထင်ရသည်။

သက်ပြင်းကို ခပ်ကြမ်းကြမ်းချဖြစ်သည်။ သက်ပြင်းချကြမ်း၍ ထင့် ဗိုက်က 'စူး'ခနဲအောင့်သည်။ ဟာမိုနီ ဖြစ်နေလိုက်ပုံများ။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယ ဆေးနည်းကို ယူလာသူက သော်တာ။ ဘယ်က ဘယ်လိုရလာမှန်းတော့မသိ။ သူ့ဆေးနည်းက မဆိုး။ သောက်ဆေးမဟုတ် လိမ်းဆေးဟုဆိုသည်။

'ဒီလိုကွ သောက်ဆေးဆိုရင် များသောအားဖြင့် ငါတို့ တိုင်းရင်းဆေးတွေက သောက်ရခက်တဲ့ သဘောရှိတတ်တယ်။ လိမ်းဆေးဆိုတော့ အဆင်ပြေတာပေါ့'

'အေးလုပ်ပါဦးကွာ'

'တစ်ခုတော့ ရှိတယ်။ အဲဒီလိမ်းဆေးက ဆေးအမယ်တွေက ရှာရတော့ နည်းနည်းခက်မယ်'

'ဆိုစမ်းပါဦး'

'ဒီလိုကွ ဒီးဒုတ်ငှက်ရဲ့ အရိုးကို ဆန်ဆေးရည် အလယ်ရည်နဲ့သွေးပြီးတော့ မင်းကျောက်တည်လို့ အောင့်တဲ့နေရာတစ်ဝိုက်ကို တစ်နေ့သုံးခါလိမ်းပေးရုံပဲ၊ သိပ်မကြာဘူး အဲဒီကျောက်ကြွေတော့တာပဲ'တဲ့။

'ဟ အဲဒီ ဒီးဒုတ်ရိုးက လွယ်လွယ်နဲ့ ရှာလို့ရပါ့မလားကွာ'

'အေး ငါလည်း မင်းကို ဆေးနည်းပြောပြမယ် မလုပ်ခင်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



ငါပရ ဆေးဆိုင်တွေ လိုက်မေးတာ မရှိဘူးတဲ့ကွ၊ မင်းလည်း ရှာကြည့်ကြည့်ဦး ပေါ့'

'အေး ရှာကြည့်ကြည့်ဦးမယ်၊ ဒါနဲ့ ဆန်ဆေးရည် အလယ်ရည်ဆိုတာ ကဘာလဲကွ'

'ဒီလိုလေ ဆန်ကိုသုံးခါဆေးရင် ဒုတိယအကြိမ်ဆေးတဲ့ ဆေးရည်ကို ပြောတာ'

'ဩော်'

ငဆက်က ကျွန်တော်နှင့် သော်တာ တစ်ချိန်လုံး ပြောသမျှကို နား ထောင်နေရင်းက နောက်ဆုံးကျမှ 'ဩော်' ဟုဝင်ထောက်သည်။ သော်တာ့ ဆေးနည်းကမဆိုး။ မနေ့က 'သွန်းရတီနွယ်'၏ ဆေးနှင့်စာလျှင် တော်တော်ကြီး ကောင်း သည်။ မနေ့က ဆေးအကြောင်းကိုလည်း သကောင့်သားများကို ပြောဖြစ်သည်။

'အဲဒီတစ်ဇလုံကုန်အောင် တော်တော်ကြီးစားယူရတယ်ကွာ'

သကောင့်သား နှစ်ကောင်က သဘောကျစွာ တဟီးဟီး ရယ်သည်။

'သက်သာလား မင်းအဲဒါကြီး စားပြီတော့'

'အေးကွာ ဆေးက ငါနဲ့ကျမှ ဘာဖြစ်တယ်မသိဘူး၊ ဘာမှမထူးခြား ဘူးကွ၊ တချို့ကျတော့ အဲဒီကောင်နဲ့ပဲ အဆင်ပြေသွားကြတာတဲ့'

'အဲဒီလူတွေက အသားဖြူလို့ပဲ ဖြစ်ရမယ်'

'အေး ဒီကောင်က အသားမည်းတော့ ဆေးမတိုးတာပဲ ဖြစ်မယ်'

'မင်းတို့ကလည်း အရေးထဲမှာ'

အားမရှိ အင်မရှိနှင့် စိတ်တိုသော ကျွန်တော့် ကိုနှစ်ကောင်သား တဟီး ဟီးဖြင့် ရယ်ကြပြန်သည်။

'ဒါနဲ့ မင်းကိုသတင်း တစ်ခုပြောဦးမယ်'

သော်တာက ဆိုင်းမဆင် ဗုံမဆင့် ဆိုသည်။ ကျွန်တော်က ခုတင်ပေါ် တွင်လက်အိပ်နေရာမှ ထ,ထိုင်သည်။

'ပြော'

'မင်းအတွက်တော့ သတင်းကောင်းပေါ့ကွာ'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ သွန်းရတီနွယ်ကိုလေ၊ ငါ့ညီမ သူငယ်ချင်းရဲ့ အစ်ကိုတစ်ယောက် လိုက်နေတယ်တဲ့ ဟိုပုဂ္ဂိုလ်ကြီးက တော်တော်ကြီးခိုက်ပြီး တော်တော်ကြီးကို လိုက်နေတာဆိုပဲ'

'ဝမ်းသာလိုက်တာကွာ အနေအထားကရော ဘယ်လိုလဲ'

'မဆိုးဘူးတဲ့ ငါ့ညီမက မင်းနဲ့ကိစ္စ နည်းနည်းပါးပါး သိထားတာကိုး။ သူ့ သူငယ်ချင်းကတော့ မသိဘူးပေါ့ကွာ'

'ဘုရားသိကြားမလို့ အဲ့ဒီလူကြီးနောက် ခိုးရာလိုက်ပြေးပါစေဗျား၊ အဲဒီ ရတီဆိုတဲ့ ကလေးမ'

'အောင်မာမာ ကြည့်စမ်း မကောင်းသော စိတ်နေစိတ်ထားတွေ မွေးနေ ပြန်ပြီ၊ အဲဒါကြောင့်လည်း မင်းအသား မည်းနေတာ'

'ငထက် မင်းက အမြီးကုပ်ပြီး ကိုယ့်ဖာသာ ကိုယ်နေစမ်း'

သော်တာ့ စကားကြောင့် ငထက်က 'အေးပါ ယောက်ဖရာ' ဟု လေပြည်ထိုးပြီး ပြန်နှိုပ်ကွပ်သည်။

'အေးကွ ဒါကြောင့်ထင်တယ် ငါ့ဆီသိပ်မလာတော့ဘူး'

'ဟွန်း . . . မင်းအသံကြီးက နှမြောသံပါနေတယ်၊ ဘာလဲလွတ်တဲ့ငါးကြီးတယ်ထင်နေလို့လား'

'မဟုတ်ပါဘူး သော်တာရာ ငါပြန်တွက်မိတာကို ပြောပြမိတာကို ပြောပြတာပါ၊ ဒီလိုအလာကြသွားတာ ငါ့အတွက် ကောင်းသောအလားအလာပဲ'

'အလာသာကြဲတာ ဆေးနည်းတွေ ဘာတွေတော့ သေသေချာချာပေး သွားသားပဲ'

ငထက်တငေါ့ တော့တော့ ဝင်ဆိုသည်။

'ဒါနဲ့ မင်းညီမက သတင်းက သေချာပါတယ်နော်'

'ဟသူ့ ညီမက ရန်ကုန် Directory ကွ ဘာသတင်း သိချင်သိချင် သူ့ညီမကို လှန်ကြည့်လိုက်ရုံပဲ'

'ဟကောင်ဘာ လှန်ကြည့်တာလဲ'

' Directory လေ'

ငထက်စကားကြောင့် သော်တာဒေါပွသွားသည်။ ဟိုကောင်ပြောထား



www.burmeseclassic.com

www.burmeseclassic.com



က လည်း အနှောင့်မလွတ် အသွားမလွတ်။

'မင်း သူ့ညီမကို သေသေချာချာကပ်ထား မင်းသိချင်တဲ့ အခါလှန်ကြည့်လိုက်ရုံပဲ'

'ဟကောင် ထေက်'

' Directory ပါ ယောက်ဖ အဲ သော်တာရာ'

သော်တာက မျက်နှာကြီးက စိတ်တိုသည် ထေက်ကတော့ 'အရသာရှိလိုက်တာ' ဟု မှီရသော မျက်နှာကြီးနှင့် ဆိုသည်။ ပါးစပ်နဲ့ လှန်တာ သုံးခါရှိပြီကိုး။

'မင်းတို့ နှစ်ကောင်ကလည်း မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ 'စ'နေတော့တာပဲ ခွေးနဲ့ကြောင်ကျနေတာပဲ'

'နောက် အမျိုးတွေ ဘာတွေမတော်နဲ့ တစ်ဆပေါ့ကွာ တော်သွားကြရင်တော့ တည့်သွားမှာပါ'

'အေး မင်းကြီးတော်နဲ့ ငါနဲ့ ရရင်တော့'မျိုး' သွားကြမှာပေါ့ကွဲ'

သူတို့နှစ်ယောက် စကားနိုင်လုတာက ကိစ္စမရှိ။ မျိုး ဆိုတာကြီးက မဆီမဆိုင်ပါလာသည်။ ကျွန်တော်ကလည်း 'ကိုယ်လိုရာကိုယ်ဆွဲပြီး 'မျိုး' တိုသတိ ရမိပြန်သည်။

'မျိုး' ကဖုန်းလေးတစ်ခါဆက်ပြီး ဘရိတ်အုပ်ထားသော်လည်း ကျွန်တော်ကတော့ ဖျော်နေမိသည်။ ကိုယ်ကဆက်ရအောင် ဆိုပြန်တော့လည်း တစ်ခါတစ်ခါ 'ယောကျ်ားမာန' ဆိုတာကြီးက ဝင်ဝင်လာပြီး ဖုန်းမဆက်ဖြစ်။

'မျိုး'နဲ့ ပတ်သက်ပြီးကဗျာတွေ ဘာတွေတောင် ရေးရင်းရေးရင်းနဲ့ များ ခဲ့ပြီ။ 'မျိုး' ဘက်က ဝေဒနာမပေးသော်လည်း ကျွန်တော့် ဘက်ကတော့ ဒဏ် ရာတော်တော်များများ စတေးခဲ့ပြီး ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ချစ်ရပါသည်။ 'မျိုး'



www.burmeseclassic.com

www.burmeseclassic.com



နင်ပေးတဲ့
'လက်ရာပျောက်' ဒဏ်ရာက
'ချုပ်ရိုးပျောက်' ချုပ်ထားတာမို့
ကြည့်ပျော်ရှုပျော် ရှိရဲ့လားကွဲ။



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ချက်ချင်းကြီး ပြောရင်တော့ သိက္ခာကျတာပေါ့၊ ဒီတော့ သိက္ခာပိုင်း အရကတော့ အချိန်ကြာကြာ တင်းတော့တင်းပေါ့။ နင့်ဥစ္စာက ငြိမ်းချမ်း နိုင်ကိုဆိုရင် ရန်သူကြီး ကျနေတာပဲ၊ မျက်နှာသာကို မပေးဘူး'

'အေး တော်ကြာ အပျိုကြီး ဖြစ်နေဦးမယ်နော် လာသမျှ ငြင်းလွှတ် မနေနဲ့ဦး'

'အို . . . အပျိုကြီးဖြစ်တော့ နားအေးတာပေါ့'

မိန်းကလေးတော်တော်များများက ထိုသို့ပြောလေ့ပြောထရှိသည်။ တကယ်တမ်းကျတော့ မိန်းကလေး ၁၀ယောက်မှာ ကိုးယောက်ကတော့ အပျိုကြီး ဖြစ်မှာကြောက်ကြသည်ချည်း။ သို့သော် ထို၁၀ယောက်စလုံးကို 'အပျိုကြီးဖြစ် မှာ မကြောက်ဘူးလား . . . မေးရင် 'မကြောက်ပါဘူး' ဟု အကြောက်အကန် ငြင်းကြလိမ့်မည်။

'ငြိမ်းချမ်းနိုင်က မဆိုးပါဘူးဟာ မသောက်မစား လောင်းကစားလည်း မလုပ်၊ ဘောပွဲလည်းမလောင်း ခုခေတ်က ဒါမျိုးရှားတယ်'

စံပယ်က ငြိမ်းချမ်းနိုင်၏ ကောင်းကြောင်းစုံလင် ရတု' ကို မမောနိုင် မပန်းနိုင်။ သူမ၏ အတွေး၌ 'ဖျပ်'ခနဲတော့ သူ့ကို မြင်ယောင်မိသည်။ သင် တန်းက သူထိုင်နေကျခုံလေးကို မကြာခဏကြည့်ဖြစ်သည် ဆိုတာကို သူမ ဖွင့်ဟဝန်မခံချင်ပါ။

'နင် ငြိမ်းချမ်းနိုင်ကို နည်းနည်းလေးတောင် စိတ်မဝင်စားဘူးလား'

'ပြောပြဘူး'

'အဲဒီ မပြောပြဘူး ဆိုတာရဲ့နောက်မှာ နည်းနည်းတော့ ချစ်နေတယ် ထားလိုက်'

'အေး ဟုတ်တယ် နည်းနည်းတော့ ချစ်နေတယ် မဟုတ်လား'

'ပြောပြဘူး'

Silver star မှာစတွေ့စဉ်အခါက ရှက်ရွံ့နေသော သူ့မျက်နှာကို မှတ်မှတ် ရရရှိနေတဲ့ အကြောင်း သူမဝန်ခံရမည်တဲ့လား၊ ဟင့်အင်း သူမရှက် သည်။

သူကိုယ်တိုင်ကများ သူမကို 'ချစ်သည်'ဟု ဖွင့်ဟခဲ့သည် ရှိသော် သူမ . . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တည်သည့်နေရာက မခံမရပ်နိုင်အောင် နာကျင်လာပြန်သည်။ ဆေးရုံမှတ်တမ်းစာအုပ်ငယ်မှ သမားတော်ကြီး၏ ဆေးရုံမှာ ရှိမည့်အချိန်ကို ကြည့်ရသည်။ ပြီး ဟိုနှစ်ကောင်ကို ဖုန်းဆက်ကာ ခေါ်ရပြန်သည်။

'မေမေ လိုက်ပို့ပေးမှာပေါ့ သားရဲ့'

'ရပါတယ် . . . မေမေ ဒီလိုပါပဲ နာနာပြီးတော့လည်း သက်သာသွားတာပဲ သားဟိုနှစ်ကောင်နဲ့ပဲ သွားလိုက်မယ်'

မေမေစိတ်လည်း အေးသွားအောင် ပင်ပန်းမှုလည်း မရှိအောင် ဂျွန်တော် ညာလိုက်သည်။ တကယ်တော့ ထိုကျောက်တည်သော နေရာက မခံမရပ်နိုင်အောင်ကိုနာသည်။ 'ကျောက်ကသေးသေးလေးကွ' ဆိုသော သမားတော်ကြီး၏ စကားကိုလည်း ပြန်ကြားမိသည်။ သေးလို့ပဲ တော်တော့သည်။ ကျောက်ကသာ ခပ်ကြီးကြီးဆိုလျှင် နာလွန်း၍ အသက်အတောင့်လိုက် ထွက်သွားနိုင်သည်။

စောင့်နေရလို့လားမသိ ဟိုနှစ်ကောင်က တော်တော်နှင့်ရောက်မလာ။ နာကလည်း နာသည်မို့ စိတ်ကလည်း တိုချင်လာသည်။

ခဏကြာတော့ ဝေထက်က သူ့ကားစုပ်ကြီးဖြင့် ဝရန်းဒန်းကား



www.burmeseclassic.com

www.burmeseclassic.com



ရောက်ချလာသည်။ ငထက်နှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို သော်တာ ရောက်ချလာသည်။ ပြီး နှစ်ကောင်သား ပျာယာခတ် လျှောက်ဝင်လာကြသည်။

'ဘာလဲကွ ... ခုချက်ချင်းလာခဲ့ ဆိုလို့ လန့်တောင်သွားတယ်'

'အေး ... ငါ့ကိုလည်း ခုဆေးရုံသွားမလို့ အမြန်လာတဲ့ လုပ်ပုံ'

'ရှူး'

နှစ်ကောင်စလုံး၏ ဟောင်ဖွာဟောင်ဖွာ အသံ၊ မေမေ ကြားမည်စိုး ရိမ်တားတော့ သကောင့်သားများက ကျွန်တော့်ကို ပြူးတိပြူးကြောင် ကြည့်ကြသည်။

'လာ ... သွားရအောင်'

'ငထက်က ဒီကောင့်ကို မင်းကားနဲ့ ခေါ်သွားမလို့လား'

'အေးလေ'

'ဒီကောင်သွားမှာ ဆေးရုံနော် ကားဝပ်ရှော့မဟုတ်ဘူး'

'မင်း'

ငထက်က သူ၏ကားစုတ်ကို နှိပ်ကွပ်ခံရသဖြင့် ဒေါ်ထသည်။ သော်တာက 'ငါ့ကားနဲ့ သွားမယ်' ဟုထပ်ပြောသည်။

'သွားလေ ငါ့ကားတောင် ဆီကုန်သက်သာသေးတယ်'

နှစ်ကောင်သား သူ့ကား ငါ့ကားကို ငြင်းရင်း စကားနိုင်လုနေ သေးသည်။ နောက်ဆုံးတော့ သော်တာ့ Saloon လေးဖြင့်သွားဖြစ်သည်။ ကျွန်တော့် တားက သူတို့၏ကားများပိတ်နေသဖြင့် ဂိုဒေါင်မှထုတ်ရန် ခက်သည်ကိုး။

ယခင်တစ်ခေါက်ပြသော ပုဂ္ဂလိက ဆေးရုံကိုပဲ သွားဖြစ်ကြသည်။ ထို့နောက်ဆီးနှင့်ကျောက်ကပ် အထူးကုသမားတော်၏ လူနာစာရင်းတွင် ငထက်က တိုကင်သွားချိတ်ပေးသည်။

ထို့နောက် နာကျင်သည်တို့ကို မေ့ဖျောက်ရင်း သမားတော်အလာကို စောင့်ရပြန်သည်။ ဒီနေ့အဖို့တော့ ကံကောင်းထောက်မစွာ သမားတော်ခပ်စော စောရောက်သည်။ ကျွန်တော့် တိုကင်နံပါတ်ကလဲ '၃' မို့ လူနာနှစ်ယောက်ပြ ပြီးသည်နှင့် ကျွန်တော့် အလှည့်ရောက်သည်။

ထုံးစံအတိုင်း နာ့စ်မက သွေးပေါင်ချိန်တိုင်းကာ ဆေးရုံတင်တမ်းစာ အုပ်မှာ 'သွေးပေါင်ချိန်ကို ရေးသည်။ ပြီး သမားတော်ကြီး၏ မေးသပ်စစ်

www.burmeseclassic.com



ထောင်းသည်။

'စားဆေးလည်း ပုံမှန်သောက်တာပဲဦး၊ မသက်သာဘူး'

ကျွန်တော့် စကားကို ခေါင်းညိတ်ပြရင်း . . . သမားတော်ကြီးက ကျွန်တော့် ခါတ်မှန်ကို လွန်ခဲ့သော နှစ်ပေါင်းများစွာက ခွဲခွာခဲ့သော ငယ်ချစ်ဦး၏ ခါတ်ပုံကို အဝေးကြည့်လိုက် အနီးကြည့်လိုက်ကြည့်သည်။ ပြီး ကျွန်တော့်ကိုကြည့်သည်။

'ကျောက်ကတော့ သေးသေးလေးပဲကွ ဒါပေမဲ့ . . . မင်းကိုကြည့်ရတာ ခံနိုင်ရည်မရှိသလိုပဲ။ ဒီတော့ မင်းအတွက် ဆရာအကြံပေးမယ်၊ မင်းခွဲထုတ်ချင်သလား'

'ဟာ . . . ကျွန်တော်ကြောက်တယ်ဗျ'

'အေး . . . ဒီလိုဆိုရင်တော့ စက်နဲ့ စုပ်ထုတ်တဲ့ နည်းပဲရှိတော့တယ်၊ အဲဒါ ခွဲစရာမလိုဘူး'

'ဘယ်လို စုပ်ထုတ်မှာလဲဆရာ ပြီးတော့ နာလားမသိဘူး'

'အေး . . . ဆီးလမ်းကြောင်းမှာ တည်နေတဲ့ ကျောက်ဆိုတော့ ဆီးလမ်းကြောင်းကနေပဲ စတီးပိုက်ထည့်ပြီး စုပ်ထုတ်ရမှာ'

'ဗျာ'

ကျွန်တော် ကြက်သီးတွေဖျန်းဖျန်းထ,ကာ သွားရသည်။ ဆီးလမ်းကြောင်းကနေ စတီးပိုက်ထည့်ပြီးတဲ့၊ ဒီလိုဆို နာမှာ သေချာသည်။ စတီးပိုက်ဆိုတတည်းက . . . . .

'ထုံဆေးထိုးပြီးမှ ထည့်မှာပါ စတီးပိုက်ဆိုပေမဲ့ ပိုက်ပျော့ပေါ့။ ဆီးလမ်းကြောင်းနဲ့ လိုက်လျှောညီထွေ ကွေးနိုင် ပျော့နိုင်တယ်လေ'

ထုံဆေးထိုးပြီးမှ ဆိုတော့ နာမှန်းသိလိုက်မည် မဟုတ်။

'ဒါဆို အဲဒီလို ကျောက်ကို စုပ်ထုတ်လိုက်ပြီးရင် ပြီးသွားပြီပေါ့နော် ဦး'

'အေး ဒါပေမဲ့ ဟိုစတီးပိုက်ကိုတော့ အသားကျအောင် တစ်ပတ် ဆီးလမ်းကြောင်းထဲမှာ ဆက်ထားမယ်။ တစ်ပတ်ပြည့်တော့မှ အဲဒီစတီးပိုက် ပျော့ကို ဆီးလမ်းကြောင်းထဲကနေ ပြန်ထုတ်မယ်'

'ဗျာ . . . တစ်ပတ်လုံးလုံး နုလုလုကြီး ဖြစ်နေမှာပေါ့၊ နာလည်း

www.burmeseclassic.com



အတော်နာမယ်ထင်တယ်'

'ဘယ်လိုမှ မခံစားရပါဘူး၊ တစ်ပတ်မဟုတ်ဘူး နှစ်ပတ်ထားလည်း ဘာမှမဖြစ်ဘူး ဘာမှခိုးလိုးခုလုမှ မဖြစ်ဘူး။ နာတာတတော့ ပြန်ထုတ်မှ နည်းနည်းလေးနာမယ်'

ကျွန်တော်ကိုယ့်ကိုယ်ကိုယ် အတော်ကြီး သနားသွားရသည်၊ ဒီအတိုင်း နေပြန်ရင်လည်း ဒီအောင့်တာကြီးက ဘယ်တော့မှ ပျောက်မည်မသိ၊ ခွဲရမှာကလည်း အသေကြောက်သည်။ စုပ်ထုတ်သောနည်းသာလျှင် ကျွန်တော့်အတွက် အသက်သာဆုံး ဖြစ်မည်ထင်သည်။

'တဲ . . . ဘယ်လိုလဲသား ဆေးပဲဆက်သောက်မလား၊ ခွဲမလား'

'ဆေးလဲမသောက်ချင်ဘူး . . . ခွဲလဲမခွဲချင်ဘူး စက်နဲ့ပဲ စုပ်ထုတ်ပေးပါဦး'

'တဲ . . . အခုပဲ ဆေးရုံတက် လိုက်တော့'

'ဗျာ'

'ညနေခင်း စုပ်ထုတ်ပြီး မနက်ဖြန်ဆို ဆင်းလို့ရပြီ'

မထူးတော့ သကောင့်သားနှစ်ကောင်ကို လှည့်ကြည့်တော့ သကောင့်သားများက လက်မထောင်ပြသည်။ 'လုပ်လိုက်' ဆိုသည့်သဘော။

'ဟုတ်ကဲ့ တက်မယ် ဦး'

'ဒီလိုဆို ဦး စာရေးပေးလိုက်မယ် ဟုတ်ပြီလား'

ဤသို့ဖြင့် . . . ကျွန်တော်မရည်ရွယ်ပါပဲ ဆေးရုံတက်ဖြစ်သည်၊ ကျွန်တော့်ကို လေးနာရီခွဲမှာ ခွဲခန်းပို့ကာ ကျောက်ကိုစုပ်ထုတ်ပေးကြမည်၊

မေမေ့ကို ဆေးရုံတက်မည့်အကြောင်းဖုန်းဆက်ပြောတော့၊ ပထမ လန့်သွားသေးသည်။ ကျွန်တော်ရယ်ရယ်မောမော ရှင်းပြတော့မှ 'တော်သေးတာပေါ့' ဟုဆိုသည်။ ဖေဖေပြန်လာသည်နှင့် ခွဲခန်းဝင်မည့်အချိန် အမှီလာမည်ဖြစ်ကြောင်းလဲ ဆိုသည်။ ခန့်မှန်းကုန်ကျစရိတ်ကိုလည်း ယူလာရန်မှာရသေးသည်။

ထိုပုဂ္ဂလိက ဆေးရုံ၏ ငါးလွှာမှာ ကျွန်တော်တက်ရသည်၊ သကောင့်သားနှစ်ကောင်လဲ ၎င်းတို့၏ အိမ်များသို့ လူနာတစ်ညစောင့်ရမည့်အကြောင်း ဖုန်းဆက်ကြသည်။ ပြီး၎င်းတို့၏ ကောင်မလေးများထံ ဖုန်းဆက်ကြပြန်သည်၊



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဖုန်းဆက်နေတာကြည့်ပြီး တျွန်တော် 'မျိုး' ကိုအသဲအသန် သတိရနေမိသည်၊

'ဟာတောင် မှိုင်မနေနဲ့ ငါပြောထားတယ် မနက်စောစောလာခဲ့ဖို့ ခေါ်လဲခေါ်လာခဲ့'

ထေက်တဲ အားပေးစကားဆိုသည်။ အခန်းထဲမှာ ဖုန်း၊ ရေခဲသေတ္တာ စလောင်း(လိုက်းစုံ) တို့ဖြင့် ကိုယ့်အိမ်မှာလိုပင် လိုလေသေးမရှိ။ ရေချိုးခန်း အိမ်သာက တွဲရက်မို့ အဆင်ပြေသည်။ ခဏကြာတော့ နာ့စ်မတစ်ယောက် ရောက်လာပြီး။ ပုလင်းကြီး ချိတ်ပေးသည်။ နာ့စ်မငယ်ငယ် ချောချောလေးမို့ သကောင့်သားနှစ်ကောင် မျက်လုံးကျွတ်ကျမတတ် ငမ်းနေကြသည်။

'ဆရာကြီးက လေးနာရီ ခွဲခန်းဝင်မယ် ပြောထားတယ် မဟုတ်လား'

'ဟုတ်'

'ပြောထားတယ် . . . ဆရာမ'

လူမမာဖြစ်သော ကျွန်တော့်ကို မေးသော်လည်း လူမမာစောင့် သကောင့်သားနှစ်ကောင်က သူဦးငါခင် ဝင်ဖြေကြသည်၊ ပုံစံတွေကလည်း အငမ်းမရ ပုံစံကြီးတွေနှင့် မျက်လုံးကြီးပြူး ပြီးတော့၊

'ဆရာမ လိုတာရှိရင်ပြောနော်'

'အားမနာနဲ့ သိလား'

အရေးထဲ လောကွတ်တွေ ဝင်ချော်နေကြပြန်သေးသည်။ ဒီကောင်တွေကြည့်ရတာ လူ့ရှင်တော်တွေ ပျက်နေကြသည့်အတိုင်း ရယ်ချင်စရာကြီး ဘယ်လိုမှ သဟဇာတမဖြစ်။ နာ့စ်မက ခေါင်းလေးအသာညိတ်ပြသည်ကိုပဲ သကောင့်သားနှစ်ကောင်က တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ထခုန်လုမတတ် ဝမ်းသာနေကြရှာသည်။

စံပယ်တို့ ထွေးမာတို့ လာလို့ကတော့ ချွန်တိုင်ကို တိုင်လိုက်ဦးမည်' ဟုခုတင်ပေါ် မှာမှိန်းရင်းက ကျွန်တော် တွေးသည်။

ဆရာမက လှည့်ထွက်သွားမလို လုပ်ပြီးမှ ပြန်လှည့်လာသည်။ ပြီးမျက်နှာ အနည်းငယ်နီမြန်းစွာဖြင့်

'ခွဲခန်းဝင်မယ်ဆိုတော့ အောက်ပိုင်းသန့်ရှင်းရေး လုပ်ရမယ်နော်'

'ဗျာ . . .'


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထူးလိုက်တာမဟုတ် သော်တာက ဝင်ကာဖျာလိုက်ခြင်း ဖြစ်သည်။ အောက်ပိုင်း သန့်ရှင်းရေးတဲ့။

'ဒီကောင်လေ ဒီဆေးရုံမလာခင်ကမှ ရေချိုးထားတာပါ သန့်ရှင်း ပြီးသား'

ငထက်ကလည်း သူနားလည်သလို ဝင်ကာရှင်းပြသည်။ သူကလည်း နာ့စ်မလေးနဲ့ စကားစမည်ပြောချင်သေးတာကိုး။ သို့သော် ဆရာမက သူထင် ထားသလို 'ဟုတ်လား' ဟုမပြောဘဲ မျက်နှာကြီး စောစောကထက် နီသွား သည်။

'အဲဒါကိုပြောတာ မဟုတ်ဘူး၊ ဘလိတ်ဓားနဲ့ ဂျုပ်ရယ် လက်အိတ် ရယ် ဝယ်ထား ခဏနေလာခဲ့မယ်'

ပြောပြီးဆရာမက ရှက်မျက်နှာဝဲတဲတဲဖြင့် အခန်းပြင်ထွက်သွား သည်။ အတန်ကြာသည် အထိ ကျွန်တော်တို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကြောင်နေကြသည်။ အတန်ကြာတော့မှ သော်တာက မျက်လုံးပြူး မျက်ဆံပြူးဖြင့် မျက်နှာကလည်း စပ်ဖြီးဖြီးကြီးဖြင့်။

'ဟေ'

ဟုရွတ်သည်။ ငထက်ကလည်း သဘောပေါက်သွားဟန်ဖြင့် ကျွန်တော့်ကို ပြုံးစိစိဖြင့် ကြည့်သည်။ ကျွန်တော်ကတော့ ရှက်လွန်းလို့ ရင်ခုန်သံတွေ တောင်မှားလို့ အောက်ပိုင်းသန့်ရှင်းရေး။ ဘလိတ်ဓားနှင့် ဂျုပ် လက်အိတ် ဆရာမ၏ ရှက်မျက်နှာ။

'ဟော့ကောင် ငထက် ဆရာမပြောတာ တွေသွားဝယ်ချည်၊ ခဏကြာ ရင်ဆရာမက လာတော့မှာ အဟီး'

သော်တာ့ စကားကြောင့် ကျွန်တော် ခေါင်းတွေကြီးချည် ငယ်ချည် ဖြစ်ကာ မျက်နှာမှာလည်း ရှိန်းရှိန်းဖိန်းဖိန်းကြီးဖြစ်လို့ ဖြစ်နိုင်လျှင် ကျွန်တော့် မျက်နှာကို တစ်နေရာရာ သွားပို့ထားလိုက်ချင်သည်။ အဲဒီ အောက်ပိုင်း သန့် ရှင်းရေး လုပ်နေချိန်ကို။

'အေးကွ ဆရာမတွေက ဆေးရုံမှာ တာဝန်အရ ဒါမျိုးတွေက ထမင်း စားရေသောက်ရိုးနေလောက်ပြီ အဟီးဟီး ဘာတဲ့ ဘလိတ်ဓားရယ် ဂျုပ်ရယ် လက်အိတ်ရယ်တဲ့၊ ငါ့ကောင်ကတော့ ကတုံးအတုံးခံရတော့မယ် အဟေးဟေး



www.burmeseclassic.com

www.burmeseclassic.com



'ဟကောင်'

'အောင်မာမာ ဆရာမကတောင် မရှက်တာ မင်းက ရှက်နေတယ်၊ ရှက်စရာလား၊ ရှက်ရင် မင်းပိုက်တန်းလန်းနဲ့ မင်းဖာသာမင်းတုံး'

'ဟကောင် ဗိုက်ပူ မင်း မင်းလုပ်ပေး'

'အောင်မာမာ မလုပ်တတ်ပေါင်ဗျာ တော်ကြာ လွဲချော်ပြီး လှီးမိရိုက်မိမှ ဒုက္ခ'

'ဒုက္ခပါပဲကွာ'

'အို . . . ဒါဆေးရုံ လောကမှာ ရိုးနေပြီ'

'ရိုး . . . ရိုးကွာ ရှက်စရာကြီး'

'ရှက်မနေနဲ့ ဒါရှက်စရာမဟုတ်တာ ဖြစ်တတ်သော သဘောရှိတယ်လို့ မှတ်'

'ကျွတ်'

'လာတော့မှာ အဟီး'

'ဟကောင်'

သော်တာက ကြောက်ပါတယ်ဆိုမှ လူကို ဖြဖြပြီးခြောက်သည်။

ငထက်က ပျာယီးပျာယာဖြင့် ရောက်ချလာသည်။

'ကဲကဲ ဘလိတ်ဓားရယ်၊ ဂျပ်ရယ်၊ လက်အိတ်ရယ် လာပြီ'

'ဟကောင် ငထက် အရက်ပြန်နဲ့ ပတ်တီး မပါဘူးလားကွ'

'ဟာ ဟုတ်သားပဲ သော်တာရ မတော်နဲ့ တဆ'

'ခွေးကောင်တွေ'

အဲဒါပဲ ကြည့်။ ကျွန်တော် ဘော်ဒါတွေက ဒုက္ခထဲမှာကို ရအောင် ပျော်တတ်ကြသည်။

'တင်းတောင် . . . ဗာင်းတောင်' (လူခေါ် ဘဲလ်မြည်သံ)

'ဟိုက်' ကျွန်တော်ကထို 'ဟိုက်'ဆိုတာကို ရေရွတ်မိရင်း အလန့်တကြားဖြင့် အားကိုးတကြီး ဟိုနှစ်ကောင်ကိုကြည့်မိ၏။

'လာပြီ . . . လာပြီ'

'သော်တာမင်းနဲ့ ငါအပြင်ထွက်ရအောင် ဒီကောင့်ကိုထားခဲ့'

ဟိုနှစ်ကောင်က ညစ်ကျယ်ကျယ်ပြုံးရင်း ထွက်သွားရန်ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟကောင်တွေ မသွားနဲ့ကွ'

'ဘာဖြစ်တာလဲ . . . မင်းက'

'ငါ . . . ငါရှက်တယ်ကွ'

'ရှက်ရင် မင်းမျက်နှာစောင်နဲ့ အုပ်ခဲ့ပေးမယ်'

'တင်းတောင် . . . . တင်းတောင်' (လူခေါ်ဘဲမြည်သံ)

'ဟကောင် ထေက် တံခါးသွားဖွင့်ပေးလိုက်'

ထေက်က တံခါးသွားဖွင့်ပေးသည်။ ဒေါ်တာက တောင်သွားရမလို မြောက်သွားရမလို ယောင်နေသည်။ ကျွန်တော်ကတော့ ရင်တွေ တဒိန်းဒိန်း ခုန် . . . လို့ . . ။ အောက်ပိုင်းသန့်ရှင်း။ ခြေသံတရှပ်ရှပ်။ ကျွန်တော် မျက်လုံးတို မှိတ်ထားလိုက်သည်။

ရင်တွေက တဒိန်းဒိန်း။

ခြေသံတရှပ်ရှပ်က ကျွန်တော့် ခုတင်နားမှာရပ်တန့်သည်။

ကျွန်တော်ရင်က တဒိန်းဒိန်း သေရချည်ရဲ့ဗျာ။ ရင်ခုန်သံကြမ်းလိုက် ပုံက ။

မျက်လုံးများကို မရဲတရဲ ဖွင့်တယ်ဆိုရုံဖွင့်ကာ မေးပြီးအကြည့်၊

'ဟူး . . . .'

ကျွန်တော်တင်းထားသော သက်ပြင်းကို ချဖြစ်သည်။ ယောက်ျားကြီး ကျွန်တော်တို့ထက် ငါးနှစ်လောက် ကြီးမည်။ နှစ်ဆယ့်ခြောက်နှစ်ခန့် ရှိမည်။ ကျားကျားလျားလျားကြီး။

'ဝယ်ထားပြီးပြီလား'

'ဟုတ်ကဲ့'

ထေက်က ပြောရင်း ကျွတ်ကျွတ်အိတ်ကြီးကို ထိုသူအား လှမ်းပေး သည်။ ဒေါ်တာက 'တော်သေးတာပေါ့' ဟု ကျွန်တော့်အားမကြားတကြား ရွတ်သည်။

ထိုလူက ဂျုတ်နှင့် မားကို ကျင်လည်စွာ တပ်သည်။ ပြီးတစ်ခါသုံး လက်အိတ်ကို စွပ်သည်။ အပိုစကား ဘာမှမပြော။ လုပ်စရာရှိတာ လုပ်သွား သည်။

ဩော် . . . သူတို့ကျတော့လည်း ထမင်းစား ရေသောက် တတယ်



www.burmeseclassic.com

www.burmeseclassic.com



တတယ်ပဲ ဒါမျိုးကိစ္စက ရှက်စရာမလိုသည့် ကိစ္စ။

ထိုလူ ထွက်သွားချိန်သည်နှင့်တစ်ပြိုင်နက် ငထက်တို့ကတော့ ခွက်ထိုးခွက်လှန်ရယ်ကြသည်။ ကျွန်တော်ပါ. အားမရှိသည့်ကြားက 'ရယ်'ဖြစ်သည်။

'ဟား ဟား ဟား'

'တော်သေးတာပေါ့ကွာ ဟား ဟား ဟား'

'တင်းတောင် တင်းတောင်'

'ဟိုက်'

'သော်တာ မင်းသွားဖွင့်'

'ဟာ . . . မင်းသွားဖွင့် ငထက်'

'မင်းတို့နှစ်ကောင်ကလေ ဖေဖေတို့လာတာလား မသိဘူး'

သော်တာက ကျွန်တော်အပြောကြောင့် ခပ်သွက်သွက် သွားဖွင့်သည်။

'ဩော် . . . ဆရာမ'

ဆရာမဆိုသော အသံကြောင့် ကျွန်တော် မျက်နှာဖြန်းခနဲ ပူ၏။ ငထက်က ပြုံးစိစိ။

ဆရာမလက်ထဲမှာ အစိမ်းစကြီး ကိုင်လာသည်။

'လေးနာရီလောက်ဆို ဒီဝတ်စုံကို ဝတ်ထားလိုက်နော်'

ဆရာမကပြောပြီး ထိုခွဲစိတ်ခန်းတွင် ဝတ်သည့်ဝတ်စုံ အစိမ်းကြီးကို ခုတင်ဘေးက စားပွဲခုံမှာတင်ပေးပြီး ပြန်ထွက်သွားသည်။ မထွက်ခင်ပု လင်းကြီး ချိတ်တာကို တစ်ချက်ကြည့်ပေးသွားသည်။

'မင်းကသာ ကိုယ်လိုရာကိုယ် ဆွဲတွေးပြီးရှက်နေတာ'

'ဘာတွ'

'လာမဲ့လာတော့ ယောက်ျားကြီး'

'တော်ပါတော့ကွာ'

ဒီကောင်တွေ ရှိနေတာ တစ်မျိုးတော့ ကောင်းသည်။ လေးနာရီခွဲမှာ ခွဲစိပ်ခန်း ဝင်ရမှာကို အလိုလိုမေ့နေပြီးသား ဖြစ်သည်မို့ စိုးရိမ်စိတ်တွေ ဘာတတွေမရှိတော့။ မျိုးကိုတော့ လှိုက်လှိုက်လှဲလှဲကြီး သတိရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်မလပ် ချစ်ရပါသည် မျိုး။



www.burmeseclassic.com

www.burmeseclassic.com



မေမေကရောက်လာသည်နှင့် ကျွန်တော့်နဖူးကဆံပင်ကို သပ်တင်ပေးရင်း မျက်ရည်လေးစမ်းစမ်း စမ်းစမ်းဖြင့်ကြည့်သည်။

'ဘယ်လိုနေလဲ . . . သား'

'ဘယ်လိုမှမနေပါဘူး . . . ဘာမှမဖြစ်ပါဘူး နေသာပါတယ်'

'မသိဘူးလေ ဆေးရုံတက်မယ်လို့ သားလည်းပြောရော မေမေ့ရင်တွေ ပန်းတွေတုန်လို့ ဘုရားစာတွေပဲ ဖိရွတ်နေတာ'

'အေး . . . မင်းအမေက မျက်စိပျက် မျက်နှာပျက်နဲ့ ဖေဖေလည်းပြန်ရောက်ရော သား ဆေးရုံတက်နေတယ်ဆိုတော့ ဖေဖေပါလန့်ဖျပ်သွားတယ်'

မေမေရော ဖေဖေပါ အခုမှ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာတော့သည်။

'သားတို့ကော . . . ဘာစားပြီးပြီလဲ'

'စောစောကပဲ အောက်ထပ်က ကင်တင်းမှာ ထမင်းသွားစားထားတယ် အန်တီ'

သော်တာက ခပ်သွက်သွက်ဖြေသည်။

'ခွဲခန်းထဲဝင်တာကလည်း နာရီဝက်အလွန်ဆုံးပါပဲ၊ လေးနာရီခွဲဝင်



www.burmeseclassic.com

www.burmeseclassic.com



ငါးနာရီမထိုးခင် လောက်ဆိုထွက်နေပြီတဲ့’ လုံးဝမနာမကျင်ဘူးတဲ့ အန်တီ’

ငထက်ကလည်း လူကြီးတွေ စိတ်မပူအောင် ရှင်းပြသည်။ မေမေတာ ခေါင်းညိတ်ရင်း နားထောင်သည်။

‘ငွေဘယ်လောက် ထိုသေးလဲသား’

ဖေဖေကတော့ တစ်တောင်လောက်ရှိသည့် သားရေအိတ်ကြီးကို ဆ ရင်းဆိုသည်။

‘အခန်းခ ဒီပိုစစ်တင်ထားတာနဲ့ဆို သိပ်မလိုတော့ဘူး ဖေဖေ’

‘ဒါနဲ့ ဆေးခန်းက ဘယ်တော့ဆင်းရမှာလဲ’

‘မနက်ဖြန် နေ့လယ်လောက်ပေါ့’

‘ဟော့ . . . မြန်လာချည့်လား အင်း ခေတ်တွေကလည်း တိုးတက် လိုက်တာ လွန်ပါရောလား၊ ဟမ်း အမေကြီး အံ့သြစရာမကောင်းဘူးလား’

‘အိုတော် . . . သားရဲ့ရောဂါကလည်း မဖြစ်စလောက်မို့ပါ’

‘ဖေဖေတို့ပြန်ချင်ရင်ပြန်လေ . . . ဘာမှမှမလိုတာ၊ အိမ်မှာက အလုပ်တွေရှုပ်နေတာ’

‘ရပါတယ် သားရာ သားခွဲခန်းထဲကပြန်ထွက်မှပဲ ပြန်တော့မယ်’

‘တော်ပဲ ပြန်၊ ကျွန်မကတော့ ညသားကို စောင့်ပေးဦးမယ်’

‘ဟာရပါတယ် အန်တီရ ကျွန်တော်နဲ့ သော်တာပဲ စောင့်ပေးပါ့မယ်၊ ဘာမှလည်း သိပ်ထွေထွေထူးထူး လုပ်စရာ မလိုဘူးလေ’

‘အေး . . . အဲဒါလဲဟုတ်သား’

‘မထူးပါဘူး အန်တီရာ ဆေးရုံကဆင်းရင်လည်း ကျွန်တော်တို့ပဲ အိမ် အထိလိုက်ပို့ပေးမယ်၊ တကူးတက လာမကြိုနဲ့တော့’

‘ဟုတ်တယ် . . . မေမေ ဘာပစ္စည်းမှလည်း သယ်စရာ သိမ်းစရာမှ မလိုတာ’

‘အင်း . . . ဟုတ်တယ်’

မေမေကလည်း အခုမှပဲ ပြုံးနိုင်လာတော့သည်။ ပြီးတော့မေမေ့ ချက်နှာ ဆတ်ခနဲတည်သည်။ ကျွန်တော့် ရင်မှာ ထိတ်ခနဲ။

‘ဘာဖြစ်လို့လဲ မေမေ’

‘ရတီ လာသေးလား’



www.burmeseclassic.com

www.burmeseclassic.com



'ကိုတစ်ခေါက်တတည်းက မလာတာကြာပြီပဲ ဘာဖြစ်လို့လဲ မေမေ'

မေမေက ဘာမှမပြော မျက်နှာကြီးကတော့ နီလာသည်။ ဘာတွေ မှန်း ကျွန်တော် မသိ။

'စောစောက ဖေဖေနဲ့မေမေ Reception မှာ သားအခန်းကို စုံစမ်း နေတုန်း ကောင်လေးတစ်ယောက်နှင့် လက်ချင်းချိတ်လို့ တွေ့လိုက်တယ်၊ ဖေဖေတို့ကိုတော့ သူမမြင်ပါဘူး'

'အရပ်မြင့်မြင့် အသားဖြူဖြူနဲ့လား၊ အန်တီ 'ဟမ်းဖုန်းကြီးတကိုင် ကိုင်နဲ့'

သော်တာ၏ အမေးကြောင့် မေမေမျက်လုံးများအနည်းငယ် ပြူး ကျယ်သွားသည်။

'မင်းတို့က ဘယ်လိုလုပ်သိတာလဲ၊ အေးလေ မင်းတို့ သူငယ်ချင်းက လည်း သူ့ကို ဥပက္ခာပြုထားတော့'

မေမေက ဒီအနေအထားကြီးရောက်တာတောင် 'ရတီ' ဘက်ကို ဘက်လိုက်ချင်နေသေးသည်။ ဒါပေမဲ့ 'ရတီ' အပေါ်မှာ စိတ်ကုန်နေတာက တော့ မျက်နှာပေါ်မှာ အထင်းသား။

'အန်တီက မသိဘူးနော် သူ့ကောင်မလေးကလွဲရင် ဒီကောင်က. .'

'ဟကောင် . . . ငထက်'

'ပြော . . . မောင်ထက် သူ့ကောင်မလေးက ဘယ်ကလဲ ဒီကိုလာပြီး ပြီလား'

'ငထက်'

'သူတို့ မနက်ဖြန် ၆နာရီခွဲလောက် လာကြမှာအန်တီ'

ငထက်ကတော့ တားနေသည့်ကြားမှ ဇွတ်ပြောချင်ရာ စွတ်ပြော သည်။ တကယ်တမ်းကျ မျိုးနှင့် ကျွန်တော်က ဘာမှဟုတ်သေးတာ မဟုတ်။ နဝိုတမှ ဟိုကမာနခဲ ပြဿနာဖြစ်သွားနိုင်သည်။ မေမေက ဖေဖေ့ကိုကြည့် သည်။ 'တော့် သားရည်းစားထားတာတောင်တော်မသိဘူး မဟုတ်လား' ဟူ သောပုံစံမျိုး။

'နာမည်လေးက ဘာတဲ့လဲ မောင်ထက်'

'ငထက် မင်းနာမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ပြောမှာပဲ အန်တီ ဒီကောင့်ကောင်မလေးနာမည်က မျိုးတေမာန်တဲ့'

'ဟ . . . နာမည်လေးက လှလှချည်လား'

ဖေဖေ၏ ချီးကျူးစကားကြောင့် မေမေက ဖေဖေ့ကို မျက်စောင်းထိုးသည်။

'ပြောပါဦးကွ . . . ရုပ်ကလေးကရော ဘယ်လိုလဲ'

'ရတီ့ထက်လှတာတော့ သေချာတယ် ဦး'

သော်တာ အဖြေကြောင့် ဖေဖေက 'ညွှန်းလှချည်းလား'ဟု ရွှတ်ရင်းရယ်သည်။

'ဒီကောင်တွေ လျှောက်ပြောနေတာနော် . . . ဖေဖေ'

'အောင်မယ် . . . ငါ့သားကရှက်နေပြန်ပြီ'

ကျွန်တော် ပျာပျာသလဲ ငြင်းတာကိုပဲ ဖေဖေကမယုံ။ မေမေကတော့ ဘာမှမပြော သက်ပြင်းသာချသည်။

'အေးကွယ် အန်တီက သားကို ရတီလေးနဲ့ အဆင်ပြေသွားမယ်ထင်တာ အခုတော့ ရတီက . . . '

'သူငယ်ချင်းဖြစ်ရင်လည်း ဖြစ်မှာပေါ့ မေမေ'

ကျွန်တော် တမင်ပင် ရွှံ့ပြောပြောတော့ မေမေက စွေ့ခနဲကြည့်သည်။

'မနက်ဖြန် အန်တီလာကြည့်ဦးမယ် သားကောင်မလေးကို'

'မဟုတ်ဘူးနော် မေမေ သားနဲ့ ဘာမှမဖြစ်သေးဘူး'

'စိတ်ချပါသားရယ် ဘာမှမဖြစ်ပါဘူး ရတီ့ကို အဲဒီကောင်လေးနဲ့တွဲနေမှန်းသိတာ တစ်ပတ်လောက်ရှိနေပြီ မေမေသိနေတာ. . . ဒါပေမဲ့. . . . ကောင်းပါတယ် ငါ့သားလည်း စိတ်မညစ်ရတော့ဘူးပေါ့' ဟု

မေမေကတော့ ရတီကို စော်တော်စိတ်ကုန်နေဟန်ဖြင့် ဆိုသည်။ ဟိုကောင်တွေ တွန်းသမျှ မေမေရော ဖေဖေပါ ယုံနေဟန်တူသည်။ ရှင်းပြလို့ကတော့မရ။ ကျွန်တော် သက်ပြင်းကို သာချဖြစ်သည်။ ကျေနပ်မှုတချို့တ ရင်မှာ . . .

'မျိုး' ရေ . . . .



www.burmeseclassic.com

www.burmeseclassic.com



လေးနာရီထိုးတော့ သော်တာက ထအော်သည်။

'ဟ . . . ခွဲစိတ်ခန်းဝင်ရမယ်လေ'

'ဟုတ်သားပဲ'

ပုလင်းကြီး ချိတ်ထားတာ တန်းလန်းကြီးနဲ့ ဝတ်စုံလဲ ရန်လုပ်ကြ သည်။ ငထက်က အကွဲကို ရှေ့ကထားကာ ဝတ်ပေးရန်ပြင်သည်။

'ဟဲ့ . . . မောင်ထက် အကွဲကနောက်က ထားရမှာနော်'

'ဩော် . . . မှားလို့ အန်တီ'

ငထက်က မျက်နှာပိုးမသေ ခွဲစိတ်ခန်းဝတ်စုံဝတ်ပြီး သိပ်မကြာခင် မှာပင် ကျွန်တော့်နားသို့ နာ့စ်မတစ်ယောက် ရောက်လို့လာသည်။ ပြီး . . . ကျွန်တော့်ကိုကြည့်သည်။

'ခွဲစိတ်ခန်းဝင်ရင် လက်စွပ်တွေ ဆွဲကြိုးတွေကို ချွတ်ထားခဲ့ပေးပါ နော်'

'ဟုတ်ကဲ့ . . . ဆရာမ'

ငထက်က စပ်ဖြဲဖြဲဖြင့် ဝင်ဖြေသည်။ ပြီး ကျွန်တော့်လက်သူကြွယ် မှ စိန်လက်စွပ်ကို ချွတ်သည်။ လည်ပင်းမှ ပလက်တီနမ် ဆွဲကြိုးကိုဖြုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး 'သွားတော့မယ်နော် ကျေးဇူးပဲ' ဟုဆိုကာ အပြင်ထွက်သွားဟန်ပြုရင်း ရယ်သည်။ ဖေဖေတို့ပါ ပေါ့ပေါ့ပါးပါး ရယ်ဖြစ်ကြသည်။

ခဏကြာတော့ Wheel chair လေးပေါ်တွင်ကာ တတိယထပ်မှာရှိသော ခွဲစိတ်ခန်းကိုခါတ်လှေကားဖြင့် ဆင်းသည်။

ခွဲခန်း၏ အပြင်မှာ မေမေတို့ အားလုံးကျန်ရစ်ခဲ့ကြသည်။

ဘာမှမကြာလိုက် ဆီးလမ်းကြောင်းမှ တည်သော ကျောက်ကို စုပ်ထုတ်ပြီးသည်။ ထိုကျောက်ကို ပုလင်းငယ်လေးဖြင့် ထည့်ကာပေးလိုက်တော့ ထိုကျောက်ပုလင်းလေးက မေမေ့လက်ထဲရောက်သွားသည်။ ကျောက်ကမီးခြစ်ဆံခေါင်းသာသာ သေးသေးလေးနှင့်နာသော ထိုကျောက်ငယ်။

'ဘာလဲ အမေကြီး ရွှေနဲ့ ကွင်းဝတ်မလို့ ဒီလောက်တောင်ကြည့်နေတာလား'

'တော်ကလည်း ကလေးကလားနဲ့'

ဖေဖေက စတော့ မေမေက ရှက်ကိုးရှက်ကန်းဖြင့် ဆိုသည်။ ထုံဆေးထိုးထားသဖြင့် အောက်ပိုင်းက လှုပ်လို့မရ။

အခန်းထဲ ပြန်သယ်လာပြီး ခုတင်ပေါ် မ,ပြီး တင်ပေးကြသည်။နာ့စ်မက . . .

'ခေါင်းအုံးနဲ့ အုံးပြီး မအိပ်ပါနဲ့နော်၊ ည ၁၁နာရီလောက်မှ အောက်ပိုင်းလှုပ်လို့ ရမယ်။ ဒီကြားထဲ လှုပ်လို့ရရင်လည်း မလှုပ်ပါနဲ့ အကြောတွေ ထိခိုက်သွားမှာ စိုးလို့ပါ'

ကျွန်တော်ခေါင်းကို ညိတ်ပြလိုက်သည်။

'ပြီးတော့ . . . ည ၁၀နာရီကျော်ရင် ဘာမှမစားနဲ့ မနက်ဖြန် ၈နာရီမှာ ဆီးလမ်းကြောင်းက စတီးပိုက် အနေအထား အဆင်ပြေမပြေကို ဓာတ်မှန်ရိုက်မယ်၊ ပထမတစ်ခေါက် နှစ်ခေါက်ဆီးမှာ သွေးပါမယ် စိုးရိမ်စရာမလိုဘူး၊ ရေများများသောက်ပေးပါ ကျွန်မလည်း မကြာမကြာလာကြည့်ပါ့မယ်'

ခပ်ပြတ်ပြတ်ပြောပြီး ဆရာမက ကျွန်တော့်ကို သွင်းထားပေးသော ဆေးကြိုးမှ drip ကိုညှိပေးသည်။ ပြီး 'ခွင့်ပြုပါဦး' ဟုဆိုကာ ထွက်သွားသည်။ ထိုအခါတွင် ဖေဖေနှင့် သော်တာက တစ်ပြိုင်တည်း ဆိုသည်။ ပြီးဖေဖေနှင့် မေမေကိုကြည့်ကာ 'အဟီး' ဟု ရှက်ရယ်ရယ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထဲ . . . ဒါဆိုမေမေတို့ ပြန်မယ်၊ မနက်ဖြန်မှပဲ မေမေ့သားရှာထားတဲ့ ဆေး ယောင်းလေးတို လာကြည့်ရင်း တစ်ခေါက်လာခဲ့မယ်'

'မေမေ ဒီတောင်တွေနောက်နေတာ'

'မေမေ မောင်ထက်တို့ကို ယုံပြီးသား ကဲ . . . ပြန်ပြီ'

'ဖေဖေပြန်ပြီနော် . . . သား'

ဘာမှကောင်းကောင်း မဖြေရှင်းလိုက်မီ အချိန်မှာပဲ ဖေဖေရော မေမေပါ မရှိကြတော့။

'ငထက် ပြဿနာတက်ရင် မင်းရှင်း'

'အဟီး'

'ရယ်မနေနဲ့ ပြဿနာကောင် . . . ဂြိုဟ်ကောင်'

ငထက်ကတော့ သူ့ကိုပြောနေသည်ဟုပင် မထင်၊ စပ်ဖြီးဖြီး နှင့်မသိသလို လုပ်နေသည်။ ကြာကြာအိပ်တော့ ကျောကပူသည်။ ကိုယ့်ဖာသာ ကိုယ်ကလှည့်လို့မရ။ သော်တာနှင့် ငထက်စောင်းပေးပါမှ စောင်းလို့ရသည်၊ ကြာကြာလည်းမစောင်းနိုင် ညောင်းကလည်း အသားကုန် ညောင်းနှင့်။

ညောင်းညောင်းနှင့်ပဲ မျိုးကို သတိရမိပြန်သည်။ မနက်ဖြန်ဆို မျိုးတို့လာကြမည်။ မေမေလည်းလာမည် ဘာတွေဖြစ်မည်မသိ။ တောင်တွေ မြောက်တွေနှင့် ရင်ကပူ၏။ ငထက်ကို ဒေါကန်သော်လည်း ဘာမှမပြောချင်၊ ချွန်သည့်နေရာ၊ အရောက်ပို့သည့်နေရာမှာ နှစ်ယောက်မရှိသည့်ကောင်။

ည ၁၀ကျော်လျှင် ဘာမှမစားနဲ့ ဟုမှာထားခါမှ ဗိုက်ကဆာသလိုလို။

အောက်ပိုင်းကလည်း လှုပ်လို့မရသေး။ လှုပ်လည်း မလှုပ်ရဲ၊ တော်ကြာ . . . ဆရာမပြောသလို နာ့စ်ကြောတွေ ထိခိုက်ကုန်မှ ဟုတ်ပေ့ဖြစ်နေဦးမည်။

ဆရာမကလည်း မကြာခဏ လာကြည့်ပေးပါသည်။ ဆေးရုံအုပ်တလည်း Round လှည့်ပေးသေးသည်။

သန့်ရှင်းရေးသမားကလည်း အချိန်မှန် သန့်ရှင်းရေးဝင်လုပ်ပေးသည်။ အားလုံးအဆင်ပြေသည်။

မပြေမှာ ကြောက်ရသည်က စတီးပိုက်။ စတီးပိုက်အနေအထားကတော့ အဆင်မပြေ ဖြစ်ခဲ့သည်ဟုသိရသည်။ အဲဒီဖြစ်ခဲ့သည့်ကြားမှာမှ ကံထူး



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဖြစ်လျှင် ပြီးရော . . .

မနက်ဖြန်ရှစ်နာရီဆို ဘာပဲပြောပြော ခတ်မှန်သွားရိုက်ရမည်။ အဲဒီအချိန်ကျမှ မျိုးတို့ ရောက်လာနိုင်သည်။ အဲဒီထက်စောပြီးတော့လည်း ရောက်လာနိုင်သည်။

မေမေကလည်း ဘယ်နည်းနှင့်မဆို နံနက်စောစော သေချာပေါက်ရောက်လာလိမ့်မည်။ ကျွန်တော့် စိတ်ထဲ၌ မနက်ဖြန် မျိုးနှင့်မေမေတွေ့သွားမှာကို ကြောက်နေမိသည်။

မေမေက မသိမသာလေး အကဲခတ်ရုံဆို ကိစ္စမရှိ။ တော်ကြာ တောင်မေး မြောက်မေးထွေ လုပ်နေလျှင် ပြဿနာတက်မှာ စိုးရသည်။

ပြဿနာ တက်မှာ ကြောက်သလို မျိုးမလာဖြစ်မှာကိုလည်း စိုးသည်။ ဒီကကောင်ကတော့ဖြင့် မျှော်ရတာ ရင်ကျိုးလုမတတ်။ မျှော်သာမျှော် ပေါ်မလာမှ အခက်။

မနက်ဖြန်ဆိုတာကို ရောက်မည်စိုးမိသလို မနက်ဖြန်ရောက်ရန်တိုလည်း တောင့်တမိနေပြန်သည်။

မျိုးနဲ့ မနက်ဖြန်ကို မျှော်ရင်း ကျွန်တော် မျက်စိတွေကြောင်နေတုန်းည ၁၁ နာရီထိုးရန် အချိန်က နီးတပ်လာသည်။

၁၁နာရီထိုးလျှင် ခေါင်းအုံးမအုံးဘဲ အိပ်ရသော ဒုက္ခက လွတ်ပြီ။ ခြေထောက်တွေကိုလည်း လှုပ်မကြည့်ရဲသေး။

'ကလင်ကလင် . . . တင်းတောင် . . . တင်းတောင်'

၁၁နာရီထိုးရန် ငါးမိနစ်ခန့်အလိုမှာ တံခါးခေါက်သံကြားရသည်။ သကောင့်သား နှစ်ကောင်က အိပ်နေတာကို သိုးလို့။

'ဟကောင်တွေ ထထ . . . သော်တာ'

'ဟော . . . ဟော'

'ဘာလဲကွ'

နှစ်ကောင်သား အိပ်ချင်မူးတူးသံတွေဖြင့် မျက်လုံးကို လက်ခုံဖြင့်ပွတ်ရင်းမေးသည်။ ငထက်ဆို ပါးစပ်ကို တစ်တောင်လောက်ဟပြီး သန်းလိုက်သေးသည်။

'ဒေါက် ဒေါက်'



www.burmeseclassic.com

www.burmeseclassic.com



'ကြားလား . . . တံခါးခေါက်သံ'

'ကြားပါတယ်တွ . . . အိပ်မက်ထဲလိုလို ဘာလိုလိုဖြစ်နေလို့ အဟီး'

'ငါရောပဲ ငါရောပဲ'

နှစ်ကောင်သားတဟီးဟီး ဖြင့်လုပ်သည်။ 'ငါ့ဆရာမလေးလား မသိဘူး' ဟု ခပ်တိုးတိုးရေရွတ်ရင်း ဝေထက်က ကသောကမြော်ဖြင့် ထပြေးသည်။ ဘယ်လိုကောင်မှန်းမသိ။ သော်တာက 'ဖိုးတရုတ် ငါ့ကိုကြည့်စမ်း အဆင်ပြေရဲ့လား' ဆံပင်ကို သပ်ရင်း ခပ်တိုးတိုးမေးသည်။

'ပြေပါတယ် မျောက်ဖင်နီ ဘီယာချထားတဲ့ ရုပ်နဲ့'

'မနာလိုတွေ ဖြစ်နေတာသူက သူက'

တကယ်ဝင်လာတာကလည်း ဆရာမလေး ဝင်လာသည်နှင့်အံကိုက် တုန်နေပြီဖြစ်သော ပုလင်းကြီးကို ဖြုတ်သည်။ လက်ဖျံမှ အပ်ကိုဖြုတ်ရင်း အရက်ပြန် ဂွမ်းစလေးနှင့်ဖိပြီး တိတ်နှင့် ကပ်ပေးထားသည်။

'ကဲ . . . ခေါင်းအုံးနဲ့ အိပ်လို့ရပြီနော်'

'ဟုတ်ကဲ့'

သော်တာက နှုတ်သွက်သွက်ဖြေရင်း ကျွန်တော့် ခေါင်းကို ဆရာမ မမြင်အောင် 'အံကြိတ်ပြလျက်' ဆတ်ခနဲမ,သည်။

'အောင်မလေးဗျ'

'ဘာဖြစ်တာလဲ'

အလန့်တကြားအော်သော ကျွန်တော့်ကို ဆရာမကမေးသည်။ ခပ်ကြမ်းကြမ်း ကိုင်တွယ်ခဲ့သော ဆရာသမားက ကျွန်တော်မဖြေခင်မှာပဲ 'ဘာမှမဖြစ်ပါဘူး' ဆရာမလို့ ရယ်ဖြဲဖြဲဖြင့် ဝင်ဖြေသည်။

'ခြေထောက်လှုပ်ကြည့်လို့ ရပြီနော်'

'ဟုတ်ကဲ့'

ကျွန်တော် သော်တာတို့ ထက်ဦးအောင်ဖြေရင်း ခြေထောက်နှစ်ဖက်စလုံးကို လှုပ်ကြည့်သည်။ အဆင်ပြေစွာ ကြိုက်သလို စိတ်နောက်ကိုယ်ပါ လှုပ်လို့ရသည်။

'အဆင်ပြေလား'

ဟိုနှစ်ကောင် ပါးစပ်က ဟမည်ကြံတုန်း ကျွန်တော် အမြန်ဝရှန်း



www.burmeseclassic.com

www.burmeseclassic.com



သုန်းကား ဝင်ဖြေပစ်လိုက်သည်။ နှစ်ကောင်သား ကျွန်တော့်ကို မကြည်ကြည် ကြည့်ကြသည်။

'လိုအပ်ရင်ခေါ်လိုက်ပါနော်၊ အဲဒီ နံပါတ်ကို နှိပ်လိုက်ရင် ကျွန်မတို့ သူနာပြုတွေဆီ ရောက်ပါတယ်'

'ဟုတ်ကဲ့ ဆရာမကို ဘယ်သူလို့ မေးရမလဲ ဟင်'

အရေးတည်း ငထက်က အကြံအဖန် ထုံကာ ဆရာမ နာမည်ကို သိရ အောင် ဖန်တီးသည်။ မြွေမြွေချင်းခြေမြင်သည်မို့ သော်တာက ငထက် ခြေထောက်ကို ဆရာမ မမြင်အောင် ဆတ်ခနဲ ကန်သည်။

'ဟို . . . ရပါတယ် အခန်းနံပါတ်ကို ပြောလိုက် ကျွန်မလာခဲ့မယ်'

ပြောရင်းဆရာမ ထွက်သွားသည်။

'ဆရာမရဲ့ ရင်ထိုးမှာ နာမည်ပါမယ်ကွ၊ ခက်တာက မသဲကွဲဘူး'

'တော်စမ်းပါ . . . ငထက်ရာ ဆရာမနာမည်က အဆန်းလေး တိုင်းရင်းသားနာမည် အင်္ဂလိပ်လို ရေးထားတော့ အထာမသိရင် မဖတ်တတ် ဘူး၊ ဒါပဲလေ မင်း ဝန်ခံလိုက်'

'အေး ဝန်ခံတယ်ကွာ . . . ၊ ကဲ . . . မင်းရောဖတ်တတ်လို့လား'

'ငါက'

'အေး . . . မင်းပြော'

'ငါဆိုတဲ့ကောင်ကို မင်းက'

'ပြောလေ မင်းအသံထွက်တက်ရင် ထွက်လိုက်စမ်းပါ'

'အဟဲ . . . ပြောပြဘူး'

'တော်ပြီ ငထက်ရော သော်တာရော အိပ်ကြ၊ တော်ကြာ အိမ်ရေးမဝ ထို့ မင်းတို့မျက်ဝန်းတွေ ချောင်ပြီး စံပယ်တို့ ထွေးမာတို့ လာတဲ့ အချိန်ကျရင် လေ့ဘဲနေမယ် အိပ်ကြတော့'

'အေး . . . ဟုတ်သားကွ'

'ဟုတ်တယ် မနက်ဖြန် အန်တီလာရင် ဆက်ချွန်ရမည့် တာဝန်ရှိ သေးတယ်။ အားရှိအောင် အိပ်ထားဦးမှ အပေး ပေးပေး'

ငထက်က ကျွန်တော် မခံချင်အောင်စရင်း လူနာစောင့် ခုတင်ပေါ် သွားအိပ်သည်။ သော်တာကတော့ လူနာစောင့်ထိုင်ရသော ဆက်တီပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တွေးသည်။

Air con က Window Type မို့ အလုပ်လုပ်သံ တဂျောင်းဂျောင်း ကြားနေရသည်။ မနက်ဖြန် မျိုးတို့လာမည်။ မနက်ဖြန်. . .'



www.burmeseclassic.com

www.burmeseclassic.com



'နင်လိုက်မှာလား . . . မလိုက်ဘူးလား ဒါပဲပြော'

'လိုက်မှာပေ့ါ'

'အေး . . . ဒါဆိုစောစောသွားရအောင်'

'အေး'

'ဖုန်းချလိုက်တော့မယ်နော်'

'ဟုတ်ပြီ . . . ဟုတ်ပြီ'

စံပယ်ဖုန်းချသွားချိန်မှာ သူမစိတ်၌ လေးလံကာ ကျန်ရစ်သည်။ သူ ဆေးရုံတက်နေသည်တဲ့။ အခြေအနေသည်ဏ်မှု ဆိုးရွားနေသည်တဲ့လား။

ခိုးခိုးကြည့်နေတတ်သော သူ့ဟန်ကို ဖျပ်ခနဲ တွေးမိချိန် ရင်၌ တုလား ဘုရားပွဲတစ်ခု လှည့်သွားသည်။

မနက်ဖြန် ဆေးရုံသွားရင် စိတ်ကူးယဉ်ဆန်ဆန် ပန်းစည်းလေးပဲ ဝယ်သွားရမလား၊ ဒါမှမဟုတ် ကိတ်တစ်မျိုးမျိုး မကောင်းသေး။

ပန်းသီးဆိုရင်တော့ Romance ဆန်ဆန်ကောင်းသည်။ သူ ပန်းသီးပဲ ဝယ်သွားရန်ဆုံးဖြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဝတ်သွားရန်မှအစ စဉ်းစားရင်း (သူကျန်းမာစေကြောင်းကို လည်း မေတ္တာပို့ပေးဖြစ်သည်။)

ဆေးရုံဘယ်အထပ်က ဘယ်အခန်းမှာ တက်သည်ဆိုတာကစလို့ ထွေးမာတို့က အကုန်သိသည်။ လက်ထဲမှ ပန်းသီးထုပ်ကို ဆွဲရင်း ရင်ခုန်သံတို့က မမှန်တော့၊ ခါတ်လှေကားကို နှေးလွန်းသည်ဟု သူမမြင်သည်။

သူ အခန်းရှေ့ခြေစုံ ရပ်လိုက်ချိန် 'သူသက်သာပါစေ' ဟု ဘယ်နှကြိမ် မြောက်မှန်းမသိ ဆုတောင်းပေးနေမိသည်။

စံပယ် လူခေါ်ဘဲလ်ကို နှိပ်နေချိန်မှာ သူမရင်တွေခုန်နေပုံများ။ ထက် မောင်က တံခါးလာဖွင့်ပေးသည်။

'ဟာ . . . လာလာ'

ထက်မောင်က ရှေ့ကသွားသည်။ ပြီး စံပယ်နှင့် ထွေးမာ သူမက နောက်ဆုံး။

ခုတင်ပေါ်မှာ သူ့ကိုကြည့်ရင်း သူမရင် နင့်ခနဲဖြစ်သွားရသည်။ အို သူ့ မျက်ဝန်းတို့ပင် ချောင် . . . လို့'

'သမီးတို့ ထိုင်ကြ'

သူ့ကို အာရုံစိုက်နေသည်နှင့် အခန်းထဲမှာ ထက်မောင်နှင့် သော် တာတို့အပြင် အခြားလူ ရှိသေးတယ်ဆိုတာ သူမ သတိမထားမိ။

'အဟမ်း ငါနင်တို့ကို မိတ်ဆက်ပေးမယ် ဒါက ဖိုးတရုတ်ခေါ် တိုဖြုဖွေး ရဲ့အမေ ဒေါ်နိုင်နိုင်မေတဲ့၊ အန်တီ သူလေ သူက မျိုးဟေမာန်တဲ့ ဒီတစ်ယောက်က ထွေးမာ၊ ဒီတစ်ယောက်က စံပယ်'

'အေးကွယ်တွေ့ရတာ . . . ဝမ်းသာပါတယ်'

သူ့မေမေက ငြိမ်းချမ်းစွာ ပြုံးရင်းဆိုသည်။ သူမအထင် သူ့မေမေက သူမကို သတိအားအကဲခတ်နေသည်ဟု ထင်သည်။

'သမီးလေး မျိုးဟေမာန်က ချစ်စရာလေးပဲ'

လှပ်ခနဲ သူမရင်ထဲ အေးသွားသည်။ 'သမီးလေးတဲ့' 'ချစ်စရာလေး' ဆိုပါလား။

သူမရှက်ရှက်ဖြင့် သူ့ကိုကြည့်တော့ သူက ရှက်ရယ်ရယ်ပြသည်မို့ သူမခေါင်းကို မသာ ငုံ့ထားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ . . . ကဲ မောင်ထက်နဲ့ မောင်သော်တာက ဒီကသမီးလေးတွေ ခေါ်ခဲ့ အန်တီတို့ တစ်ခုခုသွားသောက်ရအောင် အန်တီလည်းလေ အခုထိ ဘာမှမစားရသေးဘူး'

'ကောင်းတာပေါ့ . . . အန်တီ'

မောင်ထက်က 'ကောင်းတာပေါ့ အန်တီ'ဟု ပြောရင်း ခပ်သွက်သွက် ထရပ်သည်။

'ဩော် . . . ဒါနဲ့ သမီးလေးမျိုးက လူနာကို ခဏစောင့်ပေးလို့ရမလား အန်တီတို့သမီးအတွက် အအေးဘူးယူလာပေးမယ်'

'ရ ရပါတယ်အန်တီ'

'ဩော် သမီး ဆေးပါတိုက်ပေးပါဦးကွယ်၊ ဒီတလေးက ဆေးတိုက်ရ ခက်လွန်းလို့ ကဲ . . . သွားဦးမယ်နော် သမီး'

'ဟုတ်ကဲ့ . . . အန်တီ'

'သမီး' မိုးရွာကာ သူမမေမေ ဒေါ်နိုင်နိုင်မေ ထွက်သွားသည်အထိ သူမ ခေါင်းကိုမမော့ နိုင်သေး။ ရှက်တာရော ဒေါသနည်းနည်းထွက်တာရော သူ ဘာတွေ မဟုတ်မဟတ်တွေ ပြောထားသည်မသိ။

'မျိုး'

'မျိုး' တဲ့။ တစ်လုံးတည်းအဖျားဆွတ်ကာ အခေါ်ခံနေကျဖြစ်သော် လည်း၊ ဒီတစ်ခါတော့ တခြားနဲ့မတူ ရင်ခုန်လွန်း၍ အသက်ရှူပင် ကြပ်ချင်ချင် ဖြစ်လာသည်။

'မျိုး'

'ဘာလဲ'

ခပ်ကြမ်းကြမ်း သူမပြန်ထူးသည်။ ပထမ တစ်ခေါက်ခေါ်တုန်းက ခေါင်းကြီးငုံ့လို့ စိတ်တိုမှန်း မသိ၊ ဘာမသိမို့ ဒုတိယအကြိမ် ခေါ်ပြန်တော့ သူမက ဆောင့်ဆောင့် အောင့်အောင့် ထူးသည်၊ ကျွန်တော့်ရင်မှာ 'အောင့်' ခနဲ။

သူမမျက်နှာကို မရဲတရဲ ကျွန်တော်သေသေချာချာ ကြည့်တော့မှ ရှက်နေမှန်း ရိပ်မိတော့သည်။ တော်တော် 'အ' သော ကျွန်တော်။

'ဆေး . . . ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာရတယ်နေပါစေ အားနာစရာကြီး မေမေက စတာပါ'

'ဘာစတာလဲ လူကြီးကို ပြန်လာလို့ကတော့ တိုင်မှာ'

သူမက ဆေးကို ရှာရင်းထိုသို့ဆိုသည်။ သူမလေသံကလည်း ချစ်စရာ မေမေ့တို အကြိမ်ကြိမ်ဦးချရင်း ကျေးဇူးတွေတင်နေမိသည်။

မေမေဘယ်တုန်းကများ ဒီလိုပညာတွေ တတ်သွားသည်မသိ။ သူမ တ 'နံနက်' ဟုရေးထားသော ဆေးထုပ်ကို တွေ့သွားသည်။

ရေသန့်ဘူးထဲက ရေကို ဖန်ခွက်ထဲ ငှဲ့ထည့်နေသော သူမကိုကြည့်ရင်း ကျွန်တော့်ရင်တွေအတိုင်းအဆမရှိ ခုန်လာသည်။ 'ဆေးပေး မီးယူ'၊ သူမက ဆေးကို ကျွန်တော်လက်ဝါးထဲ ထည့်ပေးသည်။ ပြီးရေခွက်ကို ဘေးမှာချပေး သည်။

'အားနာလိုက်တာမျိုးရယ် . . . မေမေကတော့လေ အားနာစရာ တွေဖြစ်ကုန်ပြီ'

ကျွန်တော့်ကို ဟန်ဆောင်ပန်ဆောင် မေမေ့အား စိတ်တိုပြသည်ကို သူမက မျက်စောင်းထိုးသည်။ ဒိုင်းခနဲ ကျွန်တော့်ရင်ဘတ်ကြီးခါထွက်သွား သလား အောက်မေ့ရအောင်ကို ရင်ခုန်သွားရသည်။ လှလိုက်တဲ့ ရှက်ချစ်မျက် စောင်း။

'ကိုင်မယ် . . . အန်တီ ပြန်လာတာနဲ့ တန်းတိုင်မယ်'

သူမ၏ ကလေးဆန်သော အပြောကြောင့် အတွေးတစ်ခုကို တွေးရင်း ကျွန်တော်ပြုံးဖြစ်သည်။ ကျွန်တော်ဆေးသောက်ရင်း ပြုံးတာကို သူမက မြင် သည်။

'ဘာပြုံးတာလဲ'

'ဩော် . . . မေမေနဲ့ မျိုးနဲ့ သားအမိ နှစ်ယောက် လိုက်ဖက်ပုံကို တွေးမိလို့ပါ'

'စကားပြောတာ ကြည့်ပြောနော် အနှောင့်မလွတ် အသွားမလွတ်နဲ့'

'ဟော ဗျာ'

ကျွန်တော် 'ဟောဗျာ' ဟု ပြောင်စပ်စပ်ရွှတ်တော့ မျိုးက ဒုတိယနိုင် မျက်စောင်းထိုးပြန်သည်။ သူမမျက်စောင်းထိုးတာကို သိပ်မမြင်ဖူးသော ကျွန်တော်ထိုမျက်စောင်းလေးကို ချစ်မိသွားသည်။ 'လူကိုတော့ ပြောနေစရာ



www.burmeseclassic.com

www.burmeseclassic.com



ပင်မလိုတော့'။ မျိုးက ကျွန်တော့်လက်ထဲမှ ဖန်ခွက်ကို ယူသည်။ ကျွန်တော့်ရင် ခုန်မှုကို ကျွန်တော် မထိန်းသိမ်းတတ်တော့။

'မျိုး'

'. . . .'

သူမ ခေါင်းကြီးငုံ့ကာ ဖန်ခွက်ကို နေရာတကျထားနေသည်။ ကျွန်တော် ခုတင်ပေါ်မှ ဆင်းကာ သူမကို ပြေးခါပစ်ချင်နေမိသည်။ ချစ်စရာ ကောင်းနေလိုက်ပုံများ။ မျိုး က ကျွန်တော်ခုတင်ဘေးမှာထိုင်ရင်း ခုတင်ပေါ်ကို ငုံ့ကြည့်နေတုန်း။ ကျွန်တော်ဘယ်လိုပြောရမှန်း ပင်မသိတော့။

'မေမေတို့ကလည်း ကြာလိုက်တာကွာ'

နောက်ဆုံးတော့ မေမေ ကိုပဲမျှော်ချင်ယောင်ဆောင်ရတော့သည်။ သူမက ခေါင်းကိုငုံ့နေတုန်း။ တကယ်တမ်းကျတော့ မေမေတို့ကြာလေကောင်းလေ။

'မျိုး'

'ပြော'

'လူနာစောင့်ကို ရည်းစားစကားမပြောရဘူးလို့ . . ပညတ်ချက်မရှိလောက်ပါဘူးနော်'

'ရှိချင်ရှိမှာပေါ့'

ကျွန်တော့် မဆီမဆိုင်စကားကို မျိုးက ဝေ့လည်ကြောင်ပတ်ဖြေသည်။ မျိုးမျက်နှာက ရှက်ပြုံးက နေရာယူထားသည်။

'မျိုး'

'မျိုး စိတ်ဆိုးနေတာလား'

'ဆိုးတာပေါ့ . . . အန်တီ့ကိုလည်း ဘာတွေပြောထားမှန်း မသိဘူး ခုလည်း လူနာစောင့်ကို ရည်းစားစကားပြောသေးတယ်'

'မေမေကတော့ သမီးသမီးနဲ့ ဖြစ်နေပြီ ဒီတော့ မေမေ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားမှရတော့မယ် အဟဲ'

'မုန်းစရာကြီး ပြောင်ချော်ချော်နဲ့'

'ချစ်စရာလေးပါ'

သူမက ဘာမှမပြောတော့ ရှက်ရှက်ဖြင့် မျက်စောင်းထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှတ်ထားသလောက် ဒါတကိုယအကြိမ်။ မကြာခင် မေမေတို့ ပြန်လာတော့မည်။ ကျွန်တော် ညစ်မှုဖြစ်တော့မည်။ မညစ်လို့မရတော့။ သူမက အာရှောင်အတိမ်း ကျွမ်းသည်။

'မျိုး မရှိမသေ ဟိုရှုဆေး ဘူးလေးခဏလောက် ယူပေးပါလား'

ကျွန်တော် ညွှန်ပြသော စားပွဲပေါ်မှ ရှုဆေးဘူးကို သူမက ယူပေးသည်။

'ရော့'

ကျွန်တော့်ကို အဖုံးရှေ့ဖွင့်ကာ ထိုရှုဆေးဘူး ကမ်းပေးသည်။ မည်မျှအလိုက်သိကာ ချစ်စရာကောင်းသော ချစ်သူပါလိမ့်။ ကျွန်တော် ရှုဆေးဘူး ကမ်းပေးသော သူ၏ လက်ကို အုပ်ကာကိုင်သည်။ သူမ တအံ့တသြဖြင့် ဖျပ်ခနဲ ကျွန်တော့်ကို ကြည့်သည်။

'မျိုး .... အရမ်းချစ်တယ်ကွာ'

'မညစ်နဲ့နော် ... လွှတ်'

'တအားမရုန်းနဲ့နော် ဒီကကောင် ဒဏ်ရာက အရမ်းလှုပ်လို့မရဘူး၊ နာတယ်'

'နာပေါ့ ... လွှတ်'

'ချစ်တယ်ပြောရင် ... လွှတ်မယ်'

'မပြောနိုင်ပေါင် ဒါမျိုးတော့ လာမလုပ်နဲ့'

'ဒါဆို ကိုယ်ချစ်တဲ့ သူ့ရဲ့ လက်ကလေးကို ကိုင်ပြီး ဟောဒီလို ..'

သူမ၏လက်ကလေးကို ကျွန်တော်ငုံ့ကာနမ်းတော့ သူမက 'ဆတ်' ခနဲရုန်းသည်။ ရမတဲ့လား ... သူမ၏ အားလေးလောက်နဲ့ ဒီကကောင်က ပုလင်းကြီး ချိတ်ထားတဲ့ ကောင်လေ။

'လွှတ်နော် ... အန်တီတို့ပြန်လာတော့မယ်'

'ချစ်တယ် ... ပြောမှလွှတ်မယ်'

'မညစ်နဲ့နော်'

'ချစ်တာကိုး'

သူမမျက်နှာ ရှက်ဝဲဝဲကို မြင်လေ ကျွန်တော်ပိုစချင်လေလေ၊ ကြည့်စမ်း .. သူမမျက်နှာလေးက ရှက်လိုက်ရင် ပန်းရောင်သွေးနဲ့ ပါလောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ ကောင်းမှန်း မမြင်ဖူးခဲ့။

'လွှတ်ဆို'

'ချစ်တယ် . . . ပြောရင်လွှတ်မယ်'

'ဒါမျိုးအကြွပ်ကိုင်တာ မုန်းတယ်'

'အဲ . . . ကြွပ်ကြွပ်လေးမကိုင်ရင်လည်း ရုန်းထွက်သွားမှာ ကြောက်ရသေးတယ်လေ . . . အဟဲ'

'လွှတ် . . . စိတ်တိုလာပြီနော်'

သူမဒေါသဖြင့် ခပ်ကြမ်းကြမ်းရုန်းသည်။ ကျွန်တော့်ရင်မှာ အောင့်ခနဲ ။ ကြည့်စမ်း။ 'ရုပ်ရှင်တွေထဲကလို လုပ်ကြည့်တာ မရ။ ဟုတ်တော့မလိုလိုနှင့် ကျွန်တော် ဆက်မကိုင်ထားတော့ လွှတ်ပေးလိုက်သည်။ ရင်မှာ မကောင်း။ ကျွန်တော်ဆိုတဲ့ကောင်က ချစ်ကံခေစေဖို့များ ဇာတာမှာကို ပါလေသလား မသိ။

သူမ မျက်နှာညိုးငယ်သွားသော ကျွန်တော့်ကိုကြည့်ကာ အားနာသွားဟန်တူသည်။ သို့သော် ဘာကိုမှတော့မပြော။ ကျွန်တော်တော့ မျက်တော်ရော ကိုယ့်ကိုယ်ကိုယ် အလိုမကျတာရော ပေါင်းကာ သူမကိုအားနာဖြင့် ကြည့်တော့လားလား။ သူမမျက်နှာက မချိုမချဉ်ကြီး၊ လူကိုလှောင်သလိုမျိုးကြီး။

'ဘာလဲ . . . လှောင်တာလား'

'မျက်နှာကြီးကလည်း'

'ချစ်ကံခေတာကိုးဗျ၊ ဒီလိုပဲ ဖြစ်မှာပေါ့'

ကျွန်တော်ဆိုသော ကောင်က မျှော်လင့်လို့ကောင်းတုန်း မရဲတရဲ၊ သူမလည်း စပ်ဖြီးဖြီး လုပ်နေတုန်း။

'သွားပါပြီ . . . ဒီတစ်သက်တော့ လူပျိုကြီးလုံးလုံးဖြစ်ပြီ'

'ကောင်းတာပေါ့'

သူမကတင်းခနဲ မျက်နှာကို တည်လိုက်ရင်းဆိုသည်၊ ရက်စက်ပါဘေ့ လူပျိုကြီး လုံးလုံးဖြစ်တာကိုပဲ ကောင်းသေးသတဲ့၊ မစာမနာ ။ကျွန်တော် ဘယ်ကလာ မျက်နှာထားပြုံးရွှင်အောင်နေနိုင်ပါမည်တဲ့လဲ။ နံရံကို တော့ခိုတော် ထိုင်နေရင်းက ကျွန်တော် ခေါင်းငုံ့ထားဖြစ်သည်။ ကျွန်တော်၏ ချစ်ခြင်းသည် တိုယ်ဘက်မပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ဇက်တွေဘာတွေ ကျိုးဦးမယ်'

ကြည့် . . . လူကို စိတ်ဆင်းရဲအောင် သူမှိုပြောတတ်သည်။ ရှုံးနေခါမှ မှုံး 'ကြောက်ကန်'တော့ ကန်ရဦးမည်။ တော်တော်ကို 'ရိ'တဲ့ကလေးမ။

'ပြောပေါ့ဗျာ . . . ခင်ဗျားကြီးတို့က ပြောနိုင်တဲ့ လူ၊ ရိပေါ့'

ကလေးဆိုးတစ်ယောက်လိုပြောသော ကျွန်တော့်ကို သူမက ကြည့်ရင်း မချိုမချဉ်ပြုံးသည်။

'ကလင် ကလင် . . . တင်းတောင် တင်းတောင်'

'ဟော . . . အန်တီတို့ လာပြီ မျက်နှာကြီးကမဲ့ မနေနဲ့လေ တော်ကြာ အန်တီက သူ့သားကို အနိုင်ကျင့်ထားတယ် ထင်နေဦးမယ်'

'မဟုတ်လို့လား'

'ဟောတော်'

ခေါင်းကြီးငုံ့ရင်း ကလေးကြီးတစ်ယောက်လို စကားနာထိုးတော့ သူမက ဟက်ခနဲ ရယ်မောရင်း ရွတ်သည်။ ပြီး တံခါးဖွင့်ရန် ထ,ရပ်သည်။ ကျွန်တော့်ရင်မှာ ငိုချင်နေတာမှ တအား။

'ဟော့ . . . လူ ဒီမှာ . . . ကြည့်'

သူမကြည့်ဆို၍ သူမမျက်နှာကို ကြည့်ဖြစ်သည်။ လူကိုများ 'ဟော့ လူတဲ့' စော်စော်ကားကား။ သူမရွှန်းရွှန်းစားစားကျွန်တော့်ကို ကြည့်သည်။

'ချစ်တယ်'

အဲ . . . ရှက်မျက်နှာဝဲဝဲ နဲ့ တံခါးကိုပြေးဖွင့်တဲ့ ကောင်မလေး။ မသွားခင် ခပ်တိုးတိုးလေးပြောသွားတာ 'ချစ်တယ်' တဲ့။ ဟုတ်တယ် မဟုတ်လား။ အားပါးပါး ရတ်တရက်ကြီး။

ခင်ဗျားတို့လည်း ကြားလိုက်တယ်မဟုတ်လား။ လုပ်ကြပါဦးဗျာ၊ ဒီ ကောင်မလေးက ခုတစ်မျိုးတော်ကြာတစ်မျိုး။ ကျွန်တော့်ဘက်ကို သက်သေ လိုက်ပေးကြဦး။

ကျွန်တော့်အသည်းက နုနုထွတ်ထွတ်လေးဗျ။ တော်ကြာ . . . အပျော်ကြဲသွားမှ ဒုက္ခ။

ကျွန်တော့်ရင်တွေ ပြောင်းဆန်အောင် ခုန်နေလိုက်တာဗျာလွန်ရော။

* * *



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ရန်ကုန်၏ အတွဲလေးတွေထဲမှာ အတွဲတစ်တွဲ မသိမသာ တိုးလာခဲ့လေသည်။ ထိုအတွဲက ရုပ်ရှင်တွေထဲက အတွဲများလို လက်တွဲပြီး ပန်းခြံ တောင်ထိတ် မြောက်ထိပ် လျှောက်ထွက်လုမတက်' ပြေးနေလွှားနေတာမျိုး မလုပ်ကြ။

အင်မတန် အပျင်းကြီးသော ထိုအတွဲပါပေ။ နေ့လယ်လောက် ကတည်းက အင်းယားကန်ပေါင်ရှိ ထိုင်ခုံလေးမှာထိုင်နေသည်မှာ နေရာတတို့ မရွေ့သေး။

'မျိုး'

'ဟင်'

'မညောင်းဘူးလား'

'ညောင်းတော့ နှိပ်ပေးမှာမို့လား'

'ကန်ပေါင်ဟိုဘက်ထိပ်. သည်ဘက်ထိပ် လက်တွဲပြီး ပြေးကြမလား လေ။ ရုပ်ရှင်တွေထဲကလို အညောင်းပြေမပြေတော့ မသိဘူး လျှာတော့ တစ်တောင် ပိုပိုလောက် ထွက်လာနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဝါသနာမပါဘူး'

'ဒါဆို 'မျိုး' က ဒီလိုမျိုး ဆိုရင်ကော'

ကောင်လေးက ကောင်မလေးကို ခိုးနမ်းသည်။

'တော်တော်ကဲတယ်၊ ကဲဟာ . . . ကဲချင်ဦး'

'အား . . . အောင်မလေးဗျ'

သိုင်းဝတ္ထုတွေထဲက စကားကို ငှားသုံးရသော် ကောင်မလေးက မည်သို့ ပြုလုပ်လိုက်သည်မသိ။ ကောင်လေးခမျာ မရှုမလှကြီး ကောင်မလေး၏ ရင်ခွင်ထဲလဲ ပြိုကျသည်။ ဒါပေမဲ့ ကောင်လေးရဲ့ မျက်နှာက ပြုံးချိုလို့။

ပြီး ။ ဧ ။ ဝါ ဦး ။ ဖ ည်။

ပြည့်ပိုင်မှူးအိမ်



www.burmeseclassic.com

www.burmeseclassic.com

## တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | အလှမွေးငါးများ စီးပွားဖြစ်မွေးမြူနည်း | မောင်လှိုင်းသစ် |
| ၂။ | လေရှူးသုန်သုန် | နန္ဒ |
| ၃။ | ကမ္ဘာသစ်ရဲ့ ဖန်ဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၄။ | ဂဏန်းများနှင့် ကခုန်ခြင်း | အောင်ဇော် |
| ၅။ | ကိုင်ရို၏ ကိုယ်တွေ့ဝိညာဉ်ဇာတ်လမ်းများ | မောင်လှိုင်းသစ် |
| ၆။ | ရှမ်ဗဲလားရှာပုံတော် | လှမိုး(ပညာရေး) |
| ၇။ | ကဝေပျို၏ နိဒါန်း | အကြည်တော် |
| ၈။ | ဘီလူး | အကြည်တော် |
| ၉။ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် | အကြည်တော် |
| ၁၀။ | ရွှေမိုးသည်း | အကြည်တော် |
| ၁၁။ | နတ်နေကိုင်း | အကြည်တော် |
| ၁၂။ | မိုးတိမ်ပုံပြင် | အကြည်တော် |
| ၁၃။ | ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ | အကြည်တော် |
| ၁၄။ | အသည်းကွဲနှစ်ဆယ့်လေးနာရီ | အကြည်တော် |
| ၁၅။ | ယောက္ခမနှင့် တစ်ထောင့်တစ်ည | အကြည်တော် |
| ၁၆။ | အိပ်မက်အပိုဒ်ခွဲ –၉ | အကြည်တော် |
| ၁၇။ | ရိတုန်းအော့ဖ်ဘီလူး | အကြည်တော် |
| ၁၈။ | နေတစ်ခြမ်းလတစ်ခြမ်း | အကြည်တော် |
| ၁၉။ | မှော်ဆရာမှတ်တမ်း | ကိုကိုလေး |
| ၂၀။ | အပြစ်ကင်းတဲ့ ချစ်ခြင်းမေတ္တာ | ကိုဆန်း + အေမင်းဆက် |
| ၂၁။ | အင်္ဂလိပ်လိုပြောမလို့လား–၂ | ချစ်ဖူး |
| ၂၂။ | ပထမံဆရာအောင် | ဒဂုန်ခင်ခင်လေး |
| ၂၃။ | တိမ်နဲ့ရေးတဲ့အရုပ် | မိုးဆက်လင်းထက် |
| ၂၄။ | ရှိအဆုနှိပ်နယ်နည်းများ | မောင်လှိုင်းသစ် |
| ၂၅။ | ခေတ်မီစီးပွားဖြစ်ဓာတ်ပုံအတတ်ပညာ | တက္ကသိုလ်စိုးဝင်း |
| ၂၆။ | အိုင်အိုဒင်းကိုကိုကြီးနှင့် | အကြည်တော် |
| ၂၇။ | ဒေါက်ခဲ | ကုသ |
| ၂၈။ | မောင်လူအေး | သိပ္ပံမောင်ဝ |
| ၂၉။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၃၀။ | အိပ်မက်ပန်းအလှမ်းနှင်းဆီ | ညိုနှင်းအိမ် |
| ၃၁။ | ရသစာတမ်းများ | ပေါ်ဦးသစ် |
| ၃၂။ | ပိုးကောင်များ | အကြည်တော် |
| ၃၃။ | ကုလားအုတ်တွေနေတဲ့တဲ | သာရွှေဩ |
| ၃၄။ | ဆပ်ကလေးဘကျော်နှင့် ဂန္ထဝင်ဘဘ | မြတ်ထွန်းသစ် |
| ၃၅။ | နှစ်ဂဏန်းရဲ့ပဥ္စလက် | ညိုနှင်းအိမ် |
| ၃၆။ | မောင်လိမ္မာကြာတိုင်းကောင်း | ဥတ္တာမင်းဆက် |
| ၃၇။ | ကြယ်တစ်ဆောင်းနဲ့ကတဲ့လ | မိုးဆက်လင်းထက် |
| ၃၈။ | ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း | အကြည်တော် |
| ၃၉။ | ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး | ဒဂုန်ခင်ခင်လေး |
| ၄၀။ | အချစ်ရဲ့နက္ခတ် | ပြည့်ပိုင်မှူးအိမ် |
| ၄၁။ | ဇ | အကြည်တော် |
| ၄၂။ | လွန် | မိုးဆက်လင်းထက် |
| ၄၃။ | စီးပွားရေးဓာတ်ပုံပညာနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံပညာ | တက္ကသိုလ်စိုးဝင်း |
| ၄၄။ | သတ္တမမြောက် နတ်သမီး | ပြည့်ပိုင်မှူးအိမ် |
| ၄၅။ | ဗီးနပ်စ်ရဲ့တတိယတောင်ပံ | မိုးဆက်လင်းထက် |
| ၄၆။ | အောင်မြေ | အကြည်တော် |
| ၄၇။ | မြောစည်တီး၍လှုလိုက်သည် | ထူးဆွေအောင် |
| ၄၈။ | ပန်းနုရောင်ပြက္ခဒိန်ထဲက ကကြိုးလတဲ့ သတိုးသမီး | ပြည့်ပိုင်မှူးအိမ် |

www.burmeseclassic.com